# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၂ရက်၊ သောကြာနေ့။ 5, Friday August 2016 (၈၆၄၄)

**စိတ်ကိုကြည်လင်စေနိုင်**

မြတ်စွာဘုရား၏ တရားစကားကို နာကြားရသူပညာရှိတို့သည် စိတ်ကြည်လင်အေးချမ်းခြင်းကို ရကြကုန်၏။ မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်လောက် စိတ်ကိုကြည်လင် စေနိုင်သောအရာသည် မရှိ။ မိမိတို့၏ စိတ်နှလုံး အစဉ် အေးမြကြည်လင်နေစေရန် မြတ်စွာဘုရား၏ အစ၊ အလယ်၊ အဆုံး သုံးပါးသော ကောင်းခြင်းနှင့်ပြည့်စုံသော တရားတော် ကို နာကြားရာ၏။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၂)

# ဆော့ကစားသောကလေးများသည် စူးစမ်းလိုစိတ်ရှိသဖြင့် သင်ယူလိုသောစိတ်ဖြစ်အောင် ဆရာ ဆရာမများက ပြုပြင် ဆရာ ဆရာမများအနေဖြင့် ပီတိစား၍ ဆောင်ရွက်ရမည်မှာ လက်တွေ့မကျသဖြင့် လူမှုဘဝပြည့်စုံရေး စဉ်းစားရမည်

နေပြည်တော် ဩဂုတ် ၄

**အနာဂတ်ကာလကောင်းမွန်ရေးသည် ပညာရေးအပေါ် မူတည်နေပြီး ပညာရေး ကောင်းမွန်ရေးသည် ဆရာ ဆရာမများအပေါ် မူတည်နေကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို မှတ်ဉာဏ်ကောင်းအောင် သာမက တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ်သည့် ဉာဏ်ပညာရရှိအောင် သင်ကြားပေးပြီး သင်ယူသူများက နိုင်ငံကောင်းအောင်၊ ကမ္ဘာကြီး ကောင်းအောင် ဆောင်ရွက်နိုင်မှုကသာ ဆရာ ဆရာမများ၏ အောင်မြင်မှုကို တိုင်းတာသောစံများဖြစ်ကြောင်း ပြောကြားသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အားကစားကျေးရွာ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသော ပညာရေးဝန်ကြီးဌာန ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (ဆရာအတတ်ပညာကဏ္ဍ) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာန သင်ကြားရေးလုပ်ငန်းတွင် အမျိုးသားဆရာ အင်အားနည်းပါးနေပြီး အမျိုးသမီးဆရာမ အင်အားများနေခြင်းကို စဉ်းစားကြရမည်ဖြစ်ကြောင်း၊ ဆရာဗဟိုပြုသင်ကြားနည်း၊ ကျောင်းသား ကျောင်းသူ ဗဟိုပြုသင်ကြားနည်း၊ ဗဟုသုတ ဗဟိုပြုသင်ကြားနည်းဟူ၍ သင်ကြားနည်း သုံးမျိုးရှိကြောင်း၊ ဗဟုသုတဗဟိုပြုသင်ကြားနည်းထက် သင်ယူခြင်းကိုဗဟိုပြုသင်ကြားနည်းက ပိုမိုအရေးပါကျယ်ပြန့်မည်ဖြစ်ကြောင်း၊ သင်ယူခြင်းကို တစ်သက်တာလုံး ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကလေးများသည် အမေးအမြန်းထူတတ်ရာ စိတ်ရှည်လက်ရှည် ဖြေကြားပေးရမည်ဖြစ်ကြောင်း၊ ရှေးဟိန္ဒူဒဿနိကအရ ဆရာဝန်၊ မင်း၏ အတိုင်ပင်ခံနှင့် ဆရာများသည် လုံးဝမုသားမပြောရသော ပုဂ္ဂိုလ်များဟု သတ်မှတ်ထားပါကြောင်း၊ တပည့်များကို သင်ကြားပေးသော ဆရာ ဆရာမတို့သည် ဘယ်သောအခါမှ မုသားမပြောဆိုကြရဘဲ ဖြောင့်ဖြောင့်မတ်မတ် ပြောဆိုဆက်ဆံရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများသည် တပည့်များကို ရင်သွေးပမာ စေတနာထားကာ ခွဲခြားဆက်ဆံခြင်းမပြုဘဲ စာမတော်သူ၊ စာညံ့သူများကို အထူးဂရုစိုက်သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ တိုးတက်မှုအတွက် ဆောင်ရွက်ရာတွင်လည်း ဝင်ငွေနည်းသော ပြည်သူများ၏အခြေအနေကို အလေးထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျောင်းသားများ၏ ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု(Intelligence Quotient-IQ) သာမက နှလုံးသားဆိုင်ရာဖွံ့ဖြိုးမှု(Emotional Quotient-EQ)များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် သိမှုဆိုင်ရာဖွံ့ဖြိုးမှု (Spiritual Quotient-SQ)ကိုလည်း မြှင့်တင်ရန် လို၊ မလိုကို ဆရာ ဆရာမများအနေဖြင့် စဉ်းစားကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများကိုယ်တိုင်က

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(ဆရာအတတ်ပညာကဏ္ဍ)တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



## ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

သတင်း စာမျက်နှာ - ၈

## ကျောင်းပြင်ပ အလယ်တန်း ပညာရေး သင်ကြားပေးမည်

**စစ်တွေ ဩဂုတ် ၄**

ရခိုင်ပြည်နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် အလယ်တန်းပညာဆက်လက်သင်ယူနိုင်ခြင်းမရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်သည့် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်ကို ယခုနှစ်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်ကို ရခိုင်ပြည်နယ်တွင် ယခုနှစ်မှစတင်ခြင်းဖြစ်သည့်အတွက် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ■**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# အမျိုးသားရေးတာဝန်ဖြင့် တားဆီးနှိမ်နင်း

မြန်မာနိုင်ငံအနှံ့အပြားတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ၊ အုပ်စုလိုက်မူးယစ်ဆေးဝါးသုံးစွဲသည့်နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာများပါမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးအဆိုကို ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတွင် တဖြည်းဖြည်းကျယ်ပြန့်ခေါင်းထောင်လာသောအခြေအနေဖြစ်လာသည်ကို လက်တွေ့မြင်တွေ့နေရပေပြီ။ သယ်ဆောင် ရောင်းဝယ် ဖြန့်ချိသူ၊ လက်ဝယ်ထားသုံးစွဲသူများမှာ ပြည်သူလူထုကြားတွင် ပေါ်ပေါ်ထင်ထင် ရဲရဲတင်းတင်းဖြစ်ပေါ်လာရာ ပြည်သူလူထုအတွက်သာမက နိုင်ငံတော်အတွက်ပါ အထူးအရေးကြီးသောအဆင့်သို့ ရောက်ရှိနေသည်မှာ မှန်ကန်ပါသည်။ ထို့ကြောင့် ပြည်သူ့ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးများတွင် မူးယစ်ဆေးဝါးပြဿနာကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြပြီး တင်ပြချက်များကို အရေးတယူဆောင်ရွက်နိုင်ရန် အဆိုများကို အတည်ပြုပေးခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ အမြစ်ပြတ်ရှင်းလင်းရန် ခက်ခဲသောပြဿနာအဖြစ် အစဉ်အဆက်ဖြစ်တည်ခဲ့သည်။ ဝန်ကျဉ်းခြင်း၊ ငွေကြေးရရှိမှု များပြားလွယ်ကူခြင်း၊ အသုံးပြုမိလျှင် အလွယ်တကူစွဲလမ်းစေခြင်း၊ ဒုစရိုက်မှုများတွင် အသုံးချနိုင်ခြင်း စသည့်အချက်များကြောင့် ဒုစရိုက်သမားများနှင့် မကောင်းမှုအဖွဲ့အစည်းများက အဆိုပါအချက်များကို အသုံးပြုကာ မူးယစ်ဆေးဝါးသားကောင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်လှုပ်ရှားနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

ယခင်အစောပိုင်းကာလများက မူးယစ်ဆေးဝါးများကို နယ်စပ်ဒေသများတွင် အခြေပြုပြီး နိုင်ငံအတွင်းပိုင်းသို့ တရားမဝင်လမ်းကြောင်းမှ ခက်ခက်ခဲခဲသယ်ယူခဲ့ကြသည်။ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များကလည်း နယ်စပ်ဒေသနှင့် နိုင်ငံအတွင်းပိုင်း မရောက်မီမှာပင် ထိရောက်စွာ တားဆီးနှိမ်နင်းခဲ့ကြသည်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးသမိုင်းမှတ်တိုင်များလည်း ရှိခဲ့ပြီးဖြစ်သည်။ ယခုအခါ မူးယစ်ဆေးဝါးများ မြို့၊ ရွာ၊ ရပ်ကွက်များအထိ ခရီးပေါက်နေသည့်ဖြစ်စဉ်များကို ထိရောက်စွာ အဖြေရှာနှိမ်နင်းဖို့လိုအပ်လာပြီဖြစ်သည်။

မူးယစ်ဆေးဝါးနှိမ်နင်းရေးကို မူးယစ်ရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် နှိမ်နင်းရန် မလုံလောက်တော့သည့် အခြေအနေဖြစ်လာသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ အာဏာပိုင်အဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးကပါ အမျိုးသားရေးစိတ်ဓာတ်ဖြင့် လက်တွဲပါဝင်ကာကွယ်တိုက်ဖျက်နှိမ်နင်းရမည့် အခြေအနေဖြစ်လာသည်။ မူးယစ်ဆေးဝါးပြဿနာသည် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးခဲ့ကြသကဲ့သို့ မြန်မာတစ်မျိုးသားလုံးကို ခြိမ်းခြောက်သည့်အဆင့်မှ ကျော်လွန်ပြီး နိုင်ငံကိုပါအန္တရာယ်ပေးမည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၍ အလျင်အမြန်တားဆီးနှိမ်နင်းရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ထိရောက်သည့် ဥပဒေများ၊ အမိန့်များ၊ ပြဋ္ဌာန်းချက်များရှိသော်လည်း ထိရောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် ယခုကဲ့သို့ကျယ်ပြန့်လာသည်မှာ ထင်ရှားသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံအတွင်း ဝင်ရောက်လာနိုင်သော လမ်းကြောင်းများအား ပိတ်ဆို့ခြင်း၊ စစ်ဆေးရှာဖွေခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ ဘိန်းစိုက်သည့်နေရာများနှင့် ထုတ်လုပ်သည့်နေရာများအား စုံစမ်းဖော်ထုတ်ပြီး ဖျက်ဆီးရှင်းလင်းခြင်း၊ ရောင်းဝယ်ဖြန့်ဖြူးခြင်း ပြုလုပ်သည့် ပင်ရင်းဌာန၊ သယ်ဆောင်ရာလမ်းကြောင်းတို့ကို တားဆီးပိတ်ဆို့ဖမ်းဆီးခြင်း၊ သုံးစွဲသူများအား ရှာဖွေဖော်ထုတ်ပြီး ဆေးကုသခြင်း၊ ပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးများမှာ မြို့တွင်းတွင်ထုတ်လုပ်ခြင်းမဟုတ်ချေ။ အလွန်ဝေးသောနေရာမှ သယ်ဆောင်လာရခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးများသယ်ဆောင်ရာ လမ်းကြောင်းကျိုးပေါက်ခြင်းသည် အားနည်းချက်ဖြစ်သည်ဟုမှတ်ယူကာ သက်ဆိုင်ရာအဖွဲ့အစည်းများက ပြည်သူလူထုနှင့်ပူးပေါင်း၍ ယခုထက် ထိရောက်စွာအရေးယူဆောင်ရွက်ခြင်းဖြင့် အမျိုးသားရေးတာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း။ ။

# ခန္ဓာကိုယ်တွင်းအင်္ဂါများ အစားထိုးကုသခြင်းကို နိုင်ငံတကာအဆင့်မီဆောင်ရွက်ရန် နီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အလွန်အရေးပါသော ခန္ဓာကိုယ်တွင်းအင်္ဂါများ အစားထိုးကုသပေးခြင်းများကို နိုင်ငံတကာအဆင့်မီ၊ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်အတွက် လက်တွေ့ဆန်သော အကြံပြုချက်များကို ပေးသွားရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ကိုယ်အင်္ဂါအစားထိုးခွဲစိတ်ခြင်းပညာဆိုင်ရာ နီးနှောဖလှယ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသော ယင်းနီးနှောဖလှယ်ပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားခဲ့သည်။

ခန္ဓာကိုယ်တွင်းအင်္ဂါ အစားထိုးကုသခြင်းနှင့်သက်ဆိုင်သည့် ဆေးပညာဆိုင်ရာ အထူးကြပ်မတ်ကုသမှုပညာ၊ ရောဂါဗေဒပညာ၊ မေ့ဆေးပညာ၊ အဏုဇီဝဗေဒပညာ၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်ခြင်း၊ ပညာရပ်ဆိုင်ရာ အမြင်များသည် အထူးအရေးကြီးကြောင်း၊ ခန္ဓာကိုယ်တွင်းအင်္ဂါ အစားထိုးမှုများဖြစ်သော Kidney Transplant, Liver Transplant, Stem Cell Transplant ခွဲစိတ်အစားထိုးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်တင်ပြချက်၊ အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်များနှင့် အခက်အခဲများကို ဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် ခန္ဓာကိုယ်တွင်းအင်္ဂါ အစားထိုးကုသခြင်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်များနှင့်အညီ လုပ်စေလိုကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် ခန္ဓာကိုယ်တွင်းအင်္ဂါများ အစားထိုးကုသပေးခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဆရာဝန်ကြီးများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာနညှိခန်းမ၌ Asia Professional Golf Association ဥက္ကဋ္ဌ ဦးကြည်လှဟန်နှင့်အဖွဲ့အား တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီးသို့ရောက်ရှိပြီး လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၃၁ရက် နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပသော သွားဘက်ဆိုင်ရာ ဆေးပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသို့ ရောက်ရှိပြီး ကောင်စီဝင်များနှင့် တွေ့ဆုံရာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူက သူနာပြုနှင့် သားဖွားကောင်စီဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး သူနာပြုသားဖွားလိုင်စင် ထုတ်ပေးရေးကိစ္စ၊ ဝန်ထမ်းခန့်အပ်မှုကိစ္စရပ်များနှင့် ပတ်သက်၍ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)၏ လူနာဆောင်များ၊ စားသောက်ဆောင်များနှင့် မူးယစ်ဆေးစွဲ လူနာဆောင်များ၊ Brain Stimulation Unit တို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အေးအေးမျိုးနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံကာ လူနာညွှန်းပို့ရေးကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေ၊ စာရင်းဇယားများကောက်ယူမှု၊ ဝန်ထမ်းအိမ်ရာလိုအပ်ချက်၊ ဝန်ထမ်းအင်အားလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးနေမှုနှင့် ဆေးသိုလှောင်ခန်းတို့အား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး စာကြည့်တိုက်၊ စာသင်ဆောင်များ၌ လက်တွေ့စမ်းသပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ခြေတု၊ လက်တု အားဖြည့်အကူကိရိယာ ပြုလုပ်တပ်ဆင်ရေးဌာနရှိ စာသင်ခန်းများနှင့် အလုပ်ရုံများသို့ သွားရောက်ပြီး ခြေတု၊ လက်တုထုတ်လုပ်မှုဆိုင်ရာကိစ္စများအား လေ့လာကြည့်ရှုသည်။

ထို့နောက် အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံ၏ လူနာဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်း ကလေးဆေးရုံကြီး မွေးကင်းစကလေး ကုသဆောင်၊ နှလုံးခွဲစိတ်ကုသဆောင်၊ ခွဲစိတ်ကုသဆောင်နှင့် Data များ စုစည်းထားရှိမှုတို့ကို လည်းကောင်း၊ ဒဂုံမြို့နယ်ရှိ ရန်ကုန်ကလေးဆေးရုံကြီး၏ လူနာဆောင်များ၊ ICU တို့အား လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**





# မြစိမ်းရောင်စီမံကိန်းကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ပေါင် ဩဂုတ် ၄**

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်လည်ပတ်မည့် ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ပေါင်မြို့နယ်အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ နှစ်ရွာဖြင့် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ကျေးရွာကိုးရွာရှိပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ထပ်မံတိုးလာသည့် ကျောက်စရစ်ကျေးရွာ၊ ဒေးကင်းကျေးရွာနှင့် သပြေကုန်းကျေးရွာတို့အတွက် တာဝန်ရှိသူများက ရန်ပုံငွေကျပ်သိန်း ၃၀၀ စီ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

**✱ ရှေ့ဖုံးမှ**

သင်ယူလိုစိတ်ရှိနေမှသာ တပည့်များကို သင်ယူလိုစိတ်များမွေးဖွားပေးနိုင်မည်ဖြစ်ကြောင်း၊ မူလတန်းဆရာ ဆရာမများသည် အခြေခံပညာရေးတွင် အရေးပါသူများဖြစ်ကြောင်း၊ ကလေးများကိုကျောင်းနေစအရွယ်မှစ၍ သင်ယူလိုသည့်စိတ်၊ ပညာကိုလေးစားတန်ဖိုးထားသည့်စိတ်များကို လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်ကြောင်း၊ တစ်ခါတစ်ရံတွင် ဆော့ကစားချင်သောကလေးများသည် အလွန်တော်သောကလေးများဖြစ်တတ်ကြောင်း၊ ဆော့ကစားချင်သောစိတ်သည် ကမ္ဘာကြီးကို စူးစမ်းလိုသောစိတ်ဖြစ်သဖြင့် ထိုစူးစမ်းလိုသောစိတ်မှသည် သင်ယူလိုချင်သောစိတ်ဖြစ်အောင် ဆရာ ဆရာမများက ပြုပြင်ပေးကြရမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆရာ ဆရာမများ၏ အခက်အခဲများကို သိရှိပါကြောင်း၊ ပီတိစား၍ ဆောင်ရွက်ရမည်ဆိုသည်မှာလည်း လက်တွေ့မကျသဖြင့် ဆရာဆရာမများ၏ လူမှုဘဝပြည့်စုံရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ စာမေးပွဲစနစ်၊ သင်ယူမှုစနစ်များကိုလည်း ပြောင်းလဲဆောင်ရွက်ရမည့်အပြင် ပညာရေးအသုံးစရိတ်များကိုလည်း တိုးမြှင့်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများကိုလည်း ဆရာ ဆရာမများ၏ စာသင်ပေးခြင်းတန်ဖိုးကိုနားလည်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကို အတွေ့အကြုံဖလှယ်ခြင်းနှင့် မတူညီသောအမြင်များကို ညှိနှိုင်းဆောင်ရွက်တတ်ခြင်းက သင်ယူခြင်းဖြစ်သည်ကို သိရှိနားလည်စေပြီး ပညာရှိများ၏စိတ်နေသဘောထားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း အမှတ်များများရခြင်း၊ ဂုဏ်ထူးများများထွက်ခြင်းထက် အနာဂတ်မြန်မာနိုင်ငံတော်ကို ကောင်းသထက်ကောင်းအောင် ဘယ်လိုတည်ဆောက်မည်က ပို၍အရေးကြီးကြောင်းကို သိရှိနားလည်အောင် သင်ကြားပေးကြပါရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ပညာရေးကောလိပ်များမှ ဆုရသင်ထောက်ကူပစ္စည်းများနှင့် မှတ်တမ်းမှတ်ရာများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (ဆရာအတတ်ပညာကဏ္ဍ) ပထမနေ့အစီအစဉ်အရ စာတမ်းဖတ်ပွဲများကို ဆက်လက်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာမျိုးမြင့်၊ အထူးဖိတ်ကြားထားသောပညာရှင်ကြီးများ၊ နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပညာရေးကောလိပ်များမှ ဆုရသင်ထောက်ကူပစ္စည်းများနှင့် မှတ်တမ်းများ ခင်းကျင်းပြသထားမှုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသူများ ကြည့်ရှုကြစဉ်။

**■ ကျောင်းပြင်ပမှ**

စစ်တွေမြို့တွင် ပထမဆုံးအနေဖြင့် စမ်းသပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းကပြောသည်။

“ကျောင်းပြင်ပ အလယ်တန်းပညာရေးက ရခိုင်ပြည်နယ်မှာ ဒီနှစ်မှ စတာပါ။ စစ်တွေမြို့ တစ်မြို့တည်းမှာပဲစမ်းသပ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျောင်းပြင်ပအလယ်တန်းပညာရေးက ဒီနှစ်မှ စတာဖြစ်တဲ့အတွက် အသေးစိတ်ကို ဆွေးနွေးနေတုန်းပဲ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

အကြောင်းအမျိုးမျိုးကြောင့် စာသင်ကျောင်းများသို့ သွားရောက်၍ ပညာသင်ယူနိုင်ခြင်း မရှိသည့် ကျောင်းနေအရွယ်ကလေးငယ်များအတွက်ရည်ရွယ်သည့် ကျောင်းပြင်ပပညာရေးအစီအစဉ်ဖြင့် ပညာသင်ကြားပေးနေခြင်းဖြစ်ပြီး ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်ဖြင့် ပညာသင်ယူခဲ့သူသည် အစိုးရကျောင်းများတွင် ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာဆက်လက်သင်ယူနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် စတင်သည့် ၂၀၀၈ ခုနှစ်မှစ၍ ပညာသင်ယူခဲ့သည့် ကျောင်းသားကျောင်းသူများအနက် ရခိုင်ပြည်နယ် စစ်တွေမြို့မှ ကျောင်းသား မောင်ကျော်ဇော်မိုးသည် ပြီးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ပြီး ကျောင်းပြင်ပပညာရေးအစီအစဉ်ဖြင့် ပညာသင်ယူပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ပထမဆုံးကျောင်းသားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ်၌ ကျောင်းပြင်ပမူလတန်း ပညာရေးအစီအစဉ်ကို မြို့နယ် ငါးမြို့နယ်တွင် အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်၌ ကျောင်းသားကျောင်းသူ ခုနစ်ရာကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်ကို ၂၀၀၈-၂၀၀၉ပညာသင်နှစ်မှ စတင်၍ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူ အရေအတွက် ငါးသောင်းကျော်ကိုပညာသင်ကြားပေးခဲ့ကြောင်း သိရသည်။

**သုတ**

■ ■

## ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့

# လာအိုသမ္မတနှင့် ဇနီးတို့၏ ကိုယ်ရေးအကျဉ်း



မစ္စတာဘွန်ညံဗိုရာချစ်



မစ္စစ်ခမ်မွမ်းဂ် ဗိုရာချစ်

မစ္စတာဘွန်ညံဗိုရာချစ်ကို ၁၉၃၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာဗာနာခတ်ပြည်နယ် သဖန်သောင်မြို့နယ် ဘန်နာရွာ၌ မွေးဖွားခဲ့ပါသည်။

မစ္စတာဘွန်ညံဗိုရာချစ်သည် ၁၉၈၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ဆာဗာနာခတ်ပြည်နယ်တွင် အုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဗီယင်ကျန်းမြို့တော် စည်ပင်သာယာရေးနယ်မြေ၌ မြို့တော်ဝန်အဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြေယာနှင့် သစ်တောစီမံခန့်ခွဲရေး ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ စသည့်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ပါသည်။

မစ္စတာဘွန်ညံဗိုရာချစ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဇွန်လ ၈ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဧပြီလ ၁၉ ရက်နေ့အထိ ဒုတိယသမ္မတအဖြစ်လည်းကောင်း အသီးသီးထမ်းဆောင်ခဲ့ပါသည်။

၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

မစ္စတာဘွန်ညံဗိုရာချစ်သည် ၂၀၁၆ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ကျင်းပသည့် (၈) ကြိမ်မြောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားညီလာခံ၏ ပထမအကြိမ်ပုံမှန်အစည်းအဝေးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

မစ္စတာ ဘွန်ညံဗိုရာချစ်သည် မစ္စစ်ခမ်မွမ်းဂ်ဗိုရာချစ်နှင့် လက်ထပ်ခဲ့ပြီး သား(၃)ဦးနှင့် သမီး(၂)ဦး ထွန်းကားခဲ့ပါသည်။

သမ္မတ၏ ဇနီးဖြစ်သူ မစ္စစ်ခမ်မွမ်းဂ် ဗိုရာချစ်ကို ၁၉၄၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် လာအိုနိုင်ငံ ရှီကောင်းဒေသ ပတ်ခ်ခရိုင် ခမ်ဘင်းရွာ၌ မွေးဖွားခဲ့ပါသည်။

မစ္စစ်ခမ်မွမ်းဂ် ဗိုရာချစ်သည် လာအိုနိုင်ငံ တပ်မတော်ဆေးပညာကောလိပ်မှ ဘွဲ့ရရှိခဲ့ပါသည်။

မစ္စစ်ခမ်မွမ်းဂ် ဗိုရာချစ်သည် ၁၉၆၄ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ဆာဗာနာခတ်ဆေးရုံ၌ သူနာပြုအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ဆာဗာနာခတ်ပြည်နယ် လူငယ်ရေးရာကော်မတီ၏ ဒုတိယအထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

# သံအမတ်ကြီးဦးမောင်မောင်လင်း သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၅**

အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်မောင်လင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဂျေရုဆလင်မြို့၌ အစ္စရေးနိုင်ငံသမ္မတ မစ္စတာရူဗင်ရီ(ဗ)လင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဩဂုတ် ၅**

မစ္စတာ ခါလဒ်မိုဟာမက် အဗ္ဗဒဲလ်ရာမန် အဗ္ဗဒဲလ်ဆာလမ်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာခါလဒ်မိုဟာမက် အဗ္ဗဒဲလ်ရာမန် အဗ္ဗဒဲလ်ဆာလမ်သည် ၁၉၈၂ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာသင်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီးနောက် ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တူနီးရှားနိုင်ငံ၊ ၁၉၉၀ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ အာဖဂန်နစ္စတန်နိုင်ငံ၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ အီဂျစ်သံရုံးများ၌လည်းကောင်း ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ တက္ကဆက်ပြည်နယ် ဟူစတန်မြို့ရှိ အီဂျစ်ကောင်စစ်ဝန်ချုပ်ရုံး၌လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ လစ်ဗျားနိုင်ငံထရီပိုလီမြို့ရှိ အီဂျစ်သံရုံး၌လည်းကောင်း ရာထူးတာဝန်အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အီဂျစ်ကောင်စစ်ဝန်ချုပ်အဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ရဝမ်ဒါနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအဖြစ်လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။

**(သတင်းစဉ်)**

■

# ဒုက္ခသည်အားကစားသမားအဖွဲ့ကို အိုလံပစ်ကျေးရွာမှ ကြိုဆို

**ရီယိုဒီဂျနေးရိုး သြဂုတ် ၄**

အိုလံပစ်အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ဒုက္ခသည် အားကစားသမား ၁၀ ဦးပါဝင်သည့် ဒုက္ခသည်အသင်းကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ အိုလံပစ်ကျေးရွာမှ နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့သည်။

နိုင်ငံတကာအိုလံပစ်ကော်မတီက အိုလံပစ်အားကစားပွဲတော်တွင် ဒုက္ခသည်များအသင်းကို ပထမဆုံးအကြိမ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ယှဉ်ပြိုင်ခွင့်ပြုရခြင်းမှာ ဒုက္ခသည်အားကစားသမားများအနေဖြင့် ၎င်းတို့ ထွက်ပြေးတိမ်းရှောင်လာသည့် နိုင်ငံများကိုယ်စား ယှဉ်ပြိုင်ခွင့်ရရှိစေရန် အခွင့်အရေးပေးထားခြင်း ဖြစ်သည်။

အဆိုပါ ဒုက္ခသည်အသင်းတွင် ရေကူးအားကစားသမားနှစ်ဦး၊ ဂျူဒိုကစားသမားနှစ်ဦးနှင့် အပြေးအားကစားသမား ခြောက်ဦးပါဝင်ပြီး ၎င်းတို့မှာ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ ဖြစ်ကြသည်။ ၎င်းတို့အဖွဲ့ သြဂုတ် ၃ ရက်က အိုလံပစ်ကျေးရွာသို့ ရောက်ရှိလာသည့်အခါ အခြားနိုင်ငံများမှ အားကစားသမား ရာပေါင်းများစွာက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဒုက္ခသည်များအားကစားအသင်းကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အလံများအစား အိုလံပစ်အလံကို လွှင့်တင်လိုက်သည့်အခါ လက်ခုပ်ဩဘာသံများ ဆူညံသွားခဲ့ပြီး အိုလံပစ်သီချင်းကိုသာ သီဆိုခဲ့ကြသည်။ နီပေါ၊ ပါရာဂွေးနှင့် အခြားနိုင်ငံသုံးနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များကိုလည်း အဆိုပါအခမ်းအနားဖြင့် ကြိုဆိုခဲ့ကြသည်။




ဒုက္ခသည်အသင်းမန်နေဂျာ တက်ဂ်ျလာ လော်ရာက လူအများစုပေါင်း၍ ဆန္ဒသဘောထားများ မှတ်ချက်ပေးသည့်နေရာတွင် လူသားအားလုံး ငြိမ်းချမ်းကြပါစေဟု ဆန္ဒပြုရေးသားခဲ့သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဂျူဒိုအားကစားသမား ပိုပိုလီ မီဆန်ဂါက အိုလံပစ်ပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်နေပြီဟု ပြောကြားသည်။ တောင်ဆူဒန်နိုင်ငံမှ ဂျိမ်းစ်နယန်ချန်ဂျီးယက်က ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး သူတစ်ခါမျှမတွေ့ဖူးသည့် ကမ္ဘာ့တစ်ဝန်းမှ အားကစားသမားများနှင့် တွေ့ဆုံရသည့်အတွက် အလွန်ပျော်ရွှင်ရကြောင်းနှင့် ယခုအတွေ့အကြုံများကို အနာဂတ်တွင် အသုံးချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# သြဂုတ်လအတွက် ကုလလုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ တာဝန်ယူ

**ကွာလာလမ်ပူ သြဂုတ် ၄**

မလေးရှားနိုင်ငံက သြဂုတ်လအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူလိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် မဟုတ်သော နိုင်ငံတစ်နိုင်ငံရွေးချယ်ခံရမှုကြောင့် မလေးရှားနိုင်ငံက အဆိုပါရာထူးကို ဒုတိယအကြိမ်မြောက် တာဝန်ယူခြင်းဖြစ်သည်။ အဆိုပါထုတ်ပြန်ချက်၏အဆိုအရ အဖျက်စွမ်းအားကြီးမားသော လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများသို့ နည်းပညာများပြန့်ပွားမှုကို ကြိုတင်တားဆီးရာတွင် ကြုံတွေ့နေရသော ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုသစ်များ ဖြေရှင်းရန်ရည်ရွယ်ချက်ဖြင့် သြဂုတ် ၂၃ ရက်တွင် အဖျက်စွမ်းအားကြီးမားသော လက်နက်များဆိုင်ရာ လွတ်လပ်သော ဆွေးနွေးမှုတစ်ရပ် ကျင်းပရန် မလေးရှားနိုင်ငံက စီစဉ်နေသည်။

မလေးရှားနိုင်ငံက လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများ၌ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆွေးနွေးမှုတစ်ရပ်ကိုလည်း သဘာပတိအဖြစ်ဆောင်ရွက်မည်ဖြစ်ပြီး ပါလက်စတိုင်း၊ ယီမင်၊ ဆီးရီးယား၊ လက်ဘနွန်နှင့် အခြားနိုင်ငံများကြားပြဿနာများနှင့်ပတ်သက်၍ ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။ ယခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးမည့် ဘန်ကီမွန်းနေရာဆက်ခံမည့်လာမည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရွေးချယ်ရေးလုပ်ငန်းစဉ်ကိုလည်း မလေးရှားနိုင်ငံက အဆင်ပြေချောမွေ့အောင် ကူညီသွားမည်ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌရာထူးကို အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော ၁၀ နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံကြား တစ်လလျှင်တစ်ကြိမ် အင်္ဂလိပ်အက္ခရာစဉ်အလိုက် အလှည့်ကျဆောင်ရွက်သည်။

**ဆင်ဟွာ။**

# အာဖဂန်နစ္စတန်အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် ချုံခိုတိုက်ခိုက်ခံရ၍ နိုင်ငံခြားသား ခရီးသွား ၁၀ ဦး သေဆုံး

**ဟီရတ် သြဂုတ် ၄**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် သြဂုတ် ၄ ရက်က ချုံခိုတိုက်ခိုက်မှုခံရ၍ နိုင်ငံခြားသား ခရီးသွား ၁၀ ဦးထက်မနည်းသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောကြားသည်။

မီနီဘတ်စ်ကားနှစ်စီးဖြင့် တင်ဆောင်မောင်းနှင်လာသော နိုင်ငံခြားသား ခရီးသွားများသည် သြဂုတ် ၄ ရက် နံနက်ပိုင်းက ချစ်စတီ ဆာရစ်ဖ်ခရိုင်ရှိ အဓိကလမ်းမကြီးတစ်လျှောက်တွင် သေနတ်သမားများ၏ ချုံခိုတိုက်ခိုက်ခြင်းခံရကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် ခရီးသွား ၁၀ ဦးထက်မနည်းသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ယင်းခရိုင်အုပ်ချုပ်ရေးမှူး ဖာရက်ဒ်ခါဒီမီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။



သေဆုံးသွားသူများနှင့် ထိခိုက်ဒဏ်ရာရသူများသည် မည်သည့်နိုင်ငံသားများဖြစ်ကြောင်း လတ်တလောတွင် အသေးစိတ် ထုတ်ဖော်ပြောကြားခြင်း မပြုနိုင်သေးပေ။

အဆိုပါဘတ်စ်ကားများသည် အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း ဘမ်ယန်ပြည်နယ်မှ ဟီရတ်ပြည်နယ်သို့ သွားရောက်ခြင်းဖြစ်ကြောင်း၊ ဟီရတ်ပြည်နယ်၏ မြို့တော်သည် မြို့တော်ကဘူး၏ အနောက်ဘက် ကီလိုမီတာ ၆၄၀ အကွာတွင်ရှိကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ချုံခိုတိုက်ခိုက်မှုဖြစ်ပွားပြီး များမကြာမီတွင် လုံခြုံရေးတပ်ဖွဲ့များက ခရီးသွားအချို့ကို ကယ်တင်နိုင်ခဲ့ကြောင်းနှင့် တိုက်ခိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သတင်းတွင် ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ တာဝန်ရှိကြောင်း မည်သည့်စစ်သွေးကြွအုပ်စုကမျှ လတ်တလောတွင် ပြောကြားခြင်းမရှိပေ။

**ဆင်ဟွာ။**

# လန်ဒန်မြို့တွင် ဓားဖြင့် တိုက်ခိုက်မှုကြောင့် တစ်ဦးသေ၊ ငါးဦးဒဏ်ရာရ

**လန်ဒန် သြဂုတ် ၄**

လန်ဒန်မြို့လယ်တွင် အမျိုးသားတစ်ဦးက ဓားဖြင့်ရမ်းကားတိုက်ခိုက်မှုတစ်ခုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တိုက်ခိုက်မှုမှာ သြဂုတ် ၃ ရက် ည ၁၀ နာရီခွဲခန့်တွင် ဗြိတိန်ပြတိုက်အနီး ရပ်ဆဲလ်ရင်ပြင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့က ဓားဖြင့်တိုက်ခိုက်ခဲ့သည်ဟု သံသယရှိသူ ၁၉ နှစ်အရွယ် လူငယ်တစ်ဦးကို ဖမ်းဆီးထားပြီး ဘာကြောင့် ယခုကဲ့သို့ တိုက်ခိုက်မှုပြုလုပ်ခဲ့သည်ကို စုံစမ်းလေ့လာနေဆဲဖြစ်သည်။ ဘီဘီစီသတင်းဌာန၏ အဆိုအရ အခင်းဖြစ်ပွားသည့်နေရာကို ရဲတပ်ဖွဲ့ဝင်အမြောက်အမြား ဖြန့်ကြက်ချထားခဲ့သည်ဟု ဆိုသည်။ ဥရောပတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားနေသည့်အတွက် ရဲတပ်ဖွဲ့ကို အင်အား ၁၅၀၀ ကျော် ထပ်မံဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာထားသည်။

**အင်န်အိတ်ချ်ကေ။**



# အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါပြည်နယ်တွင် လေတပ်လေ့ကျင့်ရေး ဂျက်လေယာဉ်တစ်စင်း ပျက်ကျ

**နယူးဒေလီ သြဂုတ် ၄**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်ဂေါပြည်နယ်တွင် အိန္ဒိယလေတပ်(အိုင်အေအက်ဖ်)မှ လေ့ကျင့်ရေး ဂျက်လေယာဉ်တစ်စင်းသည် သြဂုတ် ၄ ရက်တွင် အခြေစိုက်စခန်းမှ ပျံတက်ပြီးမိနစ်ပိုင်းမျှအကြာတွင် ပျက်ကျခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာက ဖော်ပြသည်။

လေယာဉ်မှူးနှစ်ဦးသည် အရေးပေါ်သုံးထိုင်ခုံကို အသုံးပြုကာ ဘေးကင်းစွာ လွတ်မြောက်ခဲ့သည်။

ဟော့ခ်အမျိုးအစားလေ့ကျင့်ရေး ဂျက်လေယာဉ်သည် အနောက်မစ်ဒနာပူရှိ ကာလီကွန်ဒါလေတပ်အခြေစိုက်စခန်းမှ ပျံတက်ခဲ့ခြင်းဖြစ်သည်။ ယင်းလေတပ်အခြေစိုက်စခန်းသည် အနောက်ဘင်ဂေါပြည်နယ်မြို့တော် ကိုလ်ကတ္တားနှင့် ၁၂၉ ကီလိုမီတာအကွာတွင် တည်ရှိသည်။

အဆိုပါလေ့ကျင့်ရေး ဂျက်လေယာဉ်သည် အခြေစိုက်စခန်းမှ ပျံတက်ပြီး မိနစ်အနည်းငယ်အကြာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် လေတပ်စခန်း၏ နယ်သတ်မျဉ်းအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယင်းလေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး အစီရင်ခံတင်ပြရန် အိန္ဒိယလေတပ်က ညွှန်ကြားထားသည်။

လွန်ခဲ့သည့်လက အိန္ဒိယလေတပ်မှ အေအန်-၃၂ အမျိုးအစားသယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းသည် တပ်ဖွဲ့ဝင်နှင့် လေယာဉ်အဖွဲ့သား ၂၉ ဦးကို တင်ဆောင်ရန် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးလ်ပြည်နယ်မှ ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ကပ္ပလီကျွန်းစုနှင့် နီကိုဘာကျွန်းစုများ၏ မြို့တော်ပို့ဘလဲယားသို့ ပျံသန်းစဉ် ရေဒီယိုအဆက်အသွယ်ပြတ်တောက်ပြီး ရေဒါမြင်ကွင်းမှ ပျောက်ဆုံးသွားခဲ့သည်။

**ဆင်ဟွာ။**

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အင်္ဂါနေ့ ဆက်လက်ကျင်းပ


**နေပြည်တော် ဩဂုတ် ၄**

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အင်္ဂါနေ့တွင် လေးမျက်နှာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၏ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အားကာရံထားသောရေကာတာများအား ယခုရောက်ရှိမည့်မိုးရာသီတွင် ပြည်သူများစိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများကြံ့ခိုင်မှုရှိရန်ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်က ယခုနှစ်၏ ရာသီဥတုအခြေအနေကို ကြည့်မည်ဆိုပါက ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများကို အယ်လ်နီညိုပြီးဆုံးပြီး လာနီညာမဝင်ရောက်ခင် ကြားကာလအဖြစ် ပညာရှင်များက သတ်မှတ်ထားပါကြောင်း၊ စက်တင်ဘာနောက်ဆုံးပတ်အတွင်း ကြားနေအခြေအနေတစ်ခုမှ လာနီညာရာသီဥတုပြောင်းလဲမှုကို စတင်ကြုံတွေ့ရမည်ဟု မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်ကခန့်မှန်းထားပါကြောင်း၊ ကြာမြင့်ချိန်အားဖြင့် ကိုးလမှတစ်နှစ်အထိ ကြာမြင့်နိုင်မည်ဟုခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေကြီးကာလအဖြစ် ဇွန်လကိုပထမရေကြီးကာလ၊ ဇူလိုင်နှင့် ဩဂုတ်လကိုဒုတိယရေကြီးကာလ၊ စက်တင်ဘာနှင့် အောက်တိုဘာလကို တတိယရေကြီးကာလများအဖြစ် သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံ၏ တတိယရေကြီးကာလနှင့် လာနီညာရာသီဥတု ဖြစ်ပေါ်မည့်အချိန်သည် တိုက်ဆိုင်နေသည့်အတွက် မိုးပိုမိုများပြားခြင်းနှင့် ဘင်္ဂလားပင်လယ်အော်တွင်ရှိသည့် မုန်တိုင်းများကိုပိုမိုရင်ဆိုင်ရနိုင်သည်ဟု ခန့်မှန်းထားပါကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်နှင့် ငဝန်မြစ်ကမ်းနားတွင်ရှိသည့်ဒေသခံပြည်သူများ ယခင်နှစ်ထက် ပိုမိုဆိုးရွားသည့် ရေကြီးမှုများခံစားရမည်ကိုထိတ်လန့်စိုးရိမ်နေကြပါကြောင်း၊ ထို့ကြောင့် ယခုနှစ်မိုးရာသီအတွင်း ဧရာဝတီမြစ်နှင့် ငဝန်မြစ်ကမ်းတစ်လျှောက် ပြည်သူများစိုးရိမ်ပူပန်မှုမဖြစ်အောင် ကြိုတင်စီမံထားရန်နှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း၊ လေးမျက်နှာမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၏အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းဆွေးနွေးသည်။

မြန်အောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က ကမ္ဘာကြီးသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စက်ရုံမီးခိုးငွေ့များကြောင့် လည်းကောင်း၊ သစ်တောသယံဇာတပြုန်းတီးမှုကြောင့်လည်းကောင်း ကမ္ဘာကြီး၏ ရာသီဥတုသည် ပြောင်းလဲခဲ့ပါကြောင်း ၊ တောင်ပြိုမှုများကြောင့် မြစ်ကြမ်းပြင်များ မြင့်တက်ခဲ့ပါကြောင်း၊ အစွန်းရောက်ရာသီဥတု ဖြစ်ပေါ်ချိန်တွင် ရုတ်တရက်မိုးများရေများ ဖိအားများစွာ၏ဒဏ်ကို တာတမံကြီးရင်ဆိုင်ရမည့်အရေး ပြည်သူများတွေးကာစိတ်ပူနေပါကြောင်း၊ ဧရာဝတီနှင့် ငဝန်ရေကာတာကြီးများ၊


ဦးစိုးအောင်နိုင်


ဦးခင်မောင်လတ်

တာရိုးများ၏ နောက်ကွယ်တွင် မြို့နယ်များစွာမှ ပြည်သူများက ၎င်းတို့၏ အကျိုးစီးပွား ၊ အသက်အိုးအိမ်များစွာသည် တစုတစည်းတည်းခိုလှုံနေပါကြောင်း၊ မြို့ရိုးကြီးလည်းခိုင်ခံ့ပါစေ၊ မြို့တံခါးများလည်းလုံခြုံစိတ်ချရပါစေဟု ပြည်သူများကအမြဲဆုတောင်းနေရပါကြောင်း၊ ရေတံခါးကြီးဘက်မှ ရပ်တည်ပြီး အားပြိုင်လက်တွဲဆင်နွှဲရန် ပြည်သူတွေအမြဲအသင့်အနေအထားတွင် ရှိနေပါကြောင်း ၊ မိုးသံရေသံကြားကတည်းက ပြည်သူများ၏ စိုးရိမ်ရေမှတ်အမြဲမြင့်တက်နေပါကြောင်း၊ နိုင်ငံတော်အနေဖြင့်၊ ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ပေးမည်ဆိုပါက စိုးရိမ်ရေမှတ်ကျဆင်းပြီး နှလုံးစိတ်ဝမ်းအေးချမ်းသာယာမည်ဖြစ်ပါကြောင်း၊ ထို့အတွက် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၏အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးနန်းယွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးဝမ်းလှ၏ နန်းယွန်းမြို့နယ်၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင် လမ်းပိုင်း လီဒိုလမ်းမကြီးအားရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်က ပြန်လည်ဖြေကြားရာ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရှင်ဗွေယန်-နန်းယွန်း- ပန်ဆောင်လမ်းသည် (၅၁) မိုင် ရှည်လျားပြီး ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့ လမ်းအခြေအနေမှာ ၁၂ ပေအကျယ် ကျောက်လမ်း ၂ မိုင် ၂ ဖာလုံ၊ ၁၂ ပေအကျယ် အမာခံလမ်း ၄၈ မိုင် ၆ ဖာလုံဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ခွဲဝေ ရရှိခဲ့သော ရန်ပုံငွေကျပ် (၂၅၇၆ ဒသမ ၅) သန်းဖြင့် ၃၄ ပေအကျယ် မြေသားတာပေါင်တင်ခြင်း ၁၅ မိုင် ၄ဖာလုံ၊ အမာခံလမ်းပျက်အားပြုပြင်ခြင်း ၃၂ မိုင် ၂ ဖာလုံ တောင်ပြိုမြေဖယ်ရှားခြင်း ၁ မိုင် ၅ ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်း၊ ၂ မိုင် ၂ ဖာလုံ ရေထုတ်ပြွန်တည်ဆောက်ခြင်း (၉)စင်း၊ သစ်သားတံတားတည်ဆောက်ခြင်း (၂၄)စင်း၊ Box Culvert တည်ဆောက်ခြင်း (၁၉) စင်း၊ သံမဏိကြမ်းခင်းနှင့် ဘေလီတံတားတည်ဆောက်ခြင်း (၁)စင်း၊ တံတားပြုပြင်ခြင်း (၂) စင်းနှင့် ကျောက်စီကမ်းကပ်ခုံနှင့် သစ်သားတံတားတည်ဆောက်ခြင်း (၅)စင်း စသည့်လုပ်ငန်းများကိုဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်းတွင် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် မူလအမာခံလမ်းမှ ကျောက်လမ်းခင်းခြင်း (၅) မိုင် ၊ ကျောက်စီကမ်းကပ်ခုံနှင့် သစ်သားကြမ်းခင်းတံတားတည်ဆောက်ခြင်း (၁)စင်း ၊ ဘေလီတံတား ဘီးလမ်းကြမ်းခင်းလဲလှယ်ခြင်းနှင့် ဆေးသုတ်ခြင်း (၁)စင်း စသည့်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းကို အဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် သုံးနှစ်တာကာလအတွင်း ငွေကျပ် ၄ ဒသမ ၅ သန်းလိုအပ်မည်ဖြစ်ကာ နှစ်စဉ်ခွဲဝေရရှိသည့် ရန်ပုံငွေအပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပေါက်တောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏ ပေါက်တော-စစ်တွေ သို့မဟုတ် ပေါက်တော-ပုဏ္ဏားကျွန်းကိုဖြတ်၍ မဟာဗျူဟာမြောက် ကစ္ဆပနဒီ(ကုလားတန်) မြစ်ကူးတံတားတည်ဆောက်မည့် အစီအစဉ် မည်သို့ရှိသည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စစ်တွေမြို့မှ ရန်ကုန်မြို့သို့ သွားရာတွင် လက်ရှိလမ်းဖြစ်သော ပုဏ္ဏားကျွန်းမြို့-ကျောက်တော်မြို့-မြောက်ဦးမြို့- မင်းပြားမြို့- (နရမ်းလမ်းဆုံ) အပိုင်းမှာ (၈၆) မိုင်ကွာဝေးပါကြောင်း၊ ပုဏ္ဏားကျွန်းမြို့မှ လမ်းသစ်ဖောက်၍ ယခုတင်ပြသောအသစ်တည်ဆောက်မည့် ကစ္ဆပနဒီ (ကုလားတန်) မြစ်ကူးတံတားမှ ဖြတ်သန်းပါက ပုဏ္ဏားကျွန်းမြို့-ပေါက်တောမြို့- မင်းပြားမြို့-(နရမ်းလမ်းဆုံ)ထိ မိုင်(၄၀) သာ ကွာဝေးရာ (၄၆) မိုင်ခန့် ခရီးကျုံ့သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်၏ အဓိက ဝင်ပေါက်လမ်းမကြီးများဖြစ်သော ဂွ-ငါးသိုင်းချောင်း-သံတွဲလမ်းတွင် ဒေါင်းချောင်းတံတား၊ ကျောက်ပါးစပ်တံတား၊ ကျောက်ကြီးတံတား၊ ဗောဓိတံတားအပါအဝင် တံတား (၉)စင်း၊ မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်တွင် အုန်းတည်တံတား-ဒလက်တံတား- ယောချောင်းတံတား-မြောင်းဘွေတံတား-ပေါင်းထုတ်တံတား-တိမ်ညိုတံတား၊ ယိုးချောင်းတံတားအပါအဝင် (၇)စင်းတို့အား ယာယီဘေလီတံတားအဆင့်မှ အဆင့်မြှင့်တင်ရန် ကျန်ရှိနေသော်လည်း ရန်ပုံငွေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း၊ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် အမ်း-စစ်တွေလမ်းပေါ်ရှိဒလက်ချောင်းတံတားအားအဆင့်မြှင့်တင်ခြင်းနှင့် ပြည်နယ်ရန်ပုံငွေဖြင့် မင်းပြား-မြေပုံလမ်းပေါ်ရှိ ကြပ်စင်တံတား၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ တောဖျားချောင်းတံတား၊ ထွန်းရဝေတံတားများအား အသစ်ဆောက်လုပ်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိနိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာ အုပ်စုတွင် ကျေးရွာပေါင်း (၄၃)ရွာ၊ မြေဧရိယာ (၈၈ ဒသမ ၂)စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေ (၃၄၃၁၀)ခန့်နှင့် အိမ်ခြေ(၅၈၉၈) အိမ်ခန့်ရှိပြီး ရေလမ်းခရီးကိုသာ အဓိကထားသွားလာရသောနေရာဖြစ်ခြင်း၊ ကျောက်တန်းကျေးရွာသည် ရသေ့တောင်မြို့နယ်တွင် ငှက်ဖျားရောဂါအများဆုံးဖြစ်ပွားသည့် နေရာဖြစ်ခြင်းတို့ကြောင့် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိနိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပါက တိုက်နယ်ဆေးရုံ စံကိုက်အဆောက်အအုံ


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး

ဆောက်လုပ်ပေးနိုင်ရေးအတွက် အနီးဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေအဆိုပြု တင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အင်္ဂါနေ့တွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ "ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ "စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဘေးလွတ်ရာသို့ အမြန်ဆုံးပြောင်းရွှေ့နေထိုင်ရန်အတွက် နိုင်ငံတော်မှ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဆောက်အအုံများ ဆောက်လုပ်ပေးထားရန် အစီအစဉ် ရှိ၊မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကလေးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက ဘေးလွတ်ရာသို့ ရှောင်တိမ်းနိုင်မည့် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများအပါအဝင် အဆောက်အအုံ(၄၆)လုံးနှင့် ရေလွတ်ကုန်းမြင့်(၁၅)ခု ဘေးလွတ်ရာနေရာ စုစုပေါင်း(၆၁)ခုကို သတ်မှတ်ထားခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဘေးဒဏ်ခံအဆောက်အအုံများ ထပ်မံလိုအပ်ပါက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးစားပေးဆောက်လုပ်လိုသည့် နေရာဒေသနှင့် အဆောက်အအုံ၏အရွယ်အစား၊ လူဦးရေမည်မျှကို လွှမ်းခြုံပေးနိုင်ရန်စသည့် စိစစ်အကြံပြုချက်တို့အပေါ် မူတည်၍ နိုင်ငံတော်ဘဏ္ဍာငွေမှ တင်ပြဆောင်ရွက်နိုင်ပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေသည် အချိန်ကာလ ကန့်သတ်ချက်အရ အခက်အခဲရှိပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ရေးဆွဲထားသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကူညီထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။


ရခိုင်ပြည်နယ်မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးခင်မောင်လတ်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၏ "မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးစက်ရုံနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း"မေးခွန်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးသေတ္တာအတွက် လိုအပ်သောဆေးများနှင့် တိုင်းရင်းဆေးရုံ၊ ဆေးခန်းများအတွက် လိုအပ်သောဆေးများကို မှန်ကန်သောစာရင်းဇယားများ ရရှိအောင်ဆောင်ရွက်ပြီး ၎င်းစာရင်းဇယားများအပေါ်အခြေခံ၍ စနစ်တကျတွက်ချက် ထုတ်လုပ်သွားမည်ဖြစ်ပါကြောင်း။

အရေးပေါ်သုံး ဆေးသေတ္တာနှင့် ပတ်သက်ပြီး ပိုမိုကောင်းမွန်၍ ရေရှည်တည်တံ့နိုင်မည့် ပုံစံအသစ်ဖြင့် ဖြန့်ဝေနိုင်ရေးအတွက် Nippon Foundation နှင့် သဘောတူညီမှုရရှိပြီးဖြစ်၍ ဆက်လက်ဆောင်ရွက်မည့်ပုံစံကို စနစ်တကျညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင် ဥယျာဉ်(၉)ခုရှိပြီး အဓိကအားဖြင့် မျိုးထိန်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဝါးထုတ်လုပ်ရေးအတွက် လိုအပ်သောကုန်ကြမ်းအချို့ကို ဥယျာဉ်အချို့မှ ထုတ်လုပ်နိုင်သော်လည်း တစ်ပြည်လုံးရှိ ဆေးရုံ၊ ဆေးခန်းများနှင့် ကွင်းဆင်းလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သောဆေးဝါးများကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သောကုန်ကြမ်းများကို ဘဏ္ဍာငွေစနစ်တကျ တောင်းခံပြီး ဝယ်ယူသုံးစွဲလျက်ရှိပါကြောင်း။

တိုင်းရင်းဆေးဝါး စက်ရုံသည် ၂၀၀၀ ပြည့်နှစ်တွင် တိုင်းရင်းဆေး (၅၇)မျိုး မထုတ်လုပ်နိုင်ခဲ့သော်လည်း လိုအပ်ချက်အလိုက် (၂၇)မျိုးအထိ ထုတ်လုပ်ပေးခဲ့ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ နှစ်အလိုက်ဆေးဝါးများကို အများဆုံး (၂၇)မျိုးမှ အနည်းဆုံး (၁၆)မျိုး ထုတ်လုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် ဆေးဝါးအမျိုး(၂၀)ထုတ်လုပ်လျက်ရှိကြောင်း၊ ဘဏ္ဍာနှစ်တစ်ခုချင်းစီတွင် ဆေးဝါးလက်ကျန်၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုချင်းစီ၏ လိုအပ်မှုနှင့် ချိန်ဆပြီး ထိန်းညှိထုတ်လုပ်ခြင်းဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပိုမို၍ကောင်းမွန်သော ကုသမှုပေးနိုင်ရန်အတွက် သောက်ဆေး(၂)မျိုး၊ စည်းဆေး(၂)မျိုးနှင့် အနာထည့်ဆေး (၁)မျိုး ထပ်မံထုတ်လုပ်ရန် ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ လက်ခံဆွေးနွေးရန် အဆိုတင်သွင်းသည့် "သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း"နှင့် "မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း"တို့ကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

# ထောင်မှတ်တမ်း၊ ကိုကိုးကျွန်းမှတ်တမ်းများ

## မြင့်ဆွေဦး

မြန်မာ့လူ့အဖွဲ့အစည်းတွင် ရာဇဝတ်မှုကျူးလွန်သူများ ထိန်းသိမ်းရန် အကျဉ်းစခန်းများ၊ ထောင်များသည် ပဒေသရာဇ်ခေတ်ကပင် တည်ရှိလာခဲ့လေသည်။ ရှေးက အခေါ်အဝေါ်တို့မှာ လက်မရွံ့ထောင်ဟု သုံးနှုန်းကြသည်။

၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်လာသည့်အခါ မြန်မာဘုရင် ဘကြီးတော်သည် အင်းဝသို့ ရောက်ရှိနေသော ဗြိတိသျှလူမျိုးများ၊ အမေရိကန်သာသနာပြုဆရာ ယုဒသန်တို့အား လက်မရွံ့ထောင်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် မြန်မာတို့ရှုံးနိမ့်ခဲ့သဖြင့် ရခိုင်ကမ်းရိုးတန်းဒေသနှင့် တနင်္သာရီကမ်းရိုးတန်းဒေသတို့သည် ဗြိတိသျှတို့လက်သို့ ကျရောက်သွားခဲ့လေသည်။ ထိုအခါ ဗြိတိသျှနယ်ချဲ့အစိုးရသည် ထိုဒေသများတွင် အကျဉ်းထောင်များ တည်ဆောက်ခဲ့ပြီး ရာဇဝတ်မှုကျူးလွန်သူများနှင့် သူ့ကျွန်မခံလိုသူတို့က ရရာ ဓား၊ လက်နက်ဆွဲ၍ ပြန်လည်ခုခံခဲ့သူများအား ဖမ်းဆီးရမိသည့်အခါ အကျဉ်းချထားခဲ့သည်။

၁၈၅၂၊ ၁၈၈၅ ခုနှစ်တို့တွင် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ၊ တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲများ ဖြစ်ပွားလာခဲ့ပြီး မြန်မာတို့ရှုံးနိမ့်ခဲ့သဖြင့် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့လေသည်။

၁၈၈၅ ခုနှစ် သူ့ကျွန်ဘဝရောက်သည့်အခါ သူ့ကျွန်မခံလိုသော မြန်မာမျိုးချစ်တို့သည် ရရာလက်နက်စွဲကိုင်၍ ဗြိတိသျှနယ်ချဲ့တို့အား ခုခံတိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သော မြန်မာမျိုးချစ်တို့အား ဗြိတိသျှနယ်ချဲ့က လူဆိုးဓားပြများဟူ၍ အမည်တပ်ကာ ရက်ရက်စက်စက် နှိမ်နင်းခဲ့ကြသည်။ ဖမ်းဆီးရမိသော မြန်မာမျိုးချစ်တို့အား လူဆိုး၊ ဓားပြများဟုဆိုကာ မြန်မာနိုင်ငံအရပ်ရပ်ရှိ အကျဉ်းထောင်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့လေသည်။

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ဗြိတိသျှနယ်ချဲ့အား လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့သော မြန်မာမျိုးချစ်တို့သည် လူဆိုးဓားပြအမည်တပ်ခံရသည်မှာ ဝမ်းနည်းစရာကောင်းသည်။

ခေတ်အဆက်ဆက်တွင် အကျဉ်းသားများ အထူးသဖြင့် နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသူများအား ဖိနှိပ်ချုပ်ချယ်ခဲ့လေသည်။

လက်မရွံ့ထောင်ထဲတွင် မတရားဖမ်းဆီး ထိန်းသိမ်းခြင်းခံနေရသော ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်က ထောင်၏အဓိပ္ပာယ်၊ ထောင်၏သရုပ်ကို အောက်ပါအတိုင်း ရေးသားတင်ပြခဲ့လေသည်။

"ထောင်ဆိုတာ နိုင်ငံရေးသမားကို ထုသား ပေသားရအောင် မီးသားတင်ပေးတဲ့နေရာပေါ့။ ထောင်ဆိုတာ လူတွေ(နိုင်ငံရေးသမားမဟုတ်၊ သာမန်အကျဉ်းသားတွေပါ)ကို လူသားချင်းစာနာစိတ်ကင်းအောင် လုပ်တဲ့နေရာပေါ့။ ငါလူသားတစ်ယောက်ပါလားဆိုတဲ့စိတ်ထား ပျက်ပြားအောင် လုပ်တဲ့နေရာပေါ့၊ ဘယ်ဘဝရောက်ရောက် လူမဆန်တဲ့ကြီးနိုင်ငယ်ညှဉ်းမှု၊ နှိပ်စက်ကလူမှု၊ ဗိုလ်ကျစိုးမိုးမှု၊ အဓမ္မမှု၊ သွေးခွဲဖိနှိပ်မှု၊ အာဏာပြ ချုပ်ချယ်မှုတွေ ထင်ရာစိုင်းတဲ့နေရာပေါ့။ အကြောက်တရားသွင်းတဲ့နေရာပေါ့။ ကိုယ်ကျင့်သိက္ခာခိုင်ခိုင်မာမာနဲ့ ငံ့မခံတဲ့လူသားစိတ်ကို ကျိုးပဲ့ကြေမွအောင် လုပ်တဲ့နေရာပေါ့"

ထို့ကြောင့်လည်း ခေတ်အဆက်ဆက် ထောင်တွင်းရောက်သွားခဲ့သည့် နိုင်ငံရေးသမား၊ စာရေးဆရာများသည် ထောင်အကြောင်းကို ပြန်လည်ရေးသားထုတ်ဖော်တင်ပြကြသည်။ ဤသို့ ထောင်၏အနိဋ္ဌာရုံများအား တင်ပြလာသည်ကို ထောင်အုပ်ချုပ်ရေးဘက်မှ တာဝန်ရှိသူများက အဆိုးမြင်ဝါဒဖြင့် တင်ပြခဲ့ကြသည်ဟု ဆိုလာကြသည်။ ၎င်းတို့လုပ်ရပ်များသည် လူလူချင်းစာနာမှုမည်မျှရှိသနည်း၊ အာဏာရှင်များ၏ အလိုဆန္ဒအတိုင်း သရုပ်ဖော်ခဲ့ကြသူများက သူတို့လုပ်ရပ်ကို လိပ်ပြာလုံပါရဲ့လားဟု မေးရပေတော့မည်။ ထို့ကြောင့် ခေတ်အဆက်ဆက်တွင် ထောင်အကြောင်းစာအုပ်များထွက်ပေါ်ခဲ့လေသည်။


ကိုလိုနီခေတ်က ထောင်စာအုပ်တစ်အုပ်ထွက်ခဲ့သည်။ ထိုစာအုပ်မှာ သခင်ဘုန်းမြင့်(ကျော်လင်း)ထုတ်ဝေသည့် "ထောင့်အရသာ"ဖြစ်သည်။ ထိုစာအုပ်တွင် ထောင်ကျသွားသော သခင်ခုနစ်ယောက်၏ ထောင်အတွေ့အကြုံများကို တင်ပြထားလေသည်။ ထိုစာအုပ်ကို ထုတ်ဝေသူ သခင်အုန်းမြင့်က သူ့အမှာစာတွင် အောက်ပါအတိုင်းရေးသားခဲ့လေသည်။


"ထိုနေ့က ပြန်လာခဲ့ပြီးနောက် ကြိမ်ဖန်များစွာ ထောင်သို့သွားသော်လည်း ထောင်အစေခံတို့၏ ညှဉ်းမှုကြောင့် ကျွန်ုပ်၏ရဲဘော်တစ်စုနှင့်မတွေ့ရဘဲ ပြန်ခဲ့ရသည်သာဖြစ်သဖြင့် စုံစမ်းကြည့်ရာ ထောင်အစေခံများက ထောင်ထဲမှ သတင်းများ အပြင်က မသိစေရန်နှင့် အပြင်က သတင်းစုံကို ထောင်ထဲကသိမည်စိုး၍ တစ်ကြောင်းကြောင့် ထောင်တွင်းရှိလူများကို တွေ့ရန်လာသူတိုင်း နောက်ထပ်မလာချင်ဘဲ စိတ်ပျက်သွားစေရန် တမင်တကာညှင်းခြင်း၊ ညစ်ခြင်းပင်ဖြစ်ကြောင်း သိရှိရပေ၏။

"ထိုအခါ ကျွန်ုပ်သည် ထောင်အစေခံတို့ တရားလွန်ယုတ်မာပုံကို လူတိုင်းလူတိုင်းသိကာ ၎င်းတို့၏ ပရိယာယ်ညွှတ်ကွင်းမှ လွတ်ကင်းစေလို၍ ထောင့်အကြောင်းစာအုပ်တစ်အုပ် ထုတ်ဝေရန် အကြံပေါ်ခဲ့ပေ၏။

ထိုအချိန်မှစ၍ နိုင်ငံရေးလိုက်စားသူတိုင်း ထောင်ကျဖူးရမည်။ ထောင်မကျဖူးသေးလျှင် နိုင်ငံရေးလုပ်ငန်း၌ အရည်အချင်းမပြည့်စုံသေးဟု ကျွန်ုပ်၏စွဲလမ်းချက်သည် တိုးတက်ခိုင်မာလာသည်။

"ဤစာအုပ်ကို ဖတ်ရှုရသော ရဲဘော်အပေါင်းတို့သည် ထောင်ကျလိုစိတ် တဖွားဖွားပေါ်ပေါက်စေပါသတည်း။"




"ထောင့်အရသာ'စာအုပ်ကို ဒုတိယအကြိမ်အဖြစ် စိတ်ကူးချိုချိုစာအုပ်တိုက်မှ ပြန်လည်ထုတ်ဝေထားသည်။

'ခေတ်သုံးခေတ် အကျဉ်းသား'ကို ရေးသားသူမှာ အောင်သူ(မန်းတက္ကသိုလ်)ဖြစ်သည်။ စာရေးသူ အောင်သူ(မန်းတက္ကသိုလ်)၏ အကြောင်းကို သူနှင့်လုပ်ဖော်ကိုင်ဖက် အောင်သာက အောက်ပါအတိုင်းရေးသားခဲ့သည်။

'သူဟာ ၁၉၅၃ အောက်တိုဘာ ကျောင်းတစ်လပိတ်ရေး' ရန်ကုန်တက္ကသိုလ်ကျောင်းသားလှုပ်ရှားမှုက စပြီး ကျောင်းသားလှုပ်ရှားမှုအတွင်း စတင်ပါဝင်ခဲ့တယ်' လို့ ဖော်ပြခဲ့ပါတယ်။ ဒီတော့ ကျွန်တော်တို့တစ်တွေဟာ နှစ် ၆၀ ပြည့်အတွင်းကစပြီး ကျောင်းသားလှုပ်ရှားမှုအတွင်း ပါဝင်လာကြတဲ့ကျောင်းသားခေါင်းဆောင် ပထမ မျိုးဆက်ဝင်များဖြစ်တယ်လို့ ဆိုရပါမယ်။ ကျွန်တော်တို့မျိုးဆက်ဟာ ၁၉၆၃ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး ပျက်ပြီး မဆလအစိုးရရဲ့ အုပ်စိုးမှုကြီး reign of terror ကျရောက်လာတဲ့အခါ ကိုကိုးကျွန်း ညှဉ်းပန်းနှိပ်စက်ရေးစခန်းမှာ သေမလား၊ လက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲအတွင်း ပါဝင်ပြီး နောက်ဆုံးထွက်သက်ကို ရှူထုတ်မလား၊ ကိုအောင်သူတို့၊ ကျွန်တော်တို့ဟာ ဒုတိယလမ်းကြောင်းကို ရွေးချယ်ခဲ့ကြတယ်။

စာရေးသူ အောင်သူ(မန်းတက္ကသိုလ်)က ခေတ်သုံးခေတ်အကျဉ်းသမား စာအုပ်အမှာစာတွင်-

"ဒီနှစ် ၆၀ အတွင်း ဖိနှိပ်ချုပ်ချယ်မှု၊ ဖမ်းဆီးချုပ်နှောင်မှု၊ အစုလိုက် အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုတွေကို အပြင်းထန်ဆုံး၊ အရက်စက်ဆုံးလုပ်ခဲ့တာကိုလည်း တွေ့နိုင်ပါတယ်။ အဲဒီသမိုင်းဖြစ်စဉ်ကို နောက်ခံထားပြီး ကျောင်းသားဘဝ၊ နိုင်ငံရေးသမားဘဝနဲ့ ပါဝင်လှုပ်ရှားရင်း ဘဝတူရဲဘော်တွေနှင့်အတူ အချုပ်ခန်း၊ စစ်ကြောရေးစခန်းတွေမှာ ရိုက်နှိုက်ညှဉ်းပန်းခံ၊ နှိပ်စက်ခံရတာတွေ၊ ထောင်တွေမှာ နှစ်ရှည် ထိန်းသိမ်းခံဘဝ၊ နှစ်ရှည်ပြစ်ဒဏ်ကျအကျဉ်းသားဘဝနှင့် ဒုက္ခသုက္ခရောက်ခဲ့ရတာတွေကို မှတ်တမ်းတင်ထားပါတယ်။"

ဆရာထက်မြက်၏ "အမှောင်ထုကို ဖြတ်သန်းခြင်း" သည် မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံး၊ အရက်စက်ဆုံး ကိုကိုးကျွန်းအကျဉ်းထောင်ဘဝ ကိုကိုးကျွန်းမှ ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသည့် စာအုပ်ဖြစ်သည်။

လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၏ အကျဉ်းထောင်သမိုင်းတွင် နိုင်ငံရေးအကျဉ်းသားများကို ဘင်္ဂလားပင်လယ်အော်ရှိ ကိုကိုးကျွန်းသို့ ပို့ခဲ့လေသည်။ ၁၉၅၈ ခုနှစ်က တစ်ကြိမ်၊ ၁၉၆၉ ခုနှစ်က တစ်ကြိမ် နှစ်ကြိမ်ပို့ခဲ့သည်။

၁၉၅၈ ခုနှစ် ကိုကိုးကျွန်းသို့ အပို့ခံရပြီး ၁၉၆၀ ပတ်ဝန်းကျင်၌ ပြန်လည်ခေါ်ယူပြီးနောက် ပထစအစိုးရလက်ထက် မြို့တော်ခန်းမတွင် ကိုကိုးကျွန်းပြပွဲကို ပြသခဲ့သည်။ ဒီမိုကရေစီအစိုးရတက်လာသဖြင့် ကိုကိုးကျွန်းအကြောင်းကို စာရေးဆရာအချို့က ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်အချို့မှာ ကိုကိုလေး၏ ဘာလဲဟဲ့ ကိုကိုးကျွန်း (၁၉၆၀)၊ မောင်ချစ်ရီ၏(ကိုကိုးကျွန်းမှ ပုဒ်မ ၅) (၁၉၆၀) စသည်တို့ဖြစ်သည်။

ဒုတိယအကြိမ် ၁၉၆၉ ခုနှစ် ကိုကိုးကျွန်းပို့ပြီး ၁၉၇၂ ခုနှစ် နိုင်ငံရေးအကျဉ်းသားများ ပြန်လွတ်လာချိန်တွင် ယခင်ကလို စာအုပ်များ ရေးသားခွင့်မရခဲ့ပေ။ သို့သော် မဆလခေတ် မိုးကောင်းနေစဉ်ကာလ ၁၉၇၃-၇၄ တစ်ဝိုက်တွင် စာပေချုပ်ချယ်ကန့်သတ်မှု ပြင်းထန်နေဆဲရှိသော်လည်း ဆရာမြသန်းတင့်က အလင်္ကာမြောက်စွာဖြင့် နိမိတ်ပုံပြ ရသစာပေတစ်ခု၊ ကိုကိုးကျွန်းဖြတ်သန်း ရုန်းကန်တိုက်ပွဲဝင်ရမှုတွေကို သွယ်ဝိုက်၍ ဖော်ပြခဲ့ဖူးပါတယ်။ ထိုစာအုပ်ကား "ဓားတောင်ကိုကျော်၍ မီးပင်လယ်ဖြတ်မည်"ဖြစ်သည်။ ကိုကိုးကျွန်းပေါ်က သူကိုယ်တိုင် ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ရသည့်ဇာတ်လမ်းဇာတ်အိမ်တွင် လူတန်းစား လေးရပ်ကို ကိုယ်စားပြုသည့်ဇာတ်ကောင်များ ဖန်တီးပြီး ရေးဖွဲ့ခဲ့သည့် ဝတ္ထုဖြစ်သည်။

ဒုတိယအကြိမ် ကိုကိုးကျွန်းအပို့ခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများနှင့် စာရေးဆရာများသည် ဖိနှိပ်မှုများကို အသက်ပေး၍တွန်းလှန်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၆၉ ခုနှစ် ကိုကိုးကျွန်းအကျဉ်းထောင်၌ အစာငတ်ခံတိုက်ပွဲပေါင်း လေးပွဲရှိခဲ့သည်။ ပထမတိုက်ပွဲမှာ အကျဉ်းစခန်းရှိ နိုင်ငံရေးအကျဉ်းသားအားလုံး ထောက်ခံသော ခုနစ်ရက်ကြာ ငါးပိပုပ်တိုက်ပွဲဖြစ်သည်။ ဒုတိယတိုက်ပွဲမှာ မဝရေစာပေးထားသော ရိက္ခာနှုန်းများကို တိုးမြှင့်ပေးရေးအတွက် တိုက်ပွဲဝင်သော ရက် ၄၀ အစာငတ်ခံတိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲတွင် ဆရာမြသန်းတင့်ကိုယ်တိုင် ပထမအသုတ်မှ ရက် ၄၀ လုံးလုံး အစာငတ်ခံခဲ့သည်။ ထိုတိုက်ပွဲအပြီး အလံနီပါတီမှ သူတို့ပါတီတစ်ခုတည်း ၄၆ ရက်ကြာ အစာငတ်ခံတိုက်ပွဲ ဆင်နွှဲခဲ့သည်။ ထိုတိုက်ပွဲတွင် ရဲနီဘိုကြူနှင့် ရဲနီနယ်လင်းတို့ ကျဆုံးခဲ့သည်။

စတုတ္ထတိုက်ပွဲက ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုက်ပွဲဖြစ်ပြီး ၅၃ ရက်ကြာခဲ့သည်။ ရဲဘော် ရှစ်ဦးကျဆုံးခဲ့ပြီး တိုက်ပွဲတောင်းဆိုချက်ကတော့ ကိုယ်ထူကိုယ်ထ လေးမျိုးဖျက်သိမ်းရေးဖြစ်သည်။ ထိုတိုက်ပွဲကို အောင်မြင်ခဲ့သဖြင့် ကျွန်းဖျက်သိမ်းပြီး ပြည်မထောင် ပြန်ပို့မည်ဟု အစိုးရက လိုက်လျောခဲ့လေသည်။ ထိုတိုက်ပွဲတွင် ရဲဘော်ရှစ်ဦး အသက်ပေးလှူသွားခဲ့ကြသည်။

ဆရာထက်မြက်၏ "အမှောင်ထုကို ဖြတ်သန်းခြင်း" သည် တစ်ချိန်က နာမည်ကျော်ကြားခဲ့သော ကိုကိုးကျွန်းအကျဉ်းထောင်အကြောင်းကို ပြည့်ပြည့်စုံစုံ ရေးသားတင်ပြထားသည်။ ။




၂၀၁၆ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲကို မြန်မာအသင်းနှင့် ဩစတြေးလျ ယူ-၂၀ အသင်းတို့ယှဉ်ပြိုင်ကစားသည့်ပွဲကို ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေးရှိကားပါကင်၌ LED Board ဖြင့် ပြသရာ ပရိသတ်များတက်ကြွစွာအားပေးနေသည်ကိုတွေ့ရစဉ်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မိခင်နို့ချိုတိုက်ကျွေးစို့

## ဒေါက်တာစိုးမင်းဦး

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ ကျော်တွင် နှစ်စဉ်ဩဂုတ်လ ပထမပတ်ရောက်တိုင်း မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ၏ အာဟာရ မြှင့်တင်ရန် ရည်ရွယ်၍ မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ်သတ်မှတ်ပြီး ဆောင်ရွက်ကြပါသည်။ ယခုနှစ်အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်မှာ Breast Feeding, A key to Sustainable development ဖြစ်၍ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မိခင်နို့ချိုတိုက်ကျွေးစို့" ဟူ၍ မြန်မာမှုပြုထားပါသည်။

မိခင်နို့သည် မွေးစမှ ခြောက်လအရွယ်ကလေးအတွက် အခြားတုနှိုင်းစရာမရှိသော၊ အကျိုးအာနိသင်အရှိဆုံးသော အာဟာရဖြစ်ပါသည်။ မိခင်၏ နို့ဦးရည်တွင် ပါဝင်သော ပဋိပစ္စည်းများမှာ ကလေးအတွက် ရောဂါကာကွယ်ရာတွင် အကျိုးရှိလှသောကြောင့် မိခင်နို့သည် ကလေးငယ်၏ ပထမဆုံးသော ကာကွယ်ဆေးဟုပင် ဆိုကြပါသည်။ ဘဝ၏ အခြားမည်သည့်အသက်အရွယ်တွင်မှ တစ်မျိုးတည်းစားသောက်ရုံမျှဖြင့် အာဟာရပြည့်ဝစေသည့် အစာဟူ၍မရှိသော်လည်း မွေးစမှ ခြောက်လအရွယ် ကလေးတစ်ယောက်အတွက် လိုအပ်သောအာဟာရအားလုံးမှာ မိခင်နို့မှရနိုင်သည်။ ခြောက်လမှ တစ်နှစ်အရွယ် ကလေးများ၏ အာဟာရလိုအပ်ချက် ၅၀ ရာခိုင်နှုန်းကျော်နှင့် တစ်နှစ်မှ နှစ်နှစ်အရွယ် ကလေးများ၏ အာဟာရလိုအပ်ချက် ၃၀ ရာခိုင်နှုန်းကျော်ကို မိခင်နို့မှဖြည့်ဆည်းပေးနိုင်ပါသည်။ ငါးနှစ်အောက်ကလေးငယ်များတွင် သေဆုံးမှုများစွာ ဖြစ်ပွားစေသော အဓိကရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အဆုတ်အအေးမိရောဂါများဖြစ်ပါသည်။ အသက်ခြောက်လအောက် ကလေးများအား မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းဖြင့် ယင်းရောဂါများဖြစ်ပွားမှုကို လျှော့နည်းစေနိုင်သဖြင့် ကမ္ဘာပေါ်တွင် ကလေးငယ်များ၏ အသက်ပေါင်း ၈၂၀၀၀၀ ကျော်ကို နှစ်စဉ်ကယ်တင်ပေးနိုင်မည်ဟု သုတေသနရလဒ်များအရ သိရပါသည်။

The Lancet ဂျာနယ်တွင် မိခင်နို့တိုက်ကျွေးမှု၏ အကျိုးကျေးဇူးများကို သုံးသပ်၍ အဆိုပြုတင်ပြချက်များကို မကြာသေးမီက ဖော်ပြခဲ့ပါသည်။ မိခင်နို့တိုက်ကျွေးခြင်း အလေ့အထဖြင့် ပို၍ကျန်းမာရေးကောင်းမွန်သော လူမှုဝန်းကျင်နှင့်ညီမျှမှုရှိသော ကမ္ဘာဖြစ်လာနိုင်သည်ဟု ဆိုပါသည်။ ၂၀၁၅ ခုနှစ်က ကမ္ဘာ့နိုင်ငံအသီးသီးမှ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရန်၊ မညီမျှမှုများ တိုက်ဖျက်ရန်နှင့် ရာသီဥတုပြောင်းလဲမှုများကို တုံ့ပြန်ရန်ရည်ရွယ်၍ ကတိကဝတ်ပြုကာချမှတ်ထားခဲ့ကြသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် ၁၇ ချက် (17 Sustainable Development Goals) ကိုရောက်ရှိရန်အတွက် နိုင်ငံတိုင်းရှိ အစိုးရတိုင်းမှ မိခင်နို့တိုက်ကျွေးရေးတွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်ဟု ခိုင်လုံသော အထောက်အထားများစွာကို ကိုးကားလျက် ဖော်ပြထားပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် (၂)တွင် ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ချက်ထားရှိပါသည်။ မိခင်နို့တစ်မျိုးတည်းကိုမွေးစမှ ခြောက်လအောက်ကလေးငယ်များအား အောင်မြင်စွာ တိုက်ကျွေးနိုင်ခြင်းဖြင့် ငါးနှစ်အောက်ကလေးများ အာဟာရပြည့်ဝစေပြီး သေဆုံးမှုစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းကိုလျှော့ချပေးနိုင်သဖြင့် ပန်းတိုင်(၂)ကို ရောက်ရှိနိုင်ရန် အထောက်အကူဖြစ်သည်ဟု ဆိုပါသည်။

သက်ရှယ်မရွေး လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေးကို ရည်ရွယ်သော ပန်းတိုင်(၃)ကိုလည်း မိခင်နို့တိုက်ကျွေးခြင်းဖြင့် ရရှိစေနိုင်သည်ဟု ဆိုပါသည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးများတွင် အဝလွန်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါများကို ကာကွယ်ပေးနိုင်ခြင်းဖြင့် လူကြီးဘဝတွင် မကူးစက်နိုင်သော ရောဂါများဖြစ်သည့် ဆီးချိုရောဂါနှင့် နှလုံးရောဂါဖြစ်ပွားမှုကို လျော့နည်း စေနိုင်သဖြင့် ရေရှည်ကျန်းမာရေး တိုးတက်စေရန် အလွန်အကျိုးရှိပါသည်။ နို့တိုက်မိခင်တွင်လည်း နို့ကင်ဆာ၊ သားဥအိမ်ကင်ဆာဖြစ်ပွားနှုန်းကို လျော့ကျစေခြင်းဖြင့် ကျန်းမာရေးကောင်းမွန်တိုးတက်ခြင်း၊ ကျန်းမာရေးစရိတ်အကုန်အကျသက်သာခြင်းစသည့် အကျိုးများစွာလည်း ရရှိစေပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်(၄)မှာ ပညာသင်ယူနိုင်မှု အခွင့်အလမ်းရရှိရေးနှင့် ဆိုင်ပါသည်။ လူတိုင်းသင်ယူခွင့်ရှိသည့် အရည်အသွေးပြည့်ဝသော ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိစေရန်အတွက် ကလေးငယ်များ ငယ်စဉ်ဘဝတွင် ကိုယ်ကာယနှင့် ဉာဏ်ရည်ဉာဏ်သွေးကောင်းရန်လိုပါသည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးများတွင် မှတ်ဉာဏ်စွမ်းရည်မြင့်မားခြင်း၊ ကောင်းစွာလေ့လာသင်ယူနိုင်ခြင်း၊ စာတတ်နှုန်းမြင့်မားခြင်းတို့ဖြစ်စေနိုင်သောကြောင့် လူကြီးဘဝတွင် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ခလစာရရှိခြင်းတို့အပြင် နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်မှု တိုးတက်လာခြင်း အကျိုးကျေးဇူးများပါ ရရှိစေနိုင်ပါသည်။

ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ပန်းတိုင်များ ရောက်ရှိစေရန်အကျိုးပြုသောကြောင့် အခြားရည်မှန်းချက်ပန်းတိုင်များဖြစ်သည့် ဆင်းရဲမွဲတေမှုလျော့ကျခြင်း၊ စီးပွားရေးတိုးတက်ခြင်းနှင့် မညီမျှမှုလျော့နည်းစေခြင်းစသည့် ပန်းတိုင်များ အောင်မြင်စေရန် သွယ်ဝိုက်၍ အထောက်အကူပြုပေးနိုင်ပါသည်။ သို့ဖြစ်၍ မိခင်နို့တိုက်ကျွေးခြင်းသည် လူသားစွမ်းရည်မြင့်မားတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးရေး၊ စီးပွားရေးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ချက်များအနက်မှ အကျိုးအရှိဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးသော ဆောင်ရွက်ချက်တစ်ခုဖြစ်သဖြင့် နိုင်ငံအတွက် အကောင်းမွန်ဆုံးသော ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်သည်ဟု ဆိုကြပါသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဖော်ပြရလျှင် မိခင်နို့မတိုက်ကျွေးရသဖြင့် ဉာဏ်ရည်နိမ့်ကျမှုကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ခန့် နစ်နာဆုံးရှုံးမှု ရှိနေကြောင်း ပညာရှင်များက တွက်ချက်ပြပါသည်။ ယင်းပမာဏမှာ Global National Income ၏ သုည ဒသမ ၄၉ ရာခိုင်နှုန်းအထိရှိသည်ဟုဆိုပါသည်။

မြန်မာ့လူမှုဝန်းကျင်တွင် မိခင်နို့တိုက်ကျွေးမှုနှုန်း မြင့်မား၍ မွေးစကလေး ၇၆ ရာခိုင်နှုန်းမှာ မွေးပြီး တစ်နာရီအတွင်း မိခင်နို့တိုက်ကျွေးခြင်းခံရသည်။ ကလေးအသက် နှစ်နှစ်အထိ မိခင်နို့တိုက်ကျွေးမှုမှာ ၆၅ ရာခိုင်နှုန်းရှိပါသည်။ မကြာသေးမီကာလက ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် Alive & Thrive အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော သုတေသနရလဒ်အရ မြန်မာနိုင်ငံတွင် ကလေးအသက် ခြောက်လပြည့်သည်အထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးနှုန်းမှာ ကမ္ဘာ့လျာထားချက် ၅၀ရာခိုင်နှုန်း၏ ထက်ဝက်ခန့်သာရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် မိခင်အားလုံးနီးပါးမှာ မိခင်နို့တိုက်ကျွေးကြသော်လည်း အသက် ခြောက်လပြည့်သည်အထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခံရသော ကလေးမှာ ၂၄ ရာခိုင်နှုန်းသာရှိသည်ဟု ဆိုပါသည်။ အကြောင်းမှာ မိခင်နို့အပြင် ရေ၊ ပျားရည်၊ ထမင်း စသည်တို့ ကျွေးမွေးနေခြင်းကြောင့် ဖြစ်ပါသည်။ အကယ်၍သာ ကလေးအသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ပါက ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် အဆုတ်အအေးမိရောဂါကို ကာကွယ်ပေးနိုင်သောကြောင့် နှစ်စဉ်ကလေးအသက်ပေါင်း ၁၆၃၆ ဦးကို ကယ်တင်နိုင်လိမ့်မည်ဟု ဆိုပါသည်။

ထို့အပြင် မိခင်နို့ကို မှန်မှန်ကန်ကန် တိုက်ကျွေးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံမှာ နှစ်စဉ်ကျန်းမာရေးကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃သန်းကျော် သက်သာသွားနိုင်သည်ဟုလည်း သိရပါသည်။ မိခင်နို့လုံလုံလောက်လောက်မတိုက်ဘဲ အစားထိုး အစားအစာများ ကျွေးမွေးသည့်အတွက် ကုန်ကျစရိတ်မှာ ဝင်ငွေနည်းသည့်မိသားစု လစဉ်ဝင်ငွေ၏ သုံးပုံတစ်ပုံအထိ ကုန်ကျနေရကြောင်းလည်း သိရပါသည်။

မိခင်နို့အောင်မြင်စွာ တိုက်ကျွေးနိုင်ရေးမှာ နို့တိုက်မိခင်တစ်ဦးတည်း၏ တာဝန်မဟုတ်ဘဲ အားလုံးပူးပေါင်းပါဝင်ကြဖို့ လိုပါသည်။ အကြောင်းမှာ မိခင်နို့ချိုတိုက်ကျွေးခြင်းသည် ကလေးနှင့် မိခင်၏ ကျန်းမာရေးသာမက မိသားစု လူမှုဝန်းကျင်နှင့် တစ်မျိုးသားလုံး အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိစေပြီး ကျန်းမာရေးနယ်ပယ်၊ ပညာရေးနယ်ပယ်၊ လူမှုဝန်းကျင်နယ်ပယ်နှင့် စီးပွားရေးနယ်ပယ်အထိပါ များစွာသက်ရောက်မှုရှိနိုင်သောကြောင့် မိခင်တိုင်း မိမိရင်သွေးကို ကောင်းမွန်အောင်မြင်စွာ နို့ချိုတိုက်ကျွေးနိုင်စေဖို့ အားလုံးလက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

**ကိုးကား( The Lancet Breast Feeding Series, Vol.387,No 10017,30 Jan 2016)**

**မိခင်နို့ချိုတိုက်ကျွေးခြင်းသည် ကလေးနှင့် မိခင်၏ ကျန်းမာရေးသာမက မိသားစု လူမှုဝန်းကျင်နှင့် တစ်မျိုးသားလုံး အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိစေပြီး ကျန်းမာရေးနယ်ပယ်၊ ပညာရေးနယ်ပယ်၊ လူမှုဝန်းကျင်နယ်ပယ်နှင့် စီးပွားရေး နယ်ပယ်အထိပါ များစွာသက်ရောက်မှုရှိနိုင်။**

# လပိုင်းအတွင်းရွှေဈေးမြင့်တက်လာခြင်းကြောင့် မြန်မာ့လက်မှုထုတ်ကုန်ဖြစ်သည့်ရွှေဆိုင်းလုပ်ငန်းများထိခိုက်

**မန္တလေး ဩဂုတ် ၄**

ပြည်တွင်း ရွှေဈေးကွက်တွင် လပိုင်းအတွင်း တစ်ကျပ်သားလျှင် ငွေကျပ် ခုနစ်သိန်းကျော်မှ ရှစ်သိန်းကျော်အထိ မြင့်တက်သွားသဖြင့် မြန်မာ့လက်မှုထုတ်ကုန်ဖြစ်သည့် မန္တလေးမြို့ မျက်ပါးရပ်မှ ရွှေဆိုင်းလုပ်ငန်းများ အရှုံးနှင့်ရင်ဆိုင်ကာ လုပ်ငန်းအချို့ ရပ်ဆိုင်းထားရကြောင်း မျက်ပါးရပ်မှ ရွှေနှင်းဆီ ရွှေဆိုင်းလုပ်ငန်းရှင် ဦးအောင်ကျော်မြင့်က ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ၂၀၁၅ ဒီဇင်ဘာတွင် ငွေကျပ် ၇၄၀၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ဇူလိုင် ၃၁ ရက်က ကမ္ဘာ့ရွှေဈေး တစ်အောင်စ ဒေါ်လာ ၁၃၅၀ နှင့် ပြည်တွင်းရွှေဈေးနှုန်း တစ်ကျပ်သားလျှင် ငွေကျပ် ၈၄၃၀၀၀ ဖြစ်၍ ကျပ်တစ်သိန်းဝန်းကျင် မြင့်တက်လာကြောင်း သိရ သည်။

"ရွှေဆိုင်းလက်ခံရင် ပေါက်ဈေးထက် ငါးသောင်းလောက်မြင့်ပြီး တင်ဒါယူပေမယ့် မထင်မှတ်ဘဲ ရွှေဈေးက ထိုးတက်သွားတော့ လုပ်ငန်းရှင်အချို့ ရပ်နားထားတယ်။ တင်ဒါစနစ်ဆိုတော့ လက်ခံတုန်းက ဈေးနှုန်းအတိုင်း လုပ်ပေးရတယ်။ အခုဈေးနဲ့ တစ်သိန်းလောက်ကွာသွားပြီ" ဟု ၎င်းက ပြောသည်။

ရွှေဆိုင်းထုတ်လုပ်သူ အများစုမှာ ရွှေဈေးကျပ် ၇၀၀၀၀၀ ဝန်းကျင်ဖြင့်တွက်ချက်ခဲ့ပြီး လက်ရှိပေါက်ဈေးမှာ ကျပ် ၈၄၀၀၀၀ ဝန်းကျင်ရောက်ရှိနေကြောင်း၊ မြန်မာပြည်အရပ်ရပ်မှ ဘုရားစေတီများတွင် သတ်မှတ်ကာလအထိ တင်ဒါအောင်ဈေးနှုန်းဖြင့် ရွှေဆိုင်းအရေအတွက်ပြည့်မီအောင် ပေးသွင်းရခြင်းဖြစ်၍ တစ်သိန်းခွဲခန့် မြင့်တက်သွားခြင်းကြောင့် အရှုံးပေါ်ရခြင်း ဖြစ်သည်။

"တစ်ယောက်တည်း မလုပ်နိုင်ရင် ရှစ်ယောက်လောက်စုပြီး တင်ဒါဆွဲတယ်။ အခေါက်ရွှေကိုကြိုဝယ်ပြီး လုပ်တဲ့သူတွေမှာ အရှုံးပေါ်နေရင် ပေါက်ဈေးနဲ့ဝယ်ပြီး ရွှေဆိုင်းထုတ်လုပ်သူတွေ ပိုဆိုးတယ်။ မိုးတွင်းမှာ အလုပ်ပါးတယ်ဆိုပေမယ့် ရွှေဈေးကြောင့် ရွှေဆိုင်းမထုတ်နိုင်လို့ အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်ရတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် လက်မှုပညာဖြင့် ရွှေဆိုင်းထုတ်လုပ်သူများမှာ မန္တလေးမြို့ မျက်ပါးရပ်တစ်ခုတည်းသာရှိပြီး လက်ရှိရွှေဆိုင်းလုပ်ငန်းရှင် ၁၀၀ ကျော်နှင့် တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူ ၅၀ ကျော်ရှိကြောင်း၊ ရွှေဈေးမြင့်တက်ခြင်းအပြင် စက်ဖြင့်ရွှေဆိုင်းထုတ်လုပ်မှုများရှိလာခြင်းကလည်း လက်မှုရွှေဆိုင်းထုတ်လုပ်သူများအတွက် ထိခိုက်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

"ရွှေဆိုင်းထုတ်တဲ့သူတွေမှာ ရွှေဈေးပဲ တွက်ရမယ်။ သူတို့ မကိုက်ရင် မဖြစ်မနေ လုပ်ရမယ့်သူလောက်က ဆက်လုပ်ပြီး လုပ်ငန်းရှင်တချို့က ရပ်ထားကြမှာပဲ။ အလုပ်သမားခက နှစ်နှစ်လောက်ကြာမှ တစ်ခါလောက် ဈေးတက်တာဆိုတော့ ရွှေဈေးက အဓိက ဖြစ်တယ်"ဟု ရွှေပြားခတ်သူ ကိုဝင်းမြင့်က ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းနှင့် ပတ်သက်ပြီး ရွှေအရောင်းအဝယ်ပြုလုပ်နေသူ ဦးကျော်ကျော်ဦးက သုံးသပ်ရာတွင် ကမ္ဘာ့ရွှေဈေးနှင့် ငွေကြေးလဲလှယ်မှု အပေါ်မူတည်ကြောင်း၊ လက်ရှိ ဒေါ်လာငွေလဲလှယ်နှုန်းမှာ ငွေကျပ် ၁၃၅၀ ရှိ၍ ဒေါ်လာငွေ လိုအပ်မှု (ဒေါ်လာနှင့် မြန်မာငွေလဲလှယ်အား) နည်းပါက ကမ္ဘာ့ရွှေဈေးမြင့်သော်လည်း ပြည်တွင်းရွှေဈေးမှာ ငြိမ်နေတတ်သည်ဟု ပြောသည်။

**အောင်ရဲသွင်**



# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၄**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာအင်ဒရူးပက်ထရစ်ခ်အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-ဗြိတိန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဇန်နဝါရီလမှ ဇွန်လအတွင်း ရာဇဝတ်မှု ၁၀၉၂ မှုတွင် ၅၄၆ မှုစစ်ဆေးပြီးပြတ်၍ တရားမအမှု ၂၃၂၉ မှုတွင် ၁၂၇၅ မှု စစ်ဆေးပြီးပြတ်ခဲ့




**နေပြည်တော် ဩဂုတ် ၄**
တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်နှင့် တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်ရည်မှန်း၍ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း အောင်မြင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်သည့်ကာလဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်က ထိုကဲ့သို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အထောက်အပံ့ပြုရန် ဒေသတွင်းတရားရုံးနှင့် ပူးပေါင်း၍ "တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ဝေခြင်း"နှင့် "ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုအသွင်ပြောင်းလဲခြင်း"ကဏ္ဍတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုကို မြှင့်တင်ရန် တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေသည်ဖြစ်၍ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများအားလုံးက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးအလေးထား တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ရာဇဝတ်အမှုပေါင်း ၁၀၉၂ မှု လက်ခံရရှိပြီး ၅၄၆ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၅၄၆ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၂၃၂၉ မှု လက်ခံရရှိပြီး ၁၂၇၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၀၅၄ မှု ကျန်ရှိကြောင်း၊ ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၁၈၆ မှု လက်ခံရရှိပြီး ၈၀ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၀၆ မှု ကျန်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များတွင် ရာဇဝတ်အမှုပေါင်း ၅၁၃၆ မှု လက်ခံရရှိပြီး ၂၇၃၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၄၀၃ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၅၄၇၉ မှု လက်ခံရရှိပြီး ၂၆၈၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၇၉၅ မှု ကျန်ရှိကြောင်း။

ခရိုင်တရားရုံးများတွင် ရာဇဝတ်အမှုပေါင်း ၁၁၂၉၀ မှု လက်ခံရရှိပြီး ၆၅၄၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၄၇၄၇ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၁၆၆၁၁ မှု လက်ခံရရှိပြီး ၅၀၆၇ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၁၅၄၄ မှု ကျန်ရှိကြောင်း။

မြို့နယ်တရားရုံးများတွင် ရာဇဝတ်အမှုပေါင်း ၁၆၀၃၄၄ မှု လက်ခံရရှိပြီး ၁၁၉၅၂၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၄၀၈၁၅ မှုကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၂၈၆၇၃ မှု လက်ခံရရှိပြီး ၁၀၀၁၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၈၆၅၈ မှု ကျန်ရှိကြောင်း။

ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် ကလေးသူငယ် တရားရုံး (ရန်ကုန်နှင့်မန္တလေး)တွင် ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၅၉ မှု လက်ခံရရှိပြီး ၁၃၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၅ မှုကျန်ရှိကြောင်း၊ စည်ပင်သာယာတရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တို့တွင် စည်ပင်သာယာ ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၈၈၈၁ မှု လက်ခံရရှိပြီး ၁၈၃၂၆ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၅၅၅ မှု ကျန်ရှိကြောင်း။

မော်တော်ယာဉ်တရားရုံး (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး) တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်၍ မော်တော်ယာဉ် ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၆၀၁၁၂ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ ထို့ကြောင့် အမှုများကို စီရင်ဆုံးဖြတ်ရာတွင် ဖြစ်ရပ်မှန်အချက်အလက်များနှင့် အမှုတွင်ခိုင်မာသည့် အချက်အလက်များကို အခြေခံ၍ တည်ဆဲဥပဒေများနှင့်အညီ သမာသမတ်ကျကျ စီရင်ဆုံးဖြတ်ကြရန်နှင့် အမှုများကြန့်ကြာမှု မရှိစေရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ တက်ရောက်ဆွေးနွေးကြသည်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအား ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ဒိုက်ဦး ဩဂုတ် ၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ကောလိယခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာ ၁၂ ရွာမှ ကော်မတီဥက္ကဋ္ဌများအား ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ၁၂ ရွာအတွက် ငွေကျပ်သိန်း ၃၆၀၀ အား လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်ကျေးလက်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမင်းမင်းသိန်းနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်သည်။

**နေလင်း(ညောင်လေးပင်)**

# တရားမဝင်တူးဖော်လျက်ရှိသည့် ရွှေဖောင်များ၊ ရွှေတူးဖော်သည့် ယာဉ်ယန္တရားများသိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၄**
တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် နိုင်ငံတော်၏ ရေ၊ မြေသယံဇာတများအား တရားမဝင်နည်းလမ်းများဖြင့် မိမိတို့၏ကိုယ်ကျိုးအတွက် ထုတ်ယူသုံးစွဲနေမှုများအား စောင့်ရှောက်ကာကွယ်လျက်ရှိရာ ကချင်ပြည်နယ်အတွင်းရှိ ဒွန်ဘန်-ရှုဒူဇွပ်နယ်မြေအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် တရားမဝင်တူးဖော်လျက်ရှိသည့် ရွှေဖောင်များ၊ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ယာဉ်ယန္တရားများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ကာမိုင်းမြို့နယ် ရှုဒူဇွပ်ကျေးရွာအနီး ပတ်ဝန်းကျင်၌ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ဇူလိုင် ၂၈ ရက်တွင် တရားမဝင်ရွှေတူးဖော်ရာတွင်အသုံးပြုသော ဘက်ဟိုးယာဉ် ၁၃ စီး၊ ၂၂ ဘီးတွဲယာဉ် သုံးစီး၊ ၁၀ ဘီးယာဉ် တစ်စီး၊ ရွှေဖောင်နှစ်ခုနှင့် တစ်ဖက်နိုင်ငံသား လေးဦးတို့အားလည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် ဘက်ဟိုးယာဉ် နှစ်စီး၊ ခြောက်ဘီးယာဉ် သုံးစီး၊ ရွှေဖောင် နှစ်ခုအားလည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် ရွှေဖောင် ငါးခုအားလည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် ဘက်ဟိုးယာဉ် နှစ်စီးနှင့် ရွှေဖောင် လေးခုအားလည်းကောင်း၊ ဩဂုတ် ၂ ရက်တွင် ၁၀ ဘီးယာဉ် နှစ်စီးအားလည်းကောင်း စုစုပေါင်း တရားမဝင် ရွှေတူးဖော်ခြင်းလုပ်ငန်းများတွင် အသုံးပြုသည့် ဘက်ဟိုးယာဉ် ၁၇ စီး၊ ၂၂ ဘီးတွဲယာဉ် သုံးစီး၊ ၁၀ ဘီးယာဉ် သုံးစီး၊ ခြောက်ဘီးယာဉ် သုံးစီး၊ ရွှေဖောင် ၁၃ ခုတို့အား သိမ်းဆည်းရမိခဲ့ပြီး တရားမဝင် ရွှေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် တစ်ဖက်နိုင်ငံသား ရှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများဆက်လက်ဆောင်ရွက်စဉ် ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် ရှုဒူဇွပ်ကျေးရွာ၏ အနောက်မြောက်ဘက် ၅ မိုင်ခန့်အကွာ တရားမဝင်ရွှေတူးဖော်မှုများပြုလုပ်နေသည့် ပတ်ဝန်းကျင်၌ KIA လက်နက်ကိုင်အဖွဲ့မှ အင်အား ၁၅ ဦးခန့်နှင့် ထိတွေ့တိုက်ပွဲနှစ်ကြိမ်၊ အင်အား ၅၀ ဦးခန့်နှင့် ထိတွေ့တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများ၏ ပြန်လည်တိုက်ခိုက်ချေမှုန်းမှုများကြောင့် ပြန်လည်ဆုတ်ခွာသွားခဲ့ကာ KIA လက်နက်ကိုင်အဖွဲ့ထံမှ လက်ပစ်ဗုံးများနှင့် အမ်-၂၂ ကျည်များ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ညနေပိုင်းတွင် ဒွန်ဘန်ကျေးရွာနှင့် ရှုဒူဇွပ်ကျေးရွာအကြား လမ်းကြောင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား KIA လက်နက်ကိုင်အဖွဲ့မှ အင်အားသုံးဦးခန့်က ဆွဲမိုင်း လေးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း ကာမိုင်းမြို့နယ် လဝါးကျေးရွာ၏မြောက်ဘက် အနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများအား KIA လက်နက်ကိုင်အဖွဲ့ငယ်များက ဆွဲမိုင်းဖြင့် တိုက်ခိုက်ခြင်း၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်း၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်းများ လုပ်ဆောင်ခြင်းကြောင့် ထိမိတိုက်ပွဲဖြစ်ပွားမှု သုံးကြိမ်ဖြစ်ပွားပြီး ယင်းအဖွဲ့များ အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အထက်ပါ တရားမဝင်ရွှေတူးဖော်မှုများကြောင့် နိုင်ငံတော်ပိုင် အဖိုးတန်သယံဇာတများ နစ်နာဆုံးရှုံးရသည့်အပြင် စက်ယန္တရားများ အသုံးပြုရွှေတူးဖော်မှုကြောင့် မိုးကောင်းချောင်းပါ တိမ်ကော၍ သဘာဝပတ်ဝန်းကျင်အားထိခိုက်ပျက်စီးခြင်း၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပေါ်နေကြောင်း သိရှိရသည်။ တပ်မတော်စစ်ကြောင်းများအနေဖြင့် ၎င်းနယ်မြေအတွင်းရှိ တရားမဝင် ရွှေတူးဖော်မှုများ၊ ယင်းအဖွဲ့များကို စောင့်ရှောက်အကာအကွယ်ပေးနေမှုများအား ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**❐ ကျောဖုံးမှ**

နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပသည့် အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၁၆)တွင် ဒုတိယသမ္မတက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယသမ္မတက အစိုးရသစ်အနေဖြင့် စတင်တာဝန်ယူခဲ့ချိန်မှစပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မည့် အခြေခံဥပဒေတစ်ရပ်ပေါ်ထွန်းလာရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးတို့ကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

ယင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ အစိုးရများ အပြောင်းအလဲဖြစ်သည့်အခါတွင် မတည်မငြိမ်မှုဖြစ်တတ်ပြီး ပဋိပက္ခများကြုံရတတ်သည်ကို အများအပြား တွေ့မြင်နိုင်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ သဘောသဘာဝအရ လွတ်လပ်မှုနှင့် တည်ငြိမ်အေးချမ်းမှုအကြား၊ ဒီမိုကရေစီအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှုအကြား ချိန်ခွင်လျှာညီမျှအောင် ထိန်းသိမ်းရန် စိန်ခေါ်မှုများရှိနေကြောင်း၊ မတည်မငြိမ်မှုများကြုံတွေ့လာပြီဆိုပါက အစိုးရ၏အရေးကြီးသည့်ဌာနဆိုင်ရာများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အချင်းချင်းနားလည်မှုမှာ အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အရေးပေါ်အခြေအနေများတွင် ကြိုတင်စီမံထားမှုများ မရှိခဲ့ပါက လက်တွေ့ဖြေရှင်းဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလ စီမံခန့်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းတရားများကို ဖော်ထုတ်ပြီး Risk Assessment များ ပြုလုပ်ထားရန်လိုကြောင်း၊ အရေးပေါ်ကာလ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာများရေးဆွဲရာတွင် ပြည်သူလူထု ဘေးကင်းလုံခြုံရေးကို အဓိကဦးတည်ချက်အဖြစ် ထားရှိရမည်ဖြစ်ကြောင်း၊ လူထုကိုမထိခိုက်စေရန်၊ ဘေးကင်းလုံခြုံရန်အတွက် ဘေးအန္တရာယ်အမျိုးအစားအလိုက် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအစီအမံများ ချမှတ်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့စီမံဆောင်ရွက်သည့်နေရာတွင် လုံခြုံရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် လူထုကိုယ်စားလှယ်များအားလုံး ပူးပေါင်းပါဝင်နိုင်အောင် စီမံပေးကြရမည်ဖြစ်ကြောင်း။

ဘေးအန္တရာယ်ကျရောက်မှုအတွက် ကြိုတင်သတင်းရရှိရေးသည် အရေးကြီးပါကြောင်း၊ ရရှိသည့်သတင်းအချက်အလက်များနှင့်ပတ်သက်ပြီး လုံခြုံရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများနှင့် မီဒီယာများ ပူးပေါင်းဆောင်ရွက်ပြီး အင်တာနက်နည်းပညာအသုံးပြုသည့် လူမှုကွန်ရက်စာမျက်နှာများနှင့် Website များကို စနစ်တကျစီမံခန့်ခွဲသွားကြရန်လည်း လိုအပ်သလိုမိုဘိုင်းဖုန်းအော်ပရေတာများနှင့်လည်း ကြိုတင်ညှိနှိုင်းထားရန် လိုအပ်မည်ဖြစ်ကြောင်း။

ဥပဒေနှင့်မညီသည့် ဆန္ဒပြမှုများပေါ်ပေါက်လာပါက ပြဿနာအရင်းအမြစ်ကို ရှာဖွေဖြေရှင်းသည့် Problem-oriented Policing နည်းစနစ်အသုံးပြုဖြေရှင်းဆောင်ရွက်ရန်၊ ဆန္ဒပြမှုများကို အဓိကရုဏ်းအသွင် မရောက်ရှိစေရန်၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူများ၏အခြေခံလွတ်လပ်ခွင့်များကို မထိခိုက်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်းပြီး Crowd Management အစီအစဉ်အတိုင်း စနစ်တကျ စီမံခန့်ခွဲရေးဆွဲထားပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရန်လိုကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အရေးပေါ်ကာလစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်တာဝန်များ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် ဆူပူဖျက်ဆီးမှု၊ ဆန္ဒပြမှုနှင့် အခြားဖြစ်ပွားခဲ့မှုများ၊ လတ်တလောဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များ၊ ဆန္ဒပြမှုများဖြစ်ပွားလာပါက ၎င်းအခြေအနေအရပ်ရပ်ပေါ်မူတည်၍ ဥပဒေနှင့်အညီတားဆီးရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဥပဒေနှင့်မညီသော ဆန္ဒပြမှုဖြစ်ပေါ်လာပါက ပြည်သူလူထု၏ အခြေခံလွတ်လပ်ခွင့်ကိုမထိခိုက်စေဘဲ စနစ်တကျ စီမံဆောင်ရွက်သွားနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က အရေးပေါ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ရဲချုပ်ဇော်ဝင်းက အရေးပေါ်ကာလ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီဖွဲ့စည်းမှုနှင့် လူစုလူဝေးများအား ကြီးကြပ်ထိန်းသိမ်းခြင်းလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာနယ်မြေအလိုက် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက စီမံဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ အဆိုပါလုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ရဲချုပ်နှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်ပြောကြားရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အရေးပေါ်စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းထားပြီး ခရိုင်နှင့် မြို့နယ်အဆင့်တို့တွင်လည်း ဆက်လက်ဖွဲ့စည်းသွားရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းအောင်မြင်ရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရေဘေးကယ်ဆယ်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းစ မိမိတို့နိုင်ငံအနေဖြင့် အရေးပေါ်စီမံခန့်ခွဲမှုမှာ အလွန်အရေးကြီးပါကြောင်း၊ အကောင်းဆုံးကိုမျှော်လင့်ထားပြီး အဆိုးဆုံးအတွက်လည်း ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက အသုံးပြုမည့် ရေအမြောက်မော်တော်ယာဉ် (Water Cannon) သရုပ်ပြမှုကို ကြည့်ရှုကြသည်။

**(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ဧရာဝတီမြစ်ရေတက်မှုကြောင့် ရေလျှံခြင်း၊ ကျိုးပေါက်ခြင်း မရှိစေရန် ရေကာတာများရိုက်၍ ဂဝံမှုန့်အိတ်များဖြင့် ကာရံတားဆီးခြင်းကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျွမ်းကျင်သူများက ပိုင်းဝန်းလုပ်ဆောင်လျက်ရှိစဉ်။ (ဝ၇၁)



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းအနီးရှိ ကျေးရွာပေါင်း ၄၀ တွင် မြစ်ရေများ ဝင်ရောက်ကာ ရေဘေးကင်းလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများအား စေတနာရှင်၊ အလှူရှင်များနှင့် ပရဟိတအဖွဲ့များက စားသောက်ဖွယ်ရာများကို လှူဒါန်းလျက်ရှိရာ တာဝန်ရှိသူများက လိုက်လံဖြန့်ဝေပေးလျက်ရှိစဉ်။

သူရထွန်း(ပွင့်ဖြူ)

## ထိုင်းအသင်း နှစ်ကြိမ်ဆက်ဗိုလ်စွဲပြီး အိမ်ရှင်မြန်မာ တတိယနေရာရရှိ

**မန္တလေး ဩဂုတ် ၄**

၂၀၁၆ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း တတိယနေရာရရှိခဲ့သည်။

**(တတိယနေရာလုပွဲ)**

မြန်မာ - တစ်ဂိုး

ဩစတြေးလျ ယူ-၂၀ - ဂိုးမရှိ

အိမ်ရှင် မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် ချန်ပီယံဆုနှင့် လွဲချော်ခဲ့သော်လည်း ဩစတြေးလျ ယူ-၂၀ အသင်းကို အနိုင်ယူကာ တတိယနေရာရရှိခဲ့သည်။ အိမ်ရှင်မြန်မာအသင်းသည် အမာခံကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိသော်လည်း ခြေစွမ်းပြကစားနိုင်ခဲ့ပြီး တတိယနေရာရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရီရီဦး ပွဲပယ်ခံထားရသောကြောင့် မြန်မာအသင်းသည် တိုက်စစ်ကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ခင်မိုးဝေကို မေသူကျော်နှင့် တွဲကစားစေခဲ့သည်။ ညနေပိုင်းကစားရသည့်ပွဲများတွင် ရာသီဥတုပူပြင်းမှုကြောင့် စိတ်ကြိုက်ကစားနိုင်ခြင်းမရှိသည့် ဩစတြေးလျအသင်းသည် ယခုပွဲတွင်လည်း မြန်မာအသင်းကို အသာမရခဲ့ပေ။ ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှောက်၌ ကျင်းပသည့်ပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခြင်းမရှိသော်လည်း တတိယနေရာရယူနိုင်ရန် မြန်မာအသင်းကြိုးပမ်းခဲ့ပြီး မိနစ် ၂၀ တွင် တစ်လုံးတည်းသော အနိုင်ဂိုးရရှိခဲ့သည်။ မြန်မာအတွက် အနိုင်ဂိုးကို ခြေစွမ်းပြပြီး ဂိုးများဆက်တိုက်သွင်းယူပေးနေသည့် ဝင်းသီတာထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး ဩစတြေးလျအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာသော်လည်း မြန်မာနောက်တန်းအမှားအယွင်းမရှိ ကာကွယ်ဖျက်ထုတ်နိုင်ခဲ့သည်။

ဗိုလ်လုပွဲအဖြစ်လက်ရှိချန်ပီယံထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက ပင်နယ်တီတွင် စုစုပေါင်းဂိုးရလဒ် ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ပထမပိုင်းတွင် ဗီယက်နမ်အသင်းက ပိုဖိနိုင်ခဲ့သော်လည်း ထိုင်းအသင်းက ဂိုးရခဲ့သည်။ ပွဲအစခြောက်မိနစ်တွင် ထောင့်ကန်ဘောမှ တစ်ဆင့် ဆရီတာလာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၈၄ မိနစ်တွင် ငုယင်သီမင်ငုယက်က ဗီယက်နမ်အတွက် ချေပဂိုးပြန်သွင်းခဲ့၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပိုတွင်လည်း သရေကျနေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ကိုးလုံးအထိကန်ခဲ့ရပြီး ထိုင်းအသင်းက ခြောက်ဂိုး-ငါးဂိုး စုစုပေါင်းဂိုးရလဒ် ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တတိယဆုရမြန်မာအသင်းနှင့် ဒုတိယဆုရ ဗီယက်နမ်အသင်းအားတစ်ဦးချင်းဆုတံဆိပ်၊ ပထမဆုရ ထိုင်းအသင်းအားတစ်ဦးချင်းဆုတံဆိပ်နှင့် ချန်ပီယံဆုဖလား၊ အသန့်ရှင်းဆုံးအသင်းဆုရ ဩစတြေးလျအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ အာဆီယံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုချီးမြှင့်သည်။

**(ရှိုင်းထက်ဇော်)**

**❂ တိုင်းဒေသကြီးမှ**

တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းကလည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ(အမျိုးသား/အမျိုးသမီး) အသင်းလိုက် ဗိုလ်လုပွဲပွဲစဉ်များကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်နှင့် တရုတ်နိုင်ငံညှိသွားအဖွဲ့တို့အား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ် ၃ ရက် ညနေ ၃ နာရီခွဲက ဂျပန်နိုင်ငံ Marubeni Corporation ၏ Power Projects and Plant Group မှ Managing Executive Officer နှင့် Chief Executive Officer, Mr. Masumi Kakinoki ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ကုန်သွယ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေမှုများ၊ ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားလိုသည့် နယ်ပယ်များ၊ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာရှိသည့် ကဏ္ဍတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်းတွင်လည်း ပါဝင်ဆောင်ရွက်သွားလိုသည့်ကိစ္စနှင့် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပံ့ပိုးပေးရန်ကိစ္စများအား ဆွေးနွေးကြသည်။

ဆက်လက်၍ ညနေ ၄ နာရီခွဲတွင် သံအမတ်ကြီး H.E. Mr. Hong Liang နှင့်အဖွဲ့အား တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်၊ ရွှေလီဒေသများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား Joint Committee ဖွဲ့စည်းပြီး နီးကပ်စွာညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်း၊ တံတားနှင့် ဆက်သွယ်ရေးကဏ္ဍများအတွက် ငွေကြေး၊ နည်းပညာ၊ အတွေ့အကြုံများ ရယူဆောင်ရွက်နိုင်ရေးတို့အား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# အခြေပြုမူလတန်းစာမေးပွဲ ပြန်လည်ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဇူလိုင် ၁၄ ရက်တွင် ကျင်းပသည့် ၄၇ ပါးစုံညီ ဧကာဒသမ အစည်းအဝေးက ၁၃၇၈ ခုနှစ် (၂၀၁၇ခုနှစ်)မှ စတင်၍ အခြေပြု မူလတန်းစာမေးပွဲကို ပြန်လည်ကျင်းပရန် ဆုံးဖြတ်တော်မူခဲ့ပြီး ပြဋ္ဌာန်းကျမ်းစာများကို အောက်ဖော်ပြပါအတိုင်း သတ်မှတ်ပေးခဲ့ပါသည်-

**ပြဋ္ဌာန်းကျမ်းစာများ**

**(က) ဝိနယ**

(၁) ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယ၊ စုဒ္ဒသ၊ ခန္ဓကဝတ် ပါဠိ၊ အနက်၊ အဓိပ္ပာယ်

(၂) ဘိက္ခုပါတိမောက်(အစမှ အနိယတုဒ္ဒေသအဆုံးအထိ) ပါဠိ၊ အနက်၊ ကျမ်းရင်း အဓိပ္ပာယ်၊ လူနှင့် သီလရှင်များအတွက် သုကုမာရမဂ္ဂဒီပနီ(လယ်တီ)

**(ခ) ကစ္စည်းသဒ္ဒါကြီး**

ကစ္စည်းသဒ္ဒါကြီးသုတ်စဉ်ပါဠိ(အားလုံး) သန္ဓိ၊ နာမ်၊ အာချာတ်၊ သုတ်နတ်၊ ရုပ်တွက်၊ နာမ်ဂိုဏ်း

**(ဂ)အဘိဓမ္မတ္ထသင်္ဂဟ**

စိတ်၊ စေတသိက်၊ ပကိဏ်း၊ ရုပ်၊ သမုစ္စည်း ၅ ပိုင်း၊ ပါဠိ၊ အနက်၊ သရုပ်၊ ကျမ်းရင်းအဓိပ္ပာယ်

**(ဃ) တိကမာတိကာ**

ပါဠိ၊ အနက်၊ အရကောက်

**မှတ်ချက်။ ၂၀၁၇ ခုနှစ် စာမေးပွဲအတွက် ပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုနိုင်ပါက ဝင်ရောက် ဖြေဆိုခွင့်ပြုရန်**

နိုင်ငံတော် သံဃမဟာနာယက ၄၇ပါး စုံညီ ဧကာဒသမ အစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့်အညီ ၁၃၇၈ ခုနှစ်(၂၀၁၇ခုနှစ်) မှစတင်၍ အခြေပြုမူလတန်းစာမေးပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပြဋ္ဌာန်းကျမ်းစာများကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ပုံနှိပ်ထုတ်ဝေရေးဌာနခွဲမှ ပုံနှိပ်ရေးဆောင်ရွက်လျက်ရှိပြီး ၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက် (စက်တင်ဘာ ၂၀ ရက်)တွင် စတင်ဝယ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ILO နှင့် MRCCI တို့ပူးပေါင်း၍ မြန်မာအလုပ်သမားဥပဒေများမိတ်ဆက်ဆွေးနွေး

**မန္တလေး ဩဂုတ် ၄**

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)တို့ ပူးပေါင်း၍ မြန်မာအလုပ်သမားဥပဒေများ မိတ်ဆက်ဆွေးနွေးပွဲကို ဩဂုတ် ၃ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းနှင့် (၃၄)လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အလုပ်သမားဥပဒေများ၊ အငြင်းပွားမှု ဖြေရှင်းခြင်း၊ အစိုးရ၏ အလုပ်သမားရေးရာမူဝါဒများကို ဆွေးနွေးခဲ့ကြသည်။ **သီဟကိုကို(မန္တလေး)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**တမူး ဩဂုတ် ၄**

တမူးမြို့သည် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ နေ့စဉ်သွားနေသော ကုန်တင်ယာဉ်ကြီးများ၊ မော်တော်ဆိုင်ကယ်များ တစ်နေ့တခြားများပြားလျက်ရှိရာ တမူးမြို့၏ လူစည်ကားရာ အလောင်းဘုရားလမ်း အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းရှေ့တွင် ဩဂုတ် ၂ ရက်က တမူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၀၉) ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာရှစ်ရွာသို့ တစ်ရွာလျှင်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်

**ပျော်ဘွယ် ဩဂုတ် ၄**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများအဖြစ်ရွေးချယ်ခဲ့သော ကျေးရွာရှစ်ရွာသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၃ ရက်က ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ကျင်းပရာ ခရိုင်နှင့် မြို့နယ်မြစိမ်းရောင်ကျေးရွာ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင်ပါဝင်သည့် ကျေးရွာရှစ်ရွာမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများအဖြစ် ရွေးချယ်ခဲ့သည့် ကျောင်းရွာ၊ ပေကုန်း၊ အေးသန်းကုန်း၊ ကျောက်ဖျာ၊ သပြေရိုး၊ ကျီရွာ၊ ရွာသစ်၊ ဝဲလောင် ကျေးရွာတို့အား တစ်ရွာလျှင် မြစိမ်းရောင်အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ခရိုင်နှင့်မြို့နယ် မြစိမ်းရောင် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များက လွှဲပြောင်းပေးအပ်ကြသည်။

ပျော်ဘွယ်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာငါးရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၀ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်ရှစ်ရွာ စုစုပေါင်း၂၃ ရွာတွင် တစ်ရွာလျှင်ကျပ်သိန်း ၃၀၀ နှုန်းဖြင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



# ဂုတ်တွင်းလမ်းအဆင်း၌တွဲကားကြီးတစ်စီးတိမ်းမှောက်မှုဖြစ်ပွား၍ လမ်းပိတ်ဆို့ခဲ့ရ

**ကျောက်မဲ ဩဂုတ် ၄**



နေ့ညမပြတ် စက်တပ်ယာဉ်ပေါင်းစုံဖြတ်သန်းမောင်းနှင်သွားလာလျက်ရှိသော မန္တလေး-မူဆယ်ပြည်ထောင်စုကားလမ်းမကြီးပေါ်မှ ဂုတ်တွင်းလမ်း၏ ကျောက်မဲဘက်အခြမ်း ခြောက်ထပ်ကွေ့အနီးတွင် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်က မန္တလေးဘက်သို့ သွားရောက်မည့် ကုန်တင်တွဲ ကားကြီးတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါတွဲကားကြီး တိမ်းမှောက်မှုကြောင့် လမ်းပိတ်သွားပြီး ညနေပိုင်းအထိ အတက်/အဆင်း ယာဉ်များ လမ်းပိတ်ဆို့ခဲ့ရသည်။

အဆိုပါနေရာသည် လမ်းအခြေအနေဆိုးရွားမှုနှင့် ကုန်တင်ကားကြီးများ အခက်အခဲတို့ကြောင့် မကြာခဏ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားလေ့ရှိကြောင်း ယာဉ်မောင်းသူအချို့ကပြောပြ၍သိရသည်။

ယင်းဖြစ်ပွားရာနေရာတွင် အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုကျောက်မဲမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက အတက်/အဆင်းယာဉ်များနှင့် ခရီးသွားများ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် ပစ္စည်းများ ထမ်းပိုးသယ်ယူရွှေ့ပြောင်းပေးခဲ့ကြသည်။ ဆက်လက်၍ လမ်းအမြန် ပြန်ပွင့်ရေးအတွက် တာဝန်ရှိသူများနှင့်အတူ ကရိန်းယာဉ်အကူအညီဖြင့် ညနေ ၅ နာရီကျော်သည်အထိ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

**သီပေါကိုလတ်**

■

# မန္တလေးဘူတာကြီးအတွင်း မှုခင်းကျဆင်းရေးနှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**မန္တလေး ဩဂုတ် ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့အမှတ်(၁) တပ်ဖွဲ့ခွဲ(မန္တလေး)ဦးဆောင်မှုဖြင့် အမှတ်(၄) တပ်ခွဲရှိရထားရဲတပ်ဖွဲ့ဝင်များသည် ရက်(၁၀၀)စီမံချက်အရ မန္တလေးဘူတာကြီးအတွင်း မှုခင်းကျဆင်းရေးနှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက်အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

အမှတ်(၁)တပ်ဖွဲ့ခွဲမှူးယာယီဒုတိယရဲမှူးကြီး မြဒွေးသည် မန္တလေးဘူတာကြီး ပထမထပ်နှင့် ဆင်ဝင်ပေါက်တို့တွင် ဧည့်သည်ကြို/ပို့မော်တော်ယာဉ်၊ ဆိုင်ကယ်မောင်းနှင်သူများအား ခရီးသည်များ စိတ်အနှောင့်အယှက်မဖြစ်စေဘဲ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သတိပြုလိုက်နာကြရန် အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် အမှတ်(၄)တပ်ခွဲ မန္တလေးမှ တပ်ခွဲမှူး ဒုတိယရဲမှူးအောင်ဇော်ဦး၊ စခန်းမှူးရဲအုပ်စိုးဦး၊ တပ်စု(၁)တပ်စုမှူး ရဲအုပ်တင့်ဝေတို့သည် မီးရထားလက်မှတ်သိမ်းချုပ် ဦးမြင့်သိန်းနှင့် တာဝန်ကျဝန်ထမ်းများ၊ ဘူတာကြီး ကုန်တင်၊ ကုန်ချစောင့်ရှောက်ရေးမှူး ဦးအောင်ထွန်း၊ အလုပ်သမားမှူးများနှင့် အလုပ်သမား ၃၅ ဦးခန့်အား လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေစဉ် အန္တရာယ်ကင်းရှင်းပြီး အသက်ဆုံးရှုံးမှုမဖြစ်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ တားမြစ်ချက်များ၊ လိုက်နာရန်အချက်များနှင့် ပြစ်ဒဏ်များကို သိရှိနားလည်ကြရန် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ရဲသွင်**

## ပြည်တွင်းရေးရာ

# မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ စီမံကိန်းကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၄**

ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးခင်အေး၊ အတွင်းရေးမှူး ဦးခင်မောင်စိုးနှင့် ကော်မတီဝင်များ၊ ပညာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဦးခမ်ခန့်ထန်နှင့် ကော်မတီဝင်များ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာ အောင်ခင်နှင့် ကော်မတီဝင်များသည် Asian Development Bank (ADB) မှ Mr.Christopher Spohr (Principal Social Sector Specialist) ဦးဆောင်သည့်အဖွဲ့အား ယမန်နေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-7) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးမှုကို အခြေပြုသည့် ချေးငွေစီမံကိန်းနှစ်ရပ်ဖြစ်သည့် (၁) ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် နည်းပညာနှင့်အသက်မွေးပညာရပ်များဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားစေရန်၊ လူငယ်များအလုပ်အကိုင်ရရှိရေး လေ့ကျင့်ပြုစုမွေးထုတ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အသုံးပြုမည့် ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ၊ (၂) မဲခေါင်မြစ်ဝှမ်းဒေသကျန်းမာရေးလုံခြုံမှုဆိုင်ရာ စီမံကိန်းကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ဦးဝင်းတင်စာကြည့်တိုက်ဆောက်မည်

**ရန်ကုန် ဩဂုတ် ၄**

ဟံသာဝတီဦးဝင်းတင်ကို ဂုဏ်ပြုသောအားဖြင့် စာကြည့်တိုက်တစ်ခုကို ကြို့ပင်ကောက်မြို့တွင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဦးဝင်းတင်စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ရှိ စိတ်ပါဝင်စားသော ကြို့ပင်ကောက်မြို့သားများ၊ မြို့နယ်အသင်း (ရန်ကုန်)က အမှုဆောင်များနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီတို့ စုပေါင်း၍ အစည်းအဝေးတစ်ခုကို အင်းစိန်မြို့နယ် သီရိစန္ဒာဆေးရုံတွင် ဇူလိုင် ၃၁ ရက်က ပြုလုပ်ခဲ့သည်။

စာကြည့်တိုက်ဆောက်လုပ်ရေးအတွက် မြေနေရာကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် ရွေးချယ်သတ်မှတ်ပေးပြီး ကြို့ပင်ကောက်မြို့ စည်ပင်သာယာရေးအဖွဲ့နှင့် ဖြစ်မြောက်ရေးကော်မတီတို့ပူးပေါင်း၍ မြေနေရာရှင်းလင်းခြင်း၊ အဆောက်အအုံပုံစံများ ထုတ်လုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ အဆောက်အအုံကို ခံ့ညားထည်ဝါစွာ ဆောက်လုပ်နိုင်ရေး ရန်ပုံငွေများစတင်စုဆောင်းနေပြီဖြစ်၍ စိတ်ပါဝင်စားသူများသည် ရန်ကုန်မြို့ အင်းစိန်မြို့နယ် သီရိစန္ဒာဆေးရုံ ဖုန်း ၀၁-၆၄၀၂၅၉၊ ၀၁-၆၄၀၂၆၂ နှင့် ၀၁-၆၄၇၃၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ပထမဆုံး နိုင်ငံတကာကိုယ်စားလှယ်ရုံးကို ကမ္ဘောဇဘဏ်လီမိတက်က ထိုင်းနိုင်ငံတွင်ဖွင့်လှစ်




**ရန်ကုန် ဩဂုတ် ၄**

ကမ္ဘောဇဘဏ်လီမိတက်၏ ပထမဆုံး နိုင်ငံတကာ ကိုယ်စားလှယ်ရုံးခွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Unit 2705, 27th Floor, Sathorn Square Office Tower 98 North Sathorn Road, Silom, Bangrak, Bangkok, 10500 Thailand တွင် ဖွင့်လှစ်လိုက်ကြောင်းသိရသည်။

ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Dusit Thani ဟိုတယ်တွင် ဩဂုတ် ၃ ရက်က ကျင်းပခဲ့ရာ အခမ်းအနားသို့ ထိုင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Veerathai Santiprabhob၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr. Pisanu Suvanajata၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ အမှုဆောင်ဒါရိုက်တာများဖြစ်ကြသော ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင်၊ ကမ္ဘောဇဘဏ်လီမိတက်မှ ထိပ်တန်းအရာရှိကြီးများ၊ ထိုင်းနိုင်ငံ ပြည်တွင်းဘဏ်များနှင့် နိုင်ငံတကာ ဘဏ်လုပ်ငန်းများမှ အကြီးအကဲများ၊ ထိုင်းစီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ကမ္ဘောဇဘဏ်လီမိတက်အား ဘန်ကောက်မြို့၌ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ရန် ယခုနှစ် နှစ်ဆန်းပိုင်းက ထိုင်းနိုင်ငံ ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုချက်လိုင်စင် ထုတ်ပေးခဲ့ပြီး ကမ္ဘောဇဘဏ်အနေဖြင့် ယနေ့တွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍအတွက် စာမျက်နှာသစ်တစ်ခုကို ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ အရှေ့တောင်အာရှ (အာဆီယံ)ဒေသနှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံဘဏ်လုပ်ငန်း၏ ပထမဆုံး ထိုးဖောက်မှုဖြစ်လာရန်အတွက် ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ရာတွင် ကမ္ဘောဇဘဏ်၏ ပထမဆုံး ခြေလှမ်းတစ်လှမ်း အောင်မြင်စွာ ပြီးမြောက်ခြင်းဖြစ်သည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr. Pisanu Suvanajata၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဂုဏ်ပြုစကားများပြောကြားခဲ့ကြပြီး ကမ္ဘောဇဘဏ်လီမိတက်၏ အမှုဆောင်ဒါရိုက်တာက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်အကြီးတန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က ယခုဖွင့်လှစ်သော နိုင်ငံတကာ ဘဏ်ကိုယ်စားလှယ်ရုံးသည် မြန်မာနိုင်ငံဘဏ်သမိုင်းတွင် နိုင်ငံခြားတိုင်းပြည်များ၌ ပထမဆုံးဖွင့်လှစ်သော နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌကလည်း ထိုင်းနိုင်ငံတွင် ကမ္ဘောဇဘဏ်အနေဖြင့် ယခုကဲ့သို့ နိုင်ငံတကာ ဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခြင်းကို လှိုက်လှဲစွာကြိုဆိုသည်ဟု ပြောကြားခဲ့ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးတိုးတက်အောင်မြင်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုသည့် ပထမဆုံးသော ခြေလှမ်းဖြစ်ကြောင်းပြောကြားသည်။

"နှစ်နိုင်ငံကြားမှာ ကာလရှည်ကြာရှိနေခဲ့တဲ့ ချစ်ခင်ရင်းနှီးမှုကြောင့် ဒေသအတွင်းမှာရှိတဲ့ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ အများအပြားရှိနေပါတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံမှာ ဦးဆောင်ငွေကြေးအဖွဲ့အစည်းအဖြစ် ရပ်တည်နေခဲ့တာ ကြာမြင့်ခဲ့ပြီဖြစ်သလို နိုင်ငံတကာ ဘဏ်လုပ်ငန်းက လုပ်ဖော်ကိုင်ဖက်တွေနဲ့ ရင်ပေါင်တန်းပြီး မြန်မာနိုင်ငံကို ကိုယ်စားပြုသွားဖို့ ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်"ဟု ကိုယ်စားလှယ်ရုံး၏ Country Head ဦးဇေယျာစိန်ထွဋ်က ပြောသည်။

ကမ္ဘောဇဘဏ်သည် အာဆီယံအတွင်း ဆက်လက်တိုးချဲ့ဆောင်ရွက်သွားရန် အသင့်ရှိနေသလို စင်ကာပူနိုင်ငံတွင်လည်း ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ခွင့်လိုင်စင်ကို မကြာသေးမီကပင် ရရှိထားခဲ့ပြီးဖြစ်သည်။ **(၀၁၀)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

**နေပြည်တော် ဩဂုတ် ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း ခြောက်မျိုးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးနှိုးဆော်ထားသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Jiaoli Miraculous Cream;1,2 | Harbin Gelidai Jiabao Cosmetics Co.Ltd.,Nanyuan | Mercury(+) |
| ၂။ | Kone Facial Cream-Whitening Cream (4g) | Kone Natural Herb Co.Ltd., Thailand | Mercury(+) |
| ၃။ | Kim Whitening Pearl With Collagen Cream | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury(+) |
| ၄။ | Kim Whitening Pearl and Snow Lotus Cream | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury(+) |
| ၅။ | S'Zitang 7-Day Specific Whitening Anti-Speckle Cream | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury(+) |
| ၆။ | Shichade Japanese Rich Herb 3 in 1 Excellent Care | Made in Japan | Mercury(+) |

အဆိုပါ အလှကုန်ပစ္စည်းများကို အများပြည်သူလူထု သုံးစွဲခြင်းမပြုကြရန်နှင့် ပြည်တွင်းဈေးကွက်တွင် တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချနေမှုများကို တွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃) (ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးကြေညာထားသည်။ **(သတင်းစဉ်)**

# ရေဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**ကလေး ဩဂုတ် ၄**

ချောင်းရေသည် ကမ်းလုံးပြည့်အနေအထားသို့ရောက်ရှိလာပြီဖြစ်၍ ကလေးခရိုင်အုပ်ချုပ်ရေးအဖွဲ့က ရေဘေးအန္တရာယ်မှ ကူညီဆောင်ရွက်နိုင်ရန် ကားများ အရန်သင့်စီစဉ်ဆောင်ရွက်ထားရှိကာ ဆည်မြောင်းဌာနမှ ကားများဖြင့် ရေဘေးသင့်ပြည်သူများကို ကူညီရွှေ့ပြောင်းပေးမည်ဖြစ်ရာ လိုအပ်လာပါက ကလေးတပ်နယ်မှ ကားများဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

ကလေးမြို့နယ် ဖောင်ကူးကျေးရွာဟောင်းအတွင်း ရေအမြင့် မြေပြင်အထက် နှစ်ပေခွဲရောက်ရှိလျှင် စတင်ရွှေ့ပြောင်းပေးမည်ဖြစ်ကာ ဖောင်ကူးရွာဟောင်းရှိ ရေဘေးသင့်ပြည်သူများအား တောင်ဖီလာရပ်ကွက် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းသို့ ရွှေ့ပြောင်းပေးမည်ဖြစ်ပြီး အဆိုပါ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းရှိ တောင်ဖီလာကယ်ဆယ်ရေးစခန်း တာဝန်ယူဆောင်ရွက်မည့်ဌာနမှာ မြန်မာ့တိုင်းရင်းဆေးဦးစီးဌာနက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာရဲ့ အနိမ့်ပိုင်းတွေတော့ ရေဝင်နေတာပါ။ ဖောင်ကူးချောင်းရေတက်တယ်ဆိုပေမယ့်လည်း ရေတက်နှုန်းက အလွန်နှေးသွားပါတယ်။ ဖောင်ကူးတံတားကြီးအောက်မှာလည်း လေးပေလောက်လွတ်နေသေးတယ်။ ရေစီးနှုန်းကလည်း မြန်တော့ ဒီနေ့ရေပြန်ကျသွားမယ်ထင်တာပါပဲ"ဟု သဖန်းအိုင်ကျေးရွာမှ ဦးကျော်တိုးက ပြောသည်။ **(ဂျိုးနက်)**



**ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် ဝန်ထမ်းများ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မှု တစ်နှစ်တာကာလအတွင်း အောင်မြင်မှုရှိ၊ မရှိ ကွင်းဆင်းဆန်းစစ်သုံးသပ်ဆွေးနွေးမှုကို ဩဂုတ် ၁ ရက်က နောင်လိုက်ကျေးရွာ ရွာလယ်ဇရပ်၌ ပြုလုပ်စဉ်။** (ခရိုင်ပြန်/ဆက်)


# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်(ရွှေဈေး) ၈၄၇၅၀၀ - ၈၄၇၅၀၀
မန္တလေး(ရွှေဈေး) ၈၄၇၅၀၀ - ၈၄၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၆၀ ကျပ် | ၅၇၀/၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် | ၇၆၀/၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၉၅/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၉၀ ကျပ် | ၆၂၀/၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၂၃ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၂၃. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၈. ၉၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၉၅၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၃. ၅၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၇၈၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၁. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၅၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၃. ၄၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၅. ၁၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ဒရမ်မာဇာတ်လမ်းတွဲတွင် သရုပ်ဆောင်၊ သီချင်းရေးစပ်သူနှင့် တေးသံရှင်အဖြစ် ပါဝင်ခဲ့သည့် ဆူဇီ



တေးသံရှင်တစ်ဦးလည်းဖြစ်သလို တေးရေးဆရာတစ်ဦးလည်း ဖြစ်တဲ့ ကေပေါ့ပ်အဖွဲ့ miss A မှ ဆူဇီက တောင်ကိုရီးယား ရုပ်သံလိုင်း ကေဘီအက်စ်-2 မှာ ဗုဒ္ဓဟူးနေ့တိုင်း ထုတ်လွှင့်ပြသနေကျဖြစ်တဲ့ Uncontrollably Fond လို့အမည်ရတဲ့ ဒရမ်မာဇာတ်လမ်းတွဲရဲ့ ဇာတ်ဝင်သီချင်းရေးစပ်သူနဲ့ သီဆိုသူတစ်ဦး ဖြစ်လာခဲ့ပါတယ်။

ဆူဇီဟာ မအားလပ်တဲ့ အနုပညာဆိုင်ရာအလုပ်တွေရှိနေသော်ငြားလည်း အဲဒီဇာတ်ကားအတွက် သီချင်းရေးစပ်ခြင်းနဲ့ အသံသွင်းလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့တာပါ။

Uncontrollably Fond ဇာတ်ကားမှာ ဆူဇီဟာ တောင်ကိုရီးယားမင်းသားချောကင်မ်ဝူးဘင်နဲ့အတူတွဲဖက်သရုပ်ဆောင်ထားပါတယ်။

ဒါ့အပြင် ဆူဇီသီဆိုခဲ့တဲ့ ဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်တဲ့ "Ring My Bell" ဟာဆိုရင်လည်း စတင်ထွက်ရှိခဲ့တဲ့ ဇူလိုင်လကတည်းက အခုထိ အပြုသဘောဆောင်တဲ့ပြန်ကြားချက်တွေကိုပဲ လက်ခံရရှိနေခဲ့ပါတယ်။ နောက်ပြီးတော့ ဆူဇီဟာ သူရဲ့ စုံတွဲသီချင်း Dream ကို EXO အဖွဲ့က Baekhyun နဲ့ သီဆိုခဲ့ပြီး အဲဒီသီချင်းဟာ music chart အတော်များများမှာ ထိပ်ဆုံးကနေရာယူခဲ့ပါတယ်။

# အမေရိကန်အက်ရှင်ဇာတ်ကားသစ်တွင် ကောင်းဘွိုင်တစ်ဦးအသွင်ဖြင့် မြင်တွေ့ရမည့် လီပြောင်ဟွန်း

၁၉၆၀ ခုနှစ်ခန့်က ပေါ်ထွက်ခဲ့သည့် ဟောလိဝုဒ်အက်ရှင် ဇာတ်ကားကောင်းတစ်ကားဖြစ်သည့် အမည်တူဇာတ်ကားကို ပြန်လည်ရိုက်ကူးမည့် Magnificent Seven ဇာတ်ကားတွင် တောင်ကိုရီးယားရုပ်ရှင်မင်းသား လီပြောင်ဟွန်းအနေဖြင့် ကောင်းဘွိုင်တစ်ဦးအနေဖြင့် ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။


ယင်းဇာတ်ကားတွင် လီပြောင်ဟွန်းသည် Bill Rocks အနေဖြင့်ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ၎င်းသည် အမေရိကန်ဝါရင့် သရုပ်ဆောင်များဖြစ်သည့် Denzel Washington, Chris Pratt, Ethan Hawke တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားကြောင်း ဩဂုတ် ၁ ရက်က ထုတ်လုပ်မည့် ယူနီဗာဆယ် ရုပ်ရှင်ထုတ်လုပ်ရေးက သတင်းထုတ် ပြန်ခဲ့သည်။



Magnificent Seven ဇာတ်ကားသစ်ကို စက်တင်ဘာ ၈ ရက်တွင် ကျင်းပမည့် Toronto နိုင်ငံတကာရုပ်ရှင်ပြပွဲတွင် စတင်မိတ်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားငွေကြယ်ပွင့် လီပြောင်ဟွန်းအနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ထွက်ရှိခဲ့သည့် အမေရိကန်မှုခင်းဒရမ်မာဇာတ်ကား Misconduct တွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့ပြီး ပရိသတ်အားပေးမှုရရှိခဲ့ကြောင်းသိရသည်။

# ဂီတခြေလှမ်းသစ်များနှင့် သက်ဝင်လှုပ်ရှားနေသည့် ပေါ့ပ်ကြယ်ပွင့် ဘရစ်တနီစပီးယားစ်



အမေရိကန်တေးသံရှင်၊ အကပညာရှင်နှင့် မင်းသမီးတစ်ဦးဖြစ်သူ ဘရစ်တနီစပီးယားစ်က ၎င်း၏အယ်လ်ဘမ်သစ်ကို ဩဂုတ် ၃ ရက် ဗုဒ္ဓဟူးနေ့က တရားဝင်မိတ်ဆက်ခဲ့သည်။

တေးသံရှင် ဘရစ်တနီစပီးယားစ်အနေဖြင့် ပေါ့ပ်သီချင်းအများစု ပါဝင်မည့် Glory ဟု အမည်ပေး ထားသည့် တေးအယ်လ်ဘမ်သစ်ကို ယခုလ ၂၆ရက်တွင် တရားဝင်ဖြန့်ချိမည်ဖြစ်ကြောင်း ၎င်း၏ တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင်လည်း ဖော်ပြထားသည်။

"ဒီသီချင်းအယ်လ်ဘမ်သစ်အတွက် ကျွန်မ တစ်နှစ်ခွဲ နှစ်နှစ်နီးပါးလောက် အချိန်ယူပြီး အပြင်းအထန်ကြိုးစားထားခဲ့ရတာပါ။ ကျွန်မအတွက် အဓိပ္ပာယ်တွေ အလွန်ပြည့်ဝနေတဲ့ တေးအယ်လ်ဘမ်တစ်ချပ်ပါ"ဟု တေးသံရှင်ဘရစ်တနီက E! News သို့ ပြောကြားခဲ့သည်။

ဘရစ်တနီအနေဖြင့် ၂၀၁၃ ခုနှစ်က Britney Jean အယ်လ်ဘမ်ထွက်ရှိခဲ့ပြီး ယင်းအယ်လ်ဘမ်ထဲမှ သီချင်း အချို့က ဘေလ်ဘုတ်၏ အကောင်းဆုံးသီချင်း အပုဒ် ၂၀၀ စာရင်းတွင် စတုတ္ထနေရာတွင် ရပ်တည်ခဲ့သည်။ ယခု ထွက်ရှိမည့် Glory တေးအယ်လ်ဘမ်မှ Make Me သီချင်းသည်လည်းဇူလိုင်လအတွင်းက တစ်ကိုယ်တော်အနေဖြင့် ပရိသတ်များအကြား ရေပန်းစားနှင့်ခဲ့ပြီးဖြစ်သည်။

တေးသံရှင် ဘရစ်တနီအနေဖြင့် မကြာခင်က Billboard Millennium Award ဆုရှင်အဖြစ် ဂုဏ်ပြုခံခဲ့ရပြီး စက်တင်ဘာလတွင်ကျင်းပမည့် ဂီတပွဲတော်တွင်လည်း အခြားသော ဂီတအကျော်အမော်များနှင့်အတူ ပါဝင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်- စုစည်းသည်။**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၅ - ၈ -၂၀၁၆ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် |
| | မိုးလေဝသအစီအစဉ် |
| | တေးဂီတအစီအစဉ် |
| ၆း၃၀ | ကာတွန်းအစီအစဉ် "Luputa Castle in the sky" (အပိုင်း-၁) |
| ၇း၁၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၅၆) |
| ၇း၄၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၁၆) |
| ၈း၂၅ | MRTV Entertainment Music |
| ၈း၄၀ | ကချင်ရိုးရာဝတ်စားဆင်ယင်မှု |
| ၉း၁၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၉း၂၀ | ပြည်သူ့နီတိ "စံပေတံဖြင့် တိုင်းတာခြင်း" |
| ၉း၃၅ | ပန်းချီဆရာကြီး ဦးလွန်းကြွယ် |
| ၁၀း၀၀ | မြန်မာ့ရိုးရာတူရိယာ "မြန်မာ့စောင်း" (အပိုင်း-၂) |
| ၁၀း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "မာန်မတက်နဲ့ လန်ထွက်သွားမယ်" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၇း၅၀ | "နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ နှင့် မိုးရာသီစာအုပ် ဈေးရောင်းပွဲတော်" |
| ၈း၃၅ | "မျက်မှောက်ရေးရာအဖြာဖြာ" |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | Weekly Sport Info |
| ၁၁း၁၅ | "အမှောင်ထုထဲကမြန်မာ့ရတနာ" |
| ၁၁း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၀) |
| ၁း၄၅ | "မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်" (အပိုင်း-၃) |
| ၂း၁၅ | "ရင်နှစ်ပန်းတို့လန်းစေချင်" |
| ၂း၃၀ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (စိုးထက်ဦးနှင့်ဖုံသွေး) |
| ၃း၃၅ | လက်တွေ့အသုံးချ ဘဏ္ဍာရေးသုတများ |
| ၄း၁၅ | "လက်ဆင့်ကမ်းလို့မျှဝေ ငြိမ်းချမ်းမှုပုံရိပ်တွေ" |
| ၄း၃၅ | Football Magazine (ရတနာပုံယူနိုက်တက်အသင်း) |
| ၅း၃၅ | Hyper Sport |
| ၆း၃၅ | မှတ်မှတ်သားသားပုံပြင်များ "ရှင်ဘုရင်မသိသော လျှို့ဝှက်ချက်" (ဘလိတ်၊ ပြည့်ဖြိုးအောင်၊ ဟိန်းရှိန်း) ဒါရိုက်တာ-သီတာလင်း (Laurel Art Academy) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၇၃) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၁) -သမိုင်းကိုဖော်ပြသောဝါကျများ (အဆိုတော်ခင်မောင်လွင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁) |

## မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၉း၂၀ | အမှတ်တရနေ့ရက်လေးများ |
| ၉း၄၀ | ကျန်းမာသုတ |
| ၉း၅၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၁၀ | ဘောလုံးကန်ကြမယ် |
| ၁၁း၂၀ | မြန်မာ့ရှုခင်း |
| ၁၁း၃၅ | Sportcast |
| ၁၁း၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၁း၅၅ | ဇာတ်လမ်းတို |
| ၁၂း၁၀ | မြန်မာသံစဉ်ချိုနှားဝင် |
| ၁၂း၂၅ | Cooking Art |
| ၁၂း၃၅ | DVD Hits |
| ၄း၂၅ | ခံစားနားဆင်လက်ဝတ်ရည်တေးသံစဉ် |
| ၄း၄၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၄း၄၅ | Sportcast |
| ၅း၂၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၅း၃၅ | ရောင်စုံဖြာဝေဂျပန်မြေ |
| ၅း၄၅ | လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | " ရွာ" ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ မိုးဇော်ကို |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောဧကရီ အပိုင်း(၅၅) -VOAအင်္ဂလိပ်စာသင်ခန်းစာ - သံစဉ်များနှင့်ကမ္ဘာ - Lucky Door |

## MITV

| | |
|---|---|
| 07:03 | News |
| 07:26 | A Glance At A Naga Family Life |
| 07:44 | Five-Star Ocean Liners in Myanmar Waters |
| 08:03 | News |
| 08:26 | A Street Vendor "Spreading Knowledge" |
| 09:03 | News |
| 09:26 | Strolling Along A Memory Link- U Pein Bridge |
| 09:43 | The Storytellers |
| 09:49 | Today Myanmar "The Construction Project of 100 Cinemas" |
| 10:03 | News |
| 10:25 | A Worth Studying Site For Ancient Myanmar Heritages |
| 10:43 | Chinlone and the dreams of the player |
| 07:03 | News |
| 07:26 | A Journey To Southern Shan State (Ep-3) |
| 07:41 | Colonial Buildings and a New Yangon |
| 07:47 | The Iron Rider |
| 08:03 | News |
| 08:26 | Orchidologist Dr. Saw Lwin |
| 08:48 | Myanmar Masterclass: Artist Than Kywe |

# ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် ဘရာဇီး၊ ဆွီဒင်၊ ဂျာမနီ၊ အမေရိကန်နှင့် ပြင်သစ်တို့ နိုင်ပွဲများရရှိ



ငွေကြယ် - ရေးသားသည်

ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက်တွင် ကျင်းပမည်ဖြစ်သော်လည်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်များကို ဖွင့်ပွဲမတိုင်မီ နှစ်ရက်အလို ဩဂုတ် ၃ ရက်က ကျင်းပခဲ့ရာ အိမ်ရှင်ဘရာဇီး၊ ဆွီဒင်၊ ဂျာမနီ၊ ကနေဒါ၊ အမေရိကန်နှင့် ပြင်သစ်အမျိုးသမီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ဘရာဇီးအမျိုးသမီးအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် တရုတ်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဘရာဇီးအမျိုးသမီးအသင်းသည် မိုနီကာ(၃၆ မိနစ်)၊ အန်ဒရက်ဆာအဲလ်ဗက်(၅၉ မိနစ်)နှင့် ခရစ္စတီယန်(မိနစ် ၉၀)တို့၏ သွင်းဂိုးများဖြင့် တရုတ်အမျိုးသမီးအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(E)၏ အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ဆွီဒင်အမျိုးသမီးအသင်းနှင့် တောင်အာဖရိကအမျိုးသမီးအသင်းတို့၏ ပွဲစဉ်တွင် ဆွီဒင်အမျိုးသမီးအသင်းက တောင်အာဖရိကအမျိုးသမီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၆)နေရာတွင် ရပ်တည်လျက်ရှိသည့် ဆွီဒင်အမျိုးသမီးအသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို နီလာဖစ်ချာက ပွဲကစားချိန် ၇၅ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ယင်းအုပ်စုတွင် ဆွီဒင်အမျိုးသမီး အသင်းရော ဘရာဇီးအမျိုးသမီးအသင်းပါ အနိုင်ရရှိခဲ့သော်လည်း ဘရာဇီးအမျိုးသမီးအသင်းမှာ ဂိုးကွာခြားချက်ဖြင့် အုပ်စုထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့သည်။

ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(F)တွင် ကနေဒါအမျိုးသမီးအသင်းနှင့် ဂျာမနီအမျိုးသမီးအသင်းတို့နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး ကနေဒါအမျိုးသမီးအသင်းမှာ ဩစတြေးလျအမျိုးသမီးအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ဂျာမနီအမျိုးသမီးအသင်းမှာ ဇင်ဘာဘွေအမျိုးသမီးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်း ကောင်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ကနေဒါအမျိုးသမီးအသင်းနှင့် ဩစတြေးလျ အမျိုးသမီးအသင်းတို့၏ ပွဲစဉ်တွင် ကနေဒါအမျိုးသမီးအသင်းအတွက်သွင်းဂိုးများကို ဂျာနိုင်းဘက်ကီက ပွဲစပြီး စက္ကန့် ၂၀ တွင်လည်းကောင်း၊ ခရစ္စတင်းဆင်ကလဲယားက ပွဲကစားချိန် ၇၈ မိနစ်တွင်လည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဂျာနိုင်းဘက်ကီသွင်းယူခဲ့သည့် သွင်းဂိုးမှာ စက္ကန့် ၂၀ တွင်သွင်းယူနိုင်ခဲ့ခြင်းကြောင့် အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲသမိုင်းတွင် အမြန်ဆုံးဂိုးအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။ ဂျာမနီအမျိုးသမီးအသင်းနှင့် ဇင်ဘာဘွေအမျိုးသမီးအသင်းတို့၏ ပွဲစဉ်တွင် ဂျာမနီအမျိုးသမီးအသင်းအတွက် သွင်းဂိုးများကို ဆာရာဒေးဘရစ်(၂၃ မိနစ်)၊ အလက်ဇန်ဒရားပေ့(၃၆ မိနစ်)၊ ဘီရင်းဂါး(၅၄ မိနစ်၊ ၇၉ မိနစ်)၊ လီပိုးလ်(၈၃ မိနစ်)နှင့် ချီဘန်ဒါ(မိနစ် ၉၀၊ ကိုယ့်ဂိုးကိုယ်ပြန်သွင်း)တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အုပ်စု(G)တွင် အမေရိကန်အမျိုးသမီးအသင်းနှင့် နယူးဇီလန်အမျိုးသမီးအသင်းတို့ ပွဲစဉ်တွင် အမေရိကန်အမျိုးသမီးအသင်းက နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း၊ ဩဂုတ် ၄ ရက်နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်အမျိုးသမီးအသင်းနှင့် ကိုလံဘီယာအမျိုးသမီးအသင်းတို့ ပွဲစဉ်တွင် ပြင်သစ်အမျိုးသမီးအသင်းက ကိုလံဘီယာအမျိုးသမီးအသင်းကိုလေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အမေရိကန်အမျိုးသမီးအသင်းသည် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့်အသင်းဖြစ်ပြီး အမေရိကန်အမျိုးသမီးအသင်းအတွက် သွင်းဂိုးများကို ကာလီလွိုက်(၉ မိနစ်)နှင့် အဲလက်စ်မော်ဂန်(၄၆ မိနစ်) တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အမျိုးသမီးအသင်းအတွက် သွင်းဂိုးများကို ကာရိုလိုင်းနာအေးရီးယက်(၂ မိနစ်၊ ကိုယ့်ဂိုးကိုယ်ပြန်သွင်း)၊ ဆွမ်မာ(၁၅ မိနစ်)၊ ကမ်မီလီ အဘီလီ(၄၂ မိနစ်)နှင့် အမယ်မက်ရီ(၈၂ မိနစ်) တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၅ ရက်မှ ဩဂုတ် ၂၁ ရက်အထိကျင်းပမည့် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပွဲစဉ်များတွင် ဩဂုတ် ၃ ရက်မှ ၉ ရက်အတွင်း အုပ်စုအဆင့်၊ ဩဂုတ် ၁၂ ရက်တွင် ကွာတားဖိုင်နယ်အဆင့်၊ ဩဂုတ် ၁၆ ရက်တွင် ဆီမီးဖိုင်နယ်အဆင့်နှင့် ဩဂုတ် ၁၉ ရက်တွင် ဗိုလ်လုပွဲအဆင့် တို့ အသီးသီးယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ရီယိုအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်းနှင့် အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်း ၁၆ သင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဘရာဇီးနိုင်ငံ၏ မြို့ခြောက်မြို့ရှိ ဘောလုံးကွင်းခုနစ်ကွင်းတွင် အသီးသီး ကျင်းပလျက်ရှိသည်။

## ရီယိုအိုလံပစ်နဲ့ ကိန်းဂဏာန်းများ

**ရီယိုအိုလံပစ် ပြိုင်ပွဲကြီးက ဩဂုတ် ၅ ရက်မှာ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး စတင်တော့မှာဖြစ်ပါတယ်။ အိုလံပစ်မီးရှူးတိုင်က ဘရာဇီးမြို့တွေကို ဖြတ်သန်းပြီး သုံးလအကြာ ဩဂုတ် ၃ ရက်မှာ ရီယိုဒီဂျနေးဒိုးမြို့ကို ရေလမ်းခရီးနဲ့ ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီနေ့ ဖွင့်ပွဲအခမ်းအနား ကျင်းပမှာဖြစ်တာကြောင့် အမှတ်တရအနေနဲ့ ရီယို အိုလံပစ်ရဲ့ မှတ်သားစရာ ကိန်းဂဏာန်းတွေကို တင်ဆက်ပေးလိုက်ပါတယ်။**

**၄၆၀၀-** ရီယိုအိုလံပစ် ဖွင့်ပွဲအခမ်းအနားရဲ့ တန်ဖိုးအကြီးဆုံး လက်မှတ်ဈေးနှုန်းက ဘရာဇီးငွေရီးယဲလ် ၄၆၀၀ (အမေရိကန် ဒေါ်လာ ၁၄၀၀)ဖြစ်ပြီး တန်ဖိုးအနည်းဆုံး လက်မှတ် ဈေးနှုန်းကတော့ ရီးယဲလ် ၂၀၀ (အမေရိကန် ဒေါ်လာ ၆၀)ဖြစ်ပါတယ်။ ဒီတန်ဖိုးနည်းလက်မှတ်တွေကိုတော့ ဘရာဇီးနိုင်ငံသားတွေအတွက်သာ သီးသန့်ရောင်းချပေးတယ်လို့ သိရပါတယ်။

**၁၀ -** ရီယိုဖွင့်ပွဲ အခမ်းအနားအတွက် အသုံးစရိတ်က ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ရဲ့ ၁၀ ပုံ တစ်ပုံသာ ရှိပါတယ်။

**၁၂၀၀၀ -** အိုလံပစ် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်သွားမယ့် လူဦးရေအရေအတွက် ဖြစ်ပါတယ်။ ဒီမီးရှူးတိုင်က ဘရာဇီးပြည်နယ် ၂၆ ခုလုံးကို ဖြတ်ကျော်ပြီး ဘရာဇီးလူမျိုးတွေရဲ့ ၉၀ ရာခိုင်နှုန်းနဲ့ ထိတွေ့ခွင့်ရခဲ့ပါတယ်။

**၁၀၅၀၀ -** ရီယိုအိုလံပစ်မှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ မျှော်မှန်းထားတဲ့ ကစားသမားအရေအတွက် ဖြစ်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာ ရုရှားကစားသမား ၂၀၀ လောက်က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုကနေ ပိတ်ပင်ခံရဖို့ရှိတာကြောင့် အခုမျှော်မှန်းအရေအတွက်ထက်တော့ အနည်းငယ် လျော့နည်းနိုင်ပါတယ်။

**၄၂ -** ရီယိုအိုလံပစ်မှာ ထည့်သွင်းယှဉ်ပြိုင်သွားမယ့် ကစားနည်း အရေအတွက်ဖြစ်ပါတယ်။ ဒီနှစ်ပြိုင်ပွဲရဲ့ ထူးခြားချက်က ၁၁၂ နှစ်ကြာမှ အိုလံပစ်ပြိုင်ပွဲမှာ ပြန်လည် ထည့်သွင်းသွားမယ့် ဂေါက်သီးရိုက် ကစားနည်း၊ ၉၂နှစ်ကြာအိုလံပစ်ပွဲနှင့် ဝေးကွာနေတဲ့ ရပ်ဘီပြိုင်ပွဲတို့ကိုပါ ယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်။

**၂၀၆ -** ဝင်ရောက်ယှဉ်ပြိုင်ကြမယ့်နိုင်ငံအရေအတွက် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဩဂုတ် ၂ ရက်မှာ ဂိုးမင်းနဲ့ဆားစ်က အိုလံပစ်ပြိုင်ပွဲရဲ့ ရွှေတံဆိပ်ရရှိမှု အနေအထားက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး အခြေအနေနဲ့ တိုက်ရိုက်အချိုးကျတတ်တာကြောင့် ရီယို အိုလံပစ်ရဲ့ နိုင်ငံအလိုက်ရပ်တည်မှုအဆင့်မှာ အမေရိကန်ပြည်ထောင်စုက ဆက်လက်ဦးဆောင်ဦးမှာဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒုတိယနေရာကို ဆုပ်ကိုင်နိုင်လိမ့်မယ်လို့ ဟောကိန်းထုတ်လိုက်ပါတယ်။

**၁၀-** ရီယိုအိုလံပစ်မှာမှ ပထမဆုံးအနေနဲ့ ထည့်သွင်းထားတဲ့ စစ်ဘေးရှောင်ဒုက္ခသည်အသင်းမှာ ပါဝင်မယ့်ကစားသမားအရေအတွက်ဖြစ်ပြီး အမျိုးသားခြောက်ဦးနဲ့ အမျိုးသမီးလေးဦး ဝင်ရောက် ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

**၁၁၆၀၀-** ရီယိုဒီဂျနေးဒိုးမြို့နဲ့ ဂူအမ်ကျွန်း နိုင်ငံလေးတို့ ကွာဝေးတဲ့ အကွာအဝေးမိုင်ပေါင်း ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်နိုင်ငံတွေအားလုံးထဲမှာ ရီယိုဒီဂျနေးဒိုးမြို့နဲ့ အလှမ်းဝေးဆုံးနေရာမှာ တည်ရှိနေတဲ့ ဂူအမ်နိုင်ငံက သူတို့ရဲ့ ကစားသမားတွေကို ရီယိုအိုလံပစ်နွဲ့ဖို့ စေလွှတ်ထားပြီးဖြစ်ပါတယ်။

**၃၆-** အမေရိကန်နိုင်ငံ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ကစားသမားနှစ်ဦးရဲ့ အသက်အရွယ်ကွာဟချက်ဖြစ်ပါတယ်။ အမေရိကန် စားပွဲတင်တင်းနစ်ကစားသမားလေး ကန်နက်ဂျီနက်က အသက်(၁၆)နှစ်သာရှိသေးပြီး အမေရိကန် မြင်းစီးကစားသမား ဖိလစ်ဒန်တန်ကတော့ အသက်(၅၂)နှစ်ရှိပြီဖြစ်လို့ အသက်အကြီးဆုံး အမေရိကန်ကစားသမားအဖြစ် မှတ်တမ်းဝင်ထားပါတယ်။

**၃၆၀၄-** ရီယိုအားကစား ကျေးရွာမှာ တည်ဆောက်ထားတဲ့ တိုက်ခန်းအရေအတွက်ဖြစ်ပါတယ်။ ကစားသမား ၁၁၀၀၀နီးပါးနဲ့ နည်းပြ ၆၀၀၀ လောက် တည်းခိုနေထိုင်နိုင်မယ်လို့ သိရပါတယ်။

**၃၈၀၀၀၀-** အိုလံပစ်ပြိုင်ပွဲကာလအတွင်း ပြိုင်ပွဲလာရောက်ကြည့်ရှုမယ့် နိုင်ငံခြားဧည့်သည် အရေအတွက် ဖြစ်ပါတယ်။ **မေလှသင်း။**

# ထိပ်တန်းတင်းနစ် ကစားသမားများနဲ့ ရီယိုအိုလံပစ်ပုံပြင်



မေလှသင်း
ရေးသားသည်

ထိပ်တန်းတင်းနစ်ကစားသမားတွေတိုင်းရဲ့ အိပ်မက်တိုင်းမှာ လေးနှစ်မှ တစ်ကြိမ် ဆွတ်ခူးခွင့်ရှိတဲ့အိုလံပစ်ရွှေတံဆိပ်ဆုတံဆိပ်ရယူနိုင်ခြင်းဆိုတဲ့ အိပ်မက်လည်း ပါဝင်ပါတယ်။ အိုလံပစ်ရွှေတံဆိပ်ဆုရှင်တွေထဲမှာ ရာဖေးလ်နာဒဲလ်၊ အန်ဒီမာရေးတို့လို ကစားသမားတွေလည်းပါဝင်တာကြောင့် တင်းနစ်လောကမှာ အိုလံပစ်ပြိုင်ပွဲကို ပဉ္စမမြောက်ဂရင်းစလင်းပြိုင်ပွဲလို့တောင် တင်စားကြပါတယ်။

ဒီနှစ် ရီယိုအိုလံပစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပွဲစဉ်တွေမှာ လက်ရှိကမ္ဘာ့အဆင့်(၁၀)အတွင်းမှာရှိတဲ့ ကစားသမား ငါးဦးဝင်ရောက် ယှဉ်ပြိုင်ကြမှာမဟုတ်ပါဘူး။ ဒီကစားသမားငါးဦးကတော့ ရိုဂျာဖက်ဒရာ၊ စတန်းဝေါ်ရင်ကာ၊ ရာအိုနစ်၊ ဘာဒက်ချ် နဲ့ သီယမ်တို့ ဖြစ်ကြပြီး ဖက်ဒရာနဲ့ ဝေါ်ရင်ကာ တို့က ဒဏ်ရာ ပြဿနာကြောင့် ဝင်ရောက် မယှဉ်ပြိုင်နိုင်တာဖြစ်ပြီး ရာအိုနစ်နဲ့ ဘာဒက်ချ်တို့ကတော့ ဇီကာဗိုင်းရပ်စ်ကူးစက်မှာ စိုးရိမ်လို့ ဝင်မပြိုင်တာဖြစ်ပါတယ်။

၂၀၀၈ ဘေဂျင်း အိုလံပစ်မှာ ရွှေတံဆိပ်ဆု ဆွတ်ခူးထားတဲ့ ရာဖေးလ်နာဒဲလ်ကတော့ ခါးဒဏ်ရာကြောင့် ပြင်သစ်အိုးပင်းရော ဝင်လ်ဘယ်လ်ဒန်အိုးပင်းပြိုင်ပွဲ နှစ်ရပ်လုံးကို လွဲချော်ခဲ့ပေမယ့် ရီယိုအိုလံပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ ဩဂုတ် ၃ ရက်ကပဲ အတည်ပြုချက်ပေးခဲ့ပါတယ်။ ဘရာဇီးပရိသတ်တွေကတော့ သူတို့ အသည်းအသန် အားပေးတဲ့ ရာဖေးလ်နာဒဲလ်ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းက သတင်းကောင်းတစ်ရပ်ဖြစ်ခဲ့ပြီး နာဒဲလ်ကို အားပေးဖို့ စောင့်ဆိုင်းနေကြပါပြီ။

ဒီနှစ်အိုလံပစ်ရွှေတံဆိပ်ဆု ရအောင်ယူမယ်လို့ ကြွေးကြော်ထားတဲ့ ကမ္ဘာ့အဆင့်(၁) နိုဗက်ဂျိုကိုဗစ်ချ်နဲ့ အိုလံပစ်လက်ရှိ ရွှေတံဆိပ်ဆုရှင် အန်ဒီမာရေးတို့ နှစ်ဦးကတော့ ဗိုလ်စွဲဖို့ ထိပ်ဆုံးက ရေပန်းစားနေပါတယ်။ အန်ဒီမာရေးနဲ့ ဂျေမီမာရေးတို့ ညီအစ်ကိုနှစ်ဦးက ဒေးဗစ်ဖလားမှာလည်း အတွဲညီညီ လက်စွမ်းပြနိုင်ခဲ့တာကြောင့် နှစ်ယောက်တွဲပြိုင်ပွဲမှာလည်း ရွှေတံဆိပ်ဆု ရရှိနိုင်မယ့်အတွဲလို့ ထင်ကြေးပေးမှုတွေ မြင့်တက်နေပါတယ်။

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲမှာတော့ လက်ရှိချန်ပီယံ အမေရိကန် တင်းနစ်မယ် ဆရီနာဝီလျံကသာ ဗိုလ်စွဲဖို့ ရေပန်းစားနေပြီး အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံနဲ့ တွဲဖက်ပြီး နှစ်ယောက်တွဲပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြဦးမှာပါ။ ဗီးနပ်စ်-ဆရီနာ အတွဲက ပြီးခဲ့တဲ့အိုလံပစ် ပြိုင်ပွဲ သုံးကြိမ်မှာ ရွှေတံဆိပ်ဆု ဆွတ်ခူးထားပြီးဖြစ်တာကြောင့် ဒီတစ်ကြိမ်မှာလည်း သူတို့ပဲလားဆိုတာ . . . ။

# မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေတိုးလာခြင်းကြောင့် ကူညီရွှေ့ပြောင်းမှုများဆောင်ရွက်နေ



**မကွေး ဩဂုတ် ၄**

ဧရာဝတီမြစ်ရေ တိုးလာမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ခရိုင်လေးခု၊ မြို့နယ် ၁၀ မြို့နယ်၊ ရပ်ကွက်ကိုးရပ်ကွက်၊ ကျေးရွာ ၇၁ ရွာတို့မှ အိမ်ထောင်စု ၁၆၁၄ စု၊ လူဦးရေ ၆၃၉၀၊ တိရစ္ဆာန် ၁၅၁၂ ကောင်တို့အား ဩဂုတ် ၂ ရက်၌ ယာယီပြောင်းရွှေ့မှုများ ဆောင်ရွက်ခဲ့ရပြီး မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာမှ ကျောင်းသား၊ ကျောင်းသူ ၂၃၂၅ ဦး တက်ရောက် ပညာသင်ကြားနေသည့် ကျောင်း ၁၂ ကျောင်းလည်း ခေတ္တယာယီ ပိတ်ထားရကြောင်း၊ အုပ်ချုပ်မှုနှင့် အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စာရင်းအချက်အလက် အသေးစိတ်ကို ပြုစုနေကြောင်း မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးမှ သိရသည်။

မကွေးခရိုင်အတွင်း မကွေးမြို့နယ်ရှိ ကျေးရွာရှစ်ရွာမှ အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၇၁၈ ဦး၊ ချောက်မြို့နယ် ကျေးရွာတစ်ရွာမှ အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၁၇ ဦး၊ တိရစ္ဆာန် ၁၈ ကောင်၊ ရေနံချောင်းမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာမှ အိမ်ထောင်စု ၉၁ စု၊ လူဦးရေ ၂၃၆ဦး၊တိရစ္ဆာန် ၄၂၁ ကောင်အား လည်းကောင်း၊ မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ ကျေးရွာတစ်ရွာမှ အိမ်ထောင်စုငါးစု၊ လူဦးရေ ၂၈ ဦးတို့အားလည်းကောင်း၊ သရက်ခရိုင်အတွင်း မင်းလှမြို့နယ်ရှိ ရပ်ကွက်တစ်ခု၊ ရွာခြောက်ရွာတို့မှ အိမ်ထောင်စု ၂၀၄ စု၊ လူဦးရေပေါင်း ၈၀၅ ဦး၊ ကံမမြို့နယ်မှ ရပ်ကွက်တစ်ခု၊ ကျေးရွာ ၂၃ ရွာမှ အိမ်ထောင်စု ၄၈၈ စု၊ လူဦးရေ ၁၈၇၂ ဦး၊ တိရစ္ဆာန် ၄၀၈ ကောင်၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ ရပ်ကွက်တစ်ခု၊ ကျေးရွာ ၁၆ ရွာမှ အိမ်ထောင်စု ၄၇၀၊ လူဦးရေ ၁၈၄၆ ဦး၊ တိရစ္ဆာန် ၅၂၅ ကောင်တို့အားလည်းကောင်း၊ ပခုက္ကူခရိုင် အတွင်း ဆိပ်ဖြူမြို့နယ်ရှိ ရပ်ကွက်သုံးခု၊ ကျေးရွာငါးရွာမှ အိမ်ထောင်စု ၁၉၂ စု၊ လူဦးရေ ၈၅၃ ဦး၊ တိရစ္ဆာန် ၁၄၀ တို့အားလည်းကောင်း၊ မြိုင်ရဲစခန်းမှ အိမ်ထောင်စုငါးစု လူဦးရေ ၁၅ ဦးတို့အားလည်းကောင်း ရေလွတ်ရာ ဆွေမျိုးသားချင်းနေအိမ်များနှင့် အခြားစီမံခန့်ခွဲမှုများအရ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဩဂုတ် ၂ ရက် မှတ်တမ်းများအရ သိရသည်။

အောင်လံမြို့နယ်ရှိ ရပ်ကွက်ခြောက်ခု၊ ကျေးရွာခြောက်ရွာ၊ အိမ်ထောင်စု ၁၃၉၊ လူဦးရေ ၅၆၂ ဦး၊ တိရစ္ဆာန် ၁၀၈ ကောင်တို့အား ဇူလိုင် ၃၀ ရက်က ရွှေ့ပြောင်းပေးခဲ့ရပြီး မင်းဘူးမြို့နယ်ရှိ ကျေးရွာငါးရွာ၊ အိမ်ထောင်စု ၁၃၄ စု လူဦးရေ ၂၆၉ ဦး၊ တိရစ္ဆာန် ၇၇၆ ကောင်တို့အား ဩဂုတ် ၁ ရက်က ရွှေ့ပြောင်းမှုများ ဆောင်ရွက်ခဲ့သည်။

မြစ်ရေ မြင့်တက်လာမှုကြောင့် သရက်ခရိုင် မင်းလှမြို့နယ်မှ သပြေတောကျေးရွာ၊ အလက(ခွဲ)၊ ပေတော(အ-မ-က)၊ တောင်ရပ်ကျေးရွာ (အ-မ-က)ကျောင်းများ ၊ အောင်လံမြို့နယ်မှ မိုးဖုံး(မွေရိုး) ကျေးရွာ အ-လ-က(ခွဲ)၊ ကန်ကြီးရပ်ကွက်(အ-မ-က)၊ မကျီးကုန်းကျေးရွာ(အ-ထ-က ၂) ၊ မိုးဖုံးကျေးရွာ (အ-လ-က-ခွဲ)၊ မြောက်ပိုင်းရပ်ကွက် (အ-မ-က)၊ ကံမမြို့နယ်မှ အမှတ်(၄) ရပ်ကွက် (အ-မ-က)၊ မင်းပြင်ကျေးရွာ(အ-မ-က)၊ ကျွန်းကလေးကျေးရွာ(အမက)၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်မှ ရွှေလေ့ကျေးရွာ(အ-မ-က) ၊ မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာမှ ကျောင်းသား၊ ကျောင်းသူ ၂၃၂၅ ဦး တက်ရောက်ပညာသင်ကြားနေသည့် ကျောင်း၁၂ကျောင်းအား ဩဂုတ်၂ ရက်မှစတင်ကာ ခေတ္တယာယီပိတ်ထားရကြောင်း၊ ဇူလိုင် ၁၁ ရက်မှ ဩဂုတ် ၁ အထိ ခရိုင် လေးခု၊ မြို့နယ် ခုနစ်မြို့နယ်၊ရပ်ကွက်လေးခု၊ ကျေးရွာ ၁၀၀ မှ ကျောင်း ၁၁၀ ယာယီပိတ်ထားခဲ့ရကြောင်း ရဲတပ်ဖွဲ့ မှတ်တမ်းများအရ သိရသည်။

ဩဂုတ် ၂ ရက်အထိ ဧရာဝတီမြစ်ရေအခြေအနေမှာ မကွေးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀ ထက် ကျော်လွန်ကာ ၁၇၆၅ စင်တီမီတာထိ၊ မင်းဘူးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀ ထက် ကျော်လွန်ကာ ၁၇၈၄ စင်တီမီတာထိ၊ ချောက်မြို့နယ်၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၄၅၀ မှ ၁၄၅၂ စင်တီမီတာထိ၊ အောင်လံမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၅၅၀ မှ ၂၅၈၈ စင်တီမီတာထိ၊ ပခုက္ကူမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၁၅၀ မှ ၂၂၄၅ စင်တီမီတာထိ ရောက်ရှိနေသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝဆည်တွင် တမံအမြင့် ၃၈၀ ဒသမ ၅ ပေ၊ ရေပြည့်အမှတ် ၃၇၀ ပေ၌ လက်ရှိရေအမှတ် ၃၇၇ ဒသမ ၉ ပေ ၊ စေတုတ္တရာမြို့နယ်၊ မုန်းဆည်တွင် တမံအမြင့် ပေ ၅၆၀၊ ရေပြည့်အမှတ် ပေ ၅၂၀ ၌ လက်ရှိရေအမှတ် ၅၂၇ ဒသမ၁ ပေ၊ ငဖဲမြို့နယ်၊ မန်းတမံတွင် တမံအမြင့် ၆၄၀ ပေ၊ ရေပြည့်အမှတ် ၆၂၅ ပေ၌ လက်ရှိရေအမှတ် ၆၂၅ ဒသမ ၉ ပေ သို့ရောက်ရှိနေကြောင်း၊ ဩဂုတ် ၂ ရက်အထိ မိုးရေချိန်တိုင်းထွာချက်များအရ ကျောက်တော်မြို့၌ သုည ဒသမ ၇၅ လက်မ ၊ ပလက်ဝမြို့နယ်၌ သုည ဒသမ ၅၁ လက်မ၊ အမ်းမြို့၌ သုည ဒသမ ၅၅ လက်မ၊ မကွေးမြို့၌ သုည ဒသမ ၄၇ လက်မ တို့ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂ ရက် နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ လိုက်ပါလျက် မင်းဘူးခရိုင်အတွင်း ရေလွတ်ရာ ရွှေ့ပြောင်းနေထိုင်သူများနှင့် တွေ့ဆုံကာ အစားအသောက်၊ ဆေးဝါးနှင့်ငွေကြေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ပြောင်းရွှေ့ရသော မိသားစုများအား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## ငါးသိုင်းချောင်းမြို့ဝန်ရေကာတာ၌ရေယိုစိမ့်ပေါက် စတင်ဖြစ်ပေါ်သော်လည်း အချိန်မီပြုပြင်ကာကွယ်နိုင်ခဲ့



**ငါးသိုင်းချောင်း ဩဂုတ် ၄**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝန်မြစ်ရေသည် ဩဂုတ် ၃ ရက် နံနက် ၉ နာရီတိုင်းထွာချက်အရ ၂၉ ဒသမ ၃၀ ပေသို့ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်အထက် ၂ ပေနှင့် သုည ဒသမ ၃၀ လက်မကျော်လွန်ရောက်ရှိလျက်ရှိရာ အဆိုပါနေ့နံနက် ၉ နာရီခွဲခန့်တွင် ရှေ့ဆောင်ရပ်ကွက် ဝန်ရေကာတာ တာမိုင် ၄၇/၃+၄၀ တာခြေ၌ အကျယ် ၁ လက်မခန့်ရှိ ရေယိုစိမ့်ပေါက် တစ်ပေါက် ဖြစ်ပေါ်ခဲ့ပြီး ဆည်မြောင်းဌာနတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူလူထုတို့က ရေယိုစိမ့်ပေါက်အား အချိန်မီ ကတုတ်ကျင်းရိုက် ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ငါးသိုင်းချောင်းမြို့ဝန်ရေကာတာတစ်လျှောက် မြစ်ရေမြင့်တက်လာချိန်တွင် ရေယိုစိမ့်ပေါက်ဖြစ်ပေါ်နိုင်သောနေရာများ၌ သဲအိတ်၊ ဝါး၊ ယိုင်ဖျာနှင့် အခြားရေကာတာပြုပြင်ရာတွင် အသုံးပြုသောပစ္စည်းများ အသင့်ထားရှိထားကြောင်း၊ မြို့ပေါ်ရှိ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ပြည်သူလူထုတို့နှင့်အတူ ရေယိုစိမ့်ပေါက်များဆက်လက်ဖြစ်ပေါ်လာပါကလည်း အချိန်မီ စုပေါင်းကာကွယ်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအခြေအနေအထိ စိုးရိမ်စရာမရှိသေးကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့ရေကာတာတာဝန်ခံတစ်ဦးက ပြောသည်။ဒေသခံပြည်သူများမှာလည်း ပုံမှန်ဆက်သွယ် သွားလာလျက်ရှိနေကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစာရင်းအင်းနှင့် လစဉ်ပြန်တမ်းပြုစုခြင်းသင်တန်းဖွင့်လှစ်

**သရက်ချောင်း ဩဂုတ် ၄**

သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ကြီးမှူးပြုလုပ်သော မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစာရင်းအင်းနှင့် လစဉ်ပြန်တမ်းပြုစုခြင်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဦးစီးဌာနရုံး အပေါ်ထပ် အစည်းအဝေးခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေသိန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့်သင်တန်း၌ မြစိမ်းရောင်စီမံကိန်း ကျေးရွာများကို ပုံစံခုနစ်မျိုးနှင့် ပတ်သက်ပြီး သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ယင်းပုံစံများမှာ လည်ပတ်ရန်ပုံငွေ ထုတ်ချေးမှုစာရင်းပုံစံ၊ လည်ပတ်ရန်ပုံငွေ ပြန်လည်ပေးဆပ်မှုပုံစံ၊ လုပ်ငန်းအမျိုးအစားအလိုက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးမှုစာရင်း၊ အတိုးရငွေစာရင်း၊ အခြားရငွေစာရင်း၊ အထွေထွေအသုံးစရိတ်စာရင်းနှင့် ဘဏ်လက်ကျန်စာရင်း စသည်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်ပြီး အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်ပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းကိုးရွာမှ သင်တန်းသား၊ သင်တန်း သူ ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**


## ပြည်သူကို မျက်နှာမူသော အသိပညာပေးရေးဆောင်ရွက်

**မင်းတပ် ဩဂုတ် ၄**

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ရက် (၁၀၀)စီမံချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်းတပ်ခရိုင်ရုံးသည် ပြည်သူကို မျက်နှာမူသော အသိပညာပေးရေးလုပ်ငန်းအဖြစ် နိုင်ငံတော်အကြီး အကဲများ၏ ပြည်သူ့ဘဝတိုးတက်မြင့်မားရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို အလူမီနီယံပြဘုတ်နှင့် မြေစိုက်ပြဘုတ်တို့တွင် ဇူလိုင် ၂၉ ရက်က ပဉ္စမအကြိမ်အဖြစ် ပြသခဲ့ရာ ပြည်သူအများ လာရောက်ကြည့်ရှုလေ့လာကြသည်။

အလူမီနီယံပြဘုတ်နှင့် မြေစိုက်ပြဘုတ်တွင် နိုင်ငံတော်အကြီးအကဲများ၏ ပြည်သူ့ဘဝတိုးတက်မြင့်မား ရေးဆောင်ရွက်မှု၊ မှတ်တမ်းဓာတ်ပုံများကို ၂၀၁၆ ခုနှစ် မေလမှ တစ်လလျှင် နှစ်ကြိမ် ထည့်သွင်း ပြသပေးရာ ပဉ္စမအကြိမ်တိုင်လာပြီဖြစ်သည်။

"ကျွန်တော်တို့ရဲ့ သီဟစားသောက်ဆိုင်နားမှာရှိတဲ့ အလူမီနီယံပြဘုတ်မှာ နိုင်ငံတော်အကြီးအကဲတွေရဲ့ မှတ်တမ်းဓာတ်ပုံတွေ တစ်လနှစ်ကြိမ် လဲလှယ်ကပ်ပေးလို့ ဗဟုသုတလည်းရတယ်။ ဝမ်းသာပီတိလည်း ဖြစ်ရတယ်။ တစ်နေ့တစ်နေ့ကို သွားလာသူတွေ အယောက် ၂၀ ထက်မနည်း ဝင်ရောက် ကြည့်ရှုကြတာ တွေ့ရပါတယ်"ဟု ဦးမင်းလွင်ကပြောသည်။



**ခရိုင်ပြန်/ဆက်**

# ချင်းတွင်းမြစ်ရေကျဆင်းလျက် ရှိသော်လည်း ရေကျနှေးနေသည့်အတွက် စိုက်ပျိုးချိန်နောက်ကျမည်ကို တောင်သူများ စိုးရိမ်နေ

**မော်လိုက် ဩဂုတ် ၄**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၉ ရက်မှစ၍ စတင်ကျဆင်းလျက်ရှိသော်လည်း ရေကျနှေးနေသည့်အတွက် ဒေသခံတောင်သူလယ်သမားများအနေဖြင့် လယ်ယာစိုက်ပျိုးချိန် နောက်ကျမည်ကို စိုးရိမ်နေကြရကြောင်းသိရသည်။

"ဒီတစ်ခါရေကြီးတာက အတော်လေးကြာတယ်ဗျ။ ရေကလည်း နှစ်ခါပြန်ရေတက်တာဆိုတော့ ကျွန်တော်တို့လို တောင်သူတွေတင်မဟုတ်ဘူး။ ဈေးသည်တွေ၊ လက်လုပ်လက်စားသမားတွေအတွက် စီးပွားရေး၊ လူမှုရေး အစစအရာရာ အတော်လေးဒုက္ခရောက်ကြရတယ်။ အခုချင်းတွင်းမြစ်ရေကလည်း ကျနေတာ ၃ ရက်၊ ၄ ရက်လောက်ရှိနေပေမယ့် ရေကျကနှေးနေတယ်။ ဒီကြားထဲ မိုးတွေကလည်း နေ့တိုင်းလိုလိုရွာနေတယ်ဗျ။ မနှစ်က ချင်းတွင်းမြစ်ရေကြီးတာ ဒီလောက်မကြာဘူးဗျ။ ရေကျလည်းမြန်တယ်။ ဒီနှစ်ရေကြီးတာက အတော်လေးကြာတော့ ဈေးသည်အချို့ဆိုရင် အခုချိန်ထိဈေးရောင်းမထွက်နိုင်ကြသေးဘူး။ ကမ်းနားဈေးသည်တွေအတွက်ကလည်း အမြန်ရေယာဉ်လိုင်းတွေက အခုချိန်ထိပိတ်ထားတော့ ရှိတာလေးကို ထိုင်စားနေကြရတယ်။ ပြီးတော့ ဒီဩဂုတ်လ ပထမပတ်အတွင်း ချင်းတွင်းမြစ်ရေ နောက်တစ်ကြိမ်တက်လာနိုင်ကြောင်း မိုးလေဝသခန့်မှန်းချက်ကို ရေဒီယိုတွေ၊ အင်တာနက်တွေကနေ ဖတ်ရှုကြားသိရတော့ လယ်ယာစိုက်ပျိုးချိန်နောက်ကျမှာကို ကျွန်တော်တို့တောင်သူတွေအားလုံး စိုးရိမ်နေကြတယ်" ဟု ဒေသခံတောင်သူတစ်ဦးကပြောကြားခဲ့သည်။

မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေ မြင့်တက်မှုသည် ဇူလိုင်လအတွင်း ယင်းမြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၁၂၃၀ ကိုကျော်လွန်၍ ၁၄၄၉ စင်တီမီတာထိရောက်ရှိခဲ့ပြီး ဇူလိုင် ၂၉ ရက်မှစ၍ ချင်းတွင်းမြစ်ကျဆင်းလျက်ရှိရာ ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီတိုင်းထွာချက်အရ အဆိုပါ ရေအမှတ်၏အောက် ၁၃၉၂ စင်တီမီတာသို့ ကျဆင်းရောက်ရှိနေကြောင်း မြို့နယ်မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ သိရသည်။

**မော်လိုက်သားလေး**

# မော်လိုက်မြို့ပေါ်ရှိရေဘေးသင့်အိမ်ထောင်စုများ အတွက်စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်

**မော်လိုက် ဩဂုတ် ၄**
မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေနစ်မြုပ်မှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် မြစ်ကမ်းဘေးကျေးရွာအချို့တို့တွင် ရေဘေးသင့်မှုများ ဖြစ်ပေါ်ခဲ့ရာ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ပြောင်းရွှေ့ပေးထားကြရသည်။

မြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ရေဘေးသင့်ပြည်သူများအတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးကျော်သန်းနိုင် ဦးဆောင်၍ မော်လိုက်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက မော်လိုက်မြို့ပေါ်၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ဆန်၊ ရေသန့်ဘူးကတ်များ၊ ဖယောင်းတိုင်ထုပ်များ၊ ငါးသေတ္တာဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ရွှေဖီဦးလက်ဖက်ခြောက်ထုပ်များအား ရေဘေးသင့်အိမ်ထောင်စုများအတွက် သွားရောက်ထောက်ပံ့ပေးခဲ့ပြီး မြို့တွင်းပိုင်းရပ်ကွက်များ၏ ရေနစ်မြုပ်နေမှုအား မော်တော်ရေယာဉ်ဖြင့် လှည့်ပတ်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များအား မှာကြားခဲ့ကြောင်း သိရသည်။

**ထက်မြင့်မိုရ်(မော်လိုက်)**

# ခရမ်းမြို့နယ်တွင် ငါးမျိုးမပြုန်းတီးစေရေး အသိပညာပေး ဟောပြော၍ ချောင်းနှင့်လယ်ကွင်းများသို့ ငါးမျိုးများစိုက်ထည့်



**ခရမ်း ဩဂုတ် ၄**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် လတ်ဆတ်သောငါးများစားသုံးနိုင်စေရေး၊ ငါးသယံဇာတပြုန်းတီးမှု ကာကွယ်နိုင်စေရန် ခရမ်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးပြုန်းတီးမှု ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီက ခရမ်းမြို့နယ် ကြာကန်ကျေးရွာ အ. မ. က စာသင်ကျောင်း၌ ကျင်းပပြီး ကျေးရွာချောင်းနှင့် မိုးစပါးနှင့် ငါးစိုက်ပျိုးသူ လယ်ယာဦးကြီးများအား ငါးမျိုးများ စိုက်ထည့်ပေးခဲ့သည်။

ငါးမျိုးစိုက်ထည့်ပေးရာတွင် စပါးနှင့် ငါးစိုက်ပျိုးရန် စိတ်ဝင်စားကြသည့် ကြာကန်ကျေးရွာအနီး ဆက်စပ်ကျေးရွာများမှ တောင်သူလယ်သမားများနှင့် အ. မ. က ကြာကန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား တောင်ပိုင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးတင့်လွင်က ငါးသယံဇာတများ ထိန်းသိမ်းရေး၊ မျိုးသုဉ်းမှုကာကွယ်ရန် ရှောင်ရှားသင့်သည့် အချက်အလက်များ၊ ရေနေသယံဇာတများ လျော့နည်းလာရသည့် အကြောင်းရင်းများ၊ ကာကွယ်ရန်နည်းစနစ်များ၊ ငါးဖမ်းဆီးခြင်းနှင့်ပတ်သက်၍ တားမြစ်ကန့်သတ်ထားသည့် ငါးဖမ်းနည်းစနစ်များနှင့် အရေးယူခံရနိုင်သည့် ပြစ်ဒဏ်များအကြောင်း အသိပညာပေးဟောပြော၍ တက်ရောက်လာသည့် လယ်သမားဦးကြီးများ၏ စပါးနှင့် ငါးစိုက်ပျိုးနည်းစနစ်များမှ နည်းစနစ်ကောင်းများနှင့် ဝင်ငွေတိုးပွားမှုအကြောင်း သိလိုမှုများကို မေးမြန်းဆွေးနွေးရာ ငါးလုပ်ငန်းဦးစီးမှူးများက ပြန်လည်ရှင်းလင်းပြီး ကျေးရွာချောင်းအတွင်း တပျော်တပါး ငါးမျိုးစိုက်ထည့်၍ လယ်ယာမြေနှင့် စပါးငါးစိုက်ပျိုးမွေးမြူကြမည့်သူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်တို့က ငါးသားပေါက်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခေါင်းပွကောင်ရေ ၃၀၀၀၀၊ မြက်စားငါးကြင်းကောင်ရေ ၂၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား လယ်ယာမြေနှင့် ကျေးရွာချောင်းအတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ယာဉ်စည်းကမ်း နှင့်မညီသည့် ဆိုင်ကယ်စီးသူ ၄၅၄ ဦးဖမ်းဆီး

**တောင်တွင်းကြီး ဩဂုတ် ၄**
တောင်တွင်းကြီးမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့များသည် ရက် ၁၀၀ စီမံချက်အရ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မေ ၁၇ ရက်မှစတင်ကာ မြို့တွင်းအဓိကကျသည့် လမ်းများ၊ စာသင်ကျောင်းများ၊ ဈေးများ၊ ဘုတာရုံ၊ ကားကြီးကွင်းနှင့် လမ်းဆုံလမ်းခွများ၌ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ဦးထက်ပို၍ ဆိုင်ကယ်စီးနင်းသူများအား ဖမ်းဆီး၍ မြို့နယ်တရားရုံးသို့ အမှုရေးဖွင့်တရားစွဲဆိုခဲ့ကြောင်း သိရသည်။

အဆိုပါတရားစွဲဆိုခဲ့သော ဆိုင်ကယ်စီးနင်းသူများအား မော်တော်ယာဉ်အက်ဥပဒေ ၆၂ ဖြင့် ဒဏ်ငွေ ၁၀၀၀၀ စီရင်ချက်ချမှတ်ကာ ပေးဆောင်စေခဲ့ကြောင်း၊ စီမံချက်ကာလစတင်တရားစွဲတင်ခဲ့သော မေ ၂၃ ရက်မှ ဇူလိုင် ၃၁ ရက်ထိ မော်တော်ယာဉ်အက်ဥပဒေ ၆၂ အရ ဒဏ်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စီရင်ချက်ချမှတ်ခဲ့သောအမှုပေါင်း ၄၅၄ မှုရှိ၍ဒဏ်ငွေရရှိ စုစုပေါင်းငွေကျပ် ၄၅၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**(၅၈၀)**



မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဦးစီးဌာနရန်ပုံငွေမှ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သည့် စေတုတ္တရာ-ငဖဲလမ်းမှ စစ်ငန်းကျေးရွာသို့ဆက်သွယ်သည့်လမ်း၊ ချောင်းကျောက်စရစ်ခင်းခြင်းလုပ်ငန်း (၃/၄) မိုင်နှင့် ၎င်းလမ်းပေါ်ရှိ ကျောက်ရိုးခုံခံသစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်း ၂၀ × ၁၄ × ၁၀ ပေ၊ ရွှေချောင်းကျေးရွာ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ကျေးရွာအတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများအား မကွေးခရိုင် ဦးစီးမှူး ဦးကျော်ဇောဟိန်းနှင့်အဖွဲ့မှ ဩဂုတ် ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာများမှ လိုက်ပါရှင်းလင်းခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ-တင်ထွန်းဦး (မင်းဘူး)

# ချင်းတွင်းမြစ်ရေဝင်ရောက်သည့်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**ကနီ ဩဂုတ် ၄**
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းတွင်းမြစ်အဖျားပိုင်းများတွင် မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ကမ်းဘေးအနိမ့်ပိုင်းရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များ အနိမ့်ပိုင်းနေရာများ၌ ဇူလိုင် ၂၅ ရက်မှစတင်၍ မြစ်ရေများဝင်ရောက်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည့် ကျေးရွာများသို့ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်လှ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေငွေ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လတ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် မြို့နယ်မှတာဝန်ရှိသူများသည် ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကနီမြို့နယ်အတွင်း မြစ်ကြောင်းတစ်လျှောက် ရေဝင်ကျေးရွာများအား စက်လှေများဖြင့် လှည့်လည်၍ ဝက်ချောင်းလေးကျေးရွာ ချင်းတွင်းမြစ်ရေကာတာအား ကြည့်ရှုပြီး ချိုင်ကျေးရွာအတွင်း ရေဝင်ရောက်မှုများနှင့် အိုင်တောင်ကျေးရွာအုပ်စုအတွင်း ရေဝင်ရောက်မှုများကို သွားရောက်ကြည့်ရှုကာ အိုင်တောင်ရွာသစ် ကျေးရွာအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆေးဝါးအစုံ ထောက်ပံ့ခဲ့သည်။

ကနီမြို့နယ်အတွင်းမှ ကျေးရွာများအနေဖြင့် မြစ်ရေဆက်လက်တက်ရောက်လာပါက နေအိမ်များကို အချိန်မီပြောင်းရွှေ့နိုင်ရန်နှင့် ကြိုတင်ဆောင်ရွက်နိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးနိုင်ရန် မြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ရေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးခဲ့ကြသည်။

**သန်းဌွေးအောင်(ကနီ)**

# ကျွန်းလှမြို့နယ်တွင် နှစ်ရှည်သီးနှံ ကြယ်ပဲစိုက်ပျိုးသူများလာ

**ကျွန်းလှ ဩဂုတ် ၄**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် တစ်ကြိမ်စိုက်ပျိုးရုံဖြင့် နှစ်ချင်းဝင်ငွေရရှိပြီး လစဉ်ဝင်ငွေတိုးပွားနိုင်သည့် နှစ်ရှည်သီးနှံပင်ကြယ်ပဲ (Sacha Inchi) ကို စိုက်ပျိုးသူများလာကြောင်း သိရသည်။

"နှစ်ဧကစိုက်ပျိုးရန်အတွက် ပျိုးပင် ၁၀၀၀ ကျော်ပျိုးထားပါတယ်။ ပျိုးပင် ၄၅ ရက်သားမှာ စိုက်ကျင်းထဲပြောင်းရွှေ့စိုက်ပျိုးရန် ပြင်ဆင်ထားပြီး နွယ်တက်နိုင်ရန် ဝါးရင်းသားတိုင် ဆောင်ရွက်ထားပါတယ်။နှစ်ရှည် အကျိုးခံစားခွင့်ရှိပြီး ဈေးကောင်းရရှိလို့ ဆေးဖက်လည်းဝင်တာကြောင့် စိုက်ပျိုးသင့်ပါတယ်" ဟု ကြယ်ပဲစိုက်မည့် တောင်သူဦးခင်ဇော်က ပြောပြသည်။

ကြယ်ပဲပင်မှာ နွယ်ပင်တစ်မျိုးဖြစ်ပြီး တစ်ကြိမ်စိုက်ပျိုးခြင်းဖြင့် နှစ် ၅၀ အထိ ဝင်ငွေရရှိနိုင်ကြောင်း၊ တစ်ဧကလျှင် အပင်၅၂၀ စိုက်ပျိုးနိုင်ပြီး တစ်ပင်တွင် နှစ်ကီလိုမှ လေးကီလိုအထိထွက်ရှိကြောင်း၊ တစ်ကီလိုဝယ်ဈေးငွေကျပ် ၁၀၀၀ မှ ၂၅၀၀ ရှိ၍ တစ်နှစ်ငွေကျပ် ၁၀ သိန်းမှ သိန်း ၃၀ ထိ အကျိုးခံစားခွင့်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မူးခင်းဖြစ်ပွားမှုမရှိစေရေးအသိပညာပေးဟောပြော

**သနပ်ပင် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျုံပါကျေးရွာအုပ်စု အထက်ကျုံပါ ကျေးရွာရှိ အ-ထ-က ကျောင်း၌ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီနှင့် မွန်းတည့် ၁၂ နာရီတို့တွင် ယာဉ်၊ လမ်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတို့နှင့်ပတ်သက်၍ မှုခင်းဖြစ်ပွားမှု မရှိစေရေး အသိပညာပေး ဟောပြောပွဲများကို ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြတ်ဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်သော အကြောင်းအရာကိုလည်းကောင်း၊ မင်းရွာရဲစခန်းမှူး ရဲအုပ်ကျော်ဇာလင်းက မှုခင်းကျဆင်းရေးနှင့် ပတ်သက်သောအကြောင်းကိုလည်းကောင်း Projector ဖြင့်အသီးသီးရှင်းလင်းဆွေးနွေးခဲ့ပြီး ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၅၀ တက်ရောက်ခဲ့သည်။ **လှမိုး(ပြန်/ဆက်)**

## လူထုဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်နေမှုရှင်းလင်း

**ဒလ ဩဂုတ် ၄**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး မှူးရုံးခန်း၌ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက အမှာစကားပြောကြားခဲ့ပြီး အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းခြင်း၊ လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် တိုးတက်မှုများအား တင်ပြတဲ့အချက်တွေကို ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး တင်ပြခဲ့သည်။ ယင်းလူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆွေးနွေးပွဲကို လစဉ် လဆန်း ၃ ရက်နေ့တိုင်း ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ပြန်/ဆက်)**

# ညောင်ဦး၌ ဧရာဝတီမြစ်ရေမြင့်တက်နေမှုမှာ နှစ် (၅၀) အတွင်း စိုးရိမ်ရေအမှတ်ထက် ကျော်လွန်မြင့်တက်နေ

**ညောင်ဦး ဩဂုတ် ၄**

ညောင်ဦးတွင် ယခုနှစ် ဧရာဝတီမြစ်ရေမြင့်တက်နေမှုမှာ ၂၀၀၄ ခုနှစ်က နှစ်(၅၀)အတွင်း မြင့်တက်ခဲ့သည့် စိုးရိမ်ရေအမှတ် ၂၂၆၃ စင်တီမီတာထက် ကျော်လွန်မြင့်တက်နေကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေအမှတ် ၂၁၂၀ စင်တီမီတာရှိရာ ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ဩဂုတ် ၂ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေအမှတ် ၂၁၂၀ စင်တီမီတာအထက် ၂၂၈၂ စင်တီမီတာ ကျော်လွန်မြင့်တက်နေခဲ့၍ အဆိုပါ မြစ်ရေမြင့်တက်မှုမှာ ၂၀၀၄ ခုနှစ်က နှစ်(၅၀) အတွင်း စံချိန်တင်မြင့်တက်ခဲ့သည့် စိုးရိမ်ရေအမှတ် ၂၂၆၃ စင်တီမီတာအထက် ၁၉ စင်တီမီတာခန့် ကျော်လွန်မြင့်တက်လာခဲ့ကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။



ယင်းသို့ ညောင်ဦးတွင် ဧရာဝတီမြစ်ရေ အဆမတန်မြင့်တက်နေမှုကြောင့် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများ မြို့တွင်းသွားလာရာတွင် အသုံးပြုသည့် ပုဂံမြို့ဟောင်းသွားလမ်းမပေါ်သို့ ရေများလျှံတက်လာခဲ့သဖြင့် ပုဂံမြို့ဟောင်းသွားလမ်း ယာယီ ပိတ်ထားလျက်ရှိကြောင်းသိရပြီး ယခု ဒေသခံများအနေဖြင့် မြို့တွင်း သွားလာရာတွင် ရေမဝင်သေးသည့် လမ်းများမှ ကွေ့ပတ် ဖြတ်သန်း သွားလာနေရကြောင်း မြို့ခံပြည်သူများ၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ဧရာဝတီမြစ်ရေကြီးသည့်အတွက်ကုန်တင်သင်္ဘောများ သင့်ရာကမ်းဘေးကပ်ကာ ကုန်တင်ကုန်ချပြုလုပ်

**မန္တလေး ဩဂုတ် ၄**

ဧရာဝတီမြစ်ရေကြီးသည့်အတွက် ကုန်တင်သင်္ဘောများမှာ ရွှေကြက်ယက်ဆိပ်မှ ဂေါဝိန်ဆိပ်အကြား ကမ်းနားလမ်းဘေး တစ်လျှောက် သင့်ရာနေရာတွင်ဆိုက်ကပ်ကာ ပါလာသောကုန်စည်များကို အတင်အချ ပြုလုပ်လျက်ရှိသည်။

မန္တလေးမြို့သို့ ကုန်စည်များ သယ်ယူပို့ဆောင်မှုတွင် ကုန်းလမ်း ရေလမ်းတို့ကို အဓိကထားကာ သယ်ယူပို့ဆောင်လေ့ရှိသည်။ ရေလမ်းဖြင့် မြန်မာနိုင်ငံနေရာ အနှံ့အပြားသို့ ကုန်စည်များကို တင်ပို့လေ့ရှိသည်။ ထိုသို့တင်ပို့ရာတွင် ဂေါဝိန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်၊ မရမ်းခြံဆိပ်နှင့် အခြား ကုန်တင်ဆိပ်ကမ်းများအပါအဝင် ဒေသအလိုက် ကုန်ပစ္စည်းအလိုက်တင်ပို့လေ့ရှိကြသည်။

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါဝိန်ဆိပ်သည် လူသုံးကုန်ပစ္စည်းများစွာကို အားထား သယ်ဆောင်သောဆိပ်ကမ်းဖြစ်ပြီး အများစုသော ကုန်စည်များကို ထိုဆိပ်ကမ်းမှသယ်ကြသည်။ မန္တလေးမြို့အတွက် ဧရာဝတီမြစ်ဆိပ်ကမ်းများသည် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည်။ လက်ရှိကာလတွင် ဧရာဝတီမြစ်ရေကြီးနေသည့်အတွက် ကုန်များကို သင့်ရာ ကမ်းနားလမ်းတစ်လျှောက် ဆိုက်ကပ်ကာ သယ်ယူတင်ချမှုများ ပြုလုပ်ရသည့်အတွက် ကမ်းနှင့်နီးကပ်စွာ အတင်အချ ပြုလုပ်နေရသည်။ ကုန်တင်ကုန်ချမှုများလည်း မြန်ဆန်မှုရှိလာသည်။

ဧရာဝတီမြစ်ရေကြီးသည့်အတွက် ကမ်းနားလမ်းပေါ်အထိ ကုန်များထားကာ အတင်အချပြုလုပ်ရသည်လည်းရှိသည်။ ယခုအခါတွင် ကုန်တင်သင်္ဘောများတွင် ဂျုံစေ့၊ သကြားနှင့် အခြားကုန်များ လှိုင်လှိုင်ဝင်လျက်သည်။ ရေကြီးသည့်ကာလ ဖြစ်သည့်အတွက် ကုန်တင်ကုန်ချခ စျေးနှုန်းအမျိုးမျိုး ပေးချေနေရသည်။ အိတ်တစ်အိတ်လျှင် ငွေကျပ် ၈၀ မှ ၉၀ အထိ အနီးအဝေးပေါ်မူတည်ကာ ပေးချေရပြီး ပုံမှန်ကုန်တင်ကုန်ချ ပြုလုပ်ကာ မြို့တွင်းခေါက်တို ကားများဖြင့် လိုရာပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**



# မှုခင်းကျဆင်းရေးအသိပညာပေး၊ မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချဆန္ဒဖော်ထုတ်မှုအား ကျောင်းသားနှင့်ပြည်သူများ ပူးပေါင်းပါဝင်ဆင်နွှဲ

**ဘားအံ ဩဂုတ် ၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာအထက်တန်းကျောင်း၌ ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ပူးပေါင်းအဖွဲ့တို့ဖြင့် မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှု စသည့်မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနား၌ ဘားအံမူးယစ်အထူးတပ်ဖွဲ့မှ ဒုရဲမှူးထွန်းထွန်းဦးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပညာပေးဟောပြောခဲ့ပြီး ဘားအံယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုရဲမှူးထွန်းထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ဘားအံပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒု-ဦးစီးမှူးက စာပေဆိုင်ရာအသိပညာပေးဟောပြောခဲ့ပြီး ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီမိုးက မှုခင်းကိစ္စရပ်များ၊ လူကုန်ကူးနှင့် လူမှောင်ခိုကိစ္စရပ်များနှင့် မူးယစ်ဆေးဝါးမှုများတွင် ရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်နေမှုများအား အသိပညာပေး ချပြရှင်းလင်းခဲ့ကာ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ လိုက်လံဝေငှခဲ့သည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး နော်ဆဲပွတ်ဖောနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၆၀၀ နှင့် ကျေးရွာသူ၊ ကျေးရွာသား ၂၀၀ တို့ တက်ရောက်ခဲ့သည်။

ယင်းဟောပြောပွဲအပြီး၌ ကော့ကျိုက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်ရီနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ဝင် ဦးဇော်မြင့်ထွန်း ဦးဆောင်သောအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများသည် ကျေးရွာအတွင်း မူးယစ်ဆန့်ကျင်ရေး ဗီနိုင်း၊ ပိုစတာများ ကိုင်ဆောင်ကာ မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချရေး ကြွေးကြော်သံများဖြင့် လမ်းလျှောက်ချီတက် လူထုဆန္ဒဖော်ထုတ်ခဲ့ကြပြီး ကော့ကျိုက်ကျေးရွာသည် မူးယစ်ကင်းစင်နယ်မြေဖြစ်သည် ဆိုင်းဘုတ်အား စိုက်ထူခဲ့ကြသည်။ **ထွန်းထွန်းထွေး (ဘားအံ)**

## မကွေးမြို့ အောင်မေတ္တာရပ်ကွက်မှ ရေဘေးသင့်မိသားစုများအား ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေ

**မကွေး ဩဂုတ် ၄**

ဧရာဝတီမြစ်ရေ အတက်နှုန်းများလာသဖြင့် မကွေးမြို့ရှိ အောင်မေတ္တာ(က)ရပ်ကွက် အနိမ့်ပိုင်းမှ အိမ်ထောင်စု ၁၂၀ ကျော် မိသားစုများ ရေဘေးအခက်အခဲများ ကြုံတွေ့နေ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးပရဟိတ အဖွဲ့များက အကူအညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၂ ရက်အထိ မကွေးမြို့၏ စိုးရိမ်ရေမှတ်အထက် တိုးမြင့်တက်လာသဖြင့် အောင်မေတ္တာ(က)ရပ်ကွက် အနိမ့်ပိုင်းနေ အိမ်ထောင်စု ၁၂၅ စု လူဦးရေ ၄၀၈ ဦးတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းထိုက်က ယာယီနေရာချထားပေးခဲ့ကြောင်း၊ ဦးအောင်မြင့်(ယခင်အုပ်ချုပ်ရေးမှူး) ဦးဆောင်၍ အောင်မေတ္တာရပ်ကွက်မှ လူငယ်များစုစည်းထားသည့် 'သွေးဝေလျံ'ပရဟိတအဖွဲ့များက ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက စတင်၍ နေ့လည်စာနှင့် ညစာထမင်းထုပ်များ ပေးဝေခဲ့သည်။

"ဒီရပ်ကွက်ရဲ့ မြေနိမ့်ပိုင်း မိသားစုနေအိမ်တွေ ရေဝင်နေတော့ အုပ်ချုပ်ရေးမှူး ဦးဝင်းထိုက်က ရေလွတ်ရာကုန်းမြင့်ပိုင်းမှာ ယာယီနေထိုင်ခွင့် နေရာချထားစီစဉ်ပေးတယ်။ ရေဘေးနဲ့ အခက်အခဲကြုံတွေ့ကြတဲ့ မိသားစုတွေ အဆင်ပြေအောင် ယခင်အုပ်ချုပ်ရေးမှူး တာဝန်ဆောင်ရွက်ခဲ့တဲ့ ဦးအောင်မြင့်က ဦးဆောင်ပြီး တစ်ဦးတည်းအလှူရှင်ပြုလုပ်ကာ အိမ်ထောင်စု ၁၀၁ စု လူဦးရေ ၃၀၀ ကျော်ကို ထမင်းထုပ်ပေါင်း ၆၀၀ ကျော် ပေးဝေခဲ့ပြီး အိမ်ထောင်စု ၁၂၅ စု လူဦးရေပေါင်း ၄၀၈ ဦးရှိတော့ နေ့လည်စာ၊ ညစာ စုပေါင်းလှူဒါန်းမှုကိုတော့ အောင်မေတ္တာရပ်ကွက် လူငယ်အင်အားဖြင့်စုစည်းထားတဲ့ 'သွေးဝေလျှံ' ပရဟိတ လူမှုကူညီရေးအဖွဲ့က လှူဒါန်းကြပါတယ်" ဟု ၎င်းအဖွဲ့၏တာဝန်ရှိသူတစ်ဦးကပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နေ့စဉ်ခန့်မှန်းချက်မှာ ဩဂုတ် ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲ ထုတ်ပြန်ချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့၏ စိုးရိမ်ရေမှတ် ၁၇၅၆ စင်တီမီတာ၊ မင်းဘူးမြို့၏ စိုးရိမ်ရေမှတ် ၁၇၇၆ စင်တီမီတာ၊ ပခုက္ကူမြို့၏ စိုးရိမ်ရေမှတ် ၂၂၄၉ စင်တီမီတာနှင့် ချောက်မြို့တွင် စိုးရိမ်ရေမှတ် ၁၄၃၉ စင်တီမီတာ၊ အောင်လံမြို့၏ စိုးရိမ်ရေမှတ် ၂၅၈၂ စင်တီမီတာ အသီးသီးရှိပြီး နောက် ၂ ရက်အတွင်း ပခုက္ကူမြို့၌ ၂ ပေခန့် ရေကျဆင်းနိုင်ကြောင်း မကွေးမြို့နှင့် မင်းဘူးမြို့တို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေခန့် တက်နိုင်ကြောင်း သိရသည်။ **ခွဲထက်ရှင်**

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အခြေအနေနှင့် လက်ရှိဥပဒေအကြောင်းရှင်းလင်း

**ထားဝယ် ဩဂုတ် ၄**

ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ နောက်ဆုံးအခြေအနေနှင့် လက်ရှိကျင့်သုံးနေသော ဥပဒေများအကြောင်းကို ထိုင်းနိုင်ငံအခြေစိုက် ရွှေ့ပြောင်းအလုပ်သမားများအရေး လုပ်ဆောင်နေသော ထိုင်းနိုင်ငံ အခြေစိုက် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(FED) က ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အခြေအနေနှင့် လက်ရှိဥပဒေအကြောင်းရှင်းလင်းပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဆိပ်ကမ်းသာ(၂) ခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင်ထားဝယ်တိုင်းရင်းသားများပါတီဥက္ကဋ္ဌ ဦးအေးမင်းက အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့်ပတ်သက်၍ ရှင်းလင်းပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်ထိုင်းနိုင်ငံအခြေစိုက် ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာဦးထူးချစ်က မြန်မာနိုင်ငံသားများအနေဖြင့် ထိုင်းနိုင်ငံသို့ မထွက်ခွာမီ သိသင့်သိထိုက်သည့် အခြေခံသတင်းအချက်အလက်များ၊ ဥပဒေများနှင့် လက်ရှိထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ခံစားနေရသည့် ပြဿနာများအားလည်းကောင်း၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှအလုပ်သမားရေးရာ တာဝန်ခံ ဦးမိုးဝင်းက လူကုန်ကူးမှုနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ထိုင်း မြန်မာနယ်စပ် ရနောင်းလူသတ်မှု နောက်ဆုံးအခြေအနေအကြောင်း ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ထားဝယ်တိုင်းရင်းသားများပါတီဥက္ကဋ္ဌ ဦးအေးမင်း၊ ထိုင်းနိုင်ငံအခြေစိုက်ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ ဦးထူးချစ်နှင့်တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**(ထားဝယ်ခရိုင်ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အနောက်ဘက်စံပြကျေးရွာအုပ်စု သောင်လယ်ကျေးရွာနှင့် မောင်းရုံကျေးရွာတို့မှ ငါးနှစ်အောက်ကလေး၂၅၀အား ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးသစ်ထိုးနှံပေးခြင်းနှင့် သန်ကျမျက်စိအားတိုးဆေးတိုက်ကျွေးခြင်းကို ကျေးရွာသားဖွားဆရာမ ဒေါ်နီနီဝင်း ဦးဆောင်၍ ငှက်ဖျားစေတနာ့ဝန်ထမ်းများနှင့်အတူ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီမှစ၍ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။** သတင်းနှင့်ဓာတ်ပုံ- မြို့နယ်ပြန်/ဆက်

## သဘာဝဘေးအန္တရာယ်ကျရောက်ချိန် ကူညီကယ်ဆယ်နိုင်ရေးကြိုတင်ဇာတ်တိုက် လေ့ကျင့်၊ သောက်ရေသန့်ဘူးကြီးများလှူဒါန်း



**မုံရွာ ဩဂုတ် ၄**

သဘာဝဘေးအန္တရာယ် ကျရောက်ချိန် ကူညီကယ်ဆယ်နိုင်ရေး ကြိုတင် ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ ပူးပေါင်းအဖွဲ့များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလုံစစ်ပင် ရပ်ကွက်၌ ဩဂုတ် ၃ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက်ပိုင်းမှာ မုံရွာမြို့ စစ်ပင်ရပ်ကွက်ရှိ ချင်းတွင်းမြစ်ရေ ဝင်ရောက်လျက်ရှိသည့် ပန်းဘဲတန်းရပ်ကို သွားရောက်ပြီး မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချင်းစိန် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၇) ယာဉ်ထိန်း ရဲတပ်ဖွဲ့ခွဲမှူး ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးခင်ဇော်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်ပင်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်းကာ ကျန်းမာရေးယာဉ်နှစ်စီး၊ သယ်ယူပို့ဆောင်ရေး ယာဉ်သုံးစီး၊ စက်လှေ ခုနစ်စီးဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှ ၂၀ လီတာ ရေသန့်ဘူးကြီး ၁၀၀ ကို မြစ်ရေဝင်ရောက်လျက်ရှိသည့် အိမ်ထောင်စုများအား လှူဒါန်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းနောက် အဆိုပါ ပူးပေါင်းအဖွဲ့ဝင်များသည် မုံရွာမြို့ ကွေ့ကြီးရပ်ကွက် ချင်းတွင်းမြစ် ကျောက်သဲဆိပ်တွင် ရှာဖွေကယ်ဆယ်ရေး မော်တော်ဘုတ်နှစ်စီးဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ချင်းတွင်းမြစ်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကျန်းမာရေးဆိုင်ရာပညာပေးဟောပြောခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအခြေအနေစစ်ဆေးပေး

**နေပြည်တော် ဩဂုတ် ၄**

ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေးကို အပတ်စဉ်အရှိန်အဟုန်မပျက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက နေပြည်တော်ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်အတွင်းရှိ Wisdom Hill ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းသား၊ ကျောင်းသူလေးများ၏ ကျန်းမာရေးအခြေအနေ စစ်ဆေးပေးခြင်းများကိုကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားတွင် မိခင်နှင့်ကလေးကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာမြတ်မြတ်ခိုင်က အာဟာရမျှတအောင် စားသုံးနိုင်ရေး၊ စားသုံးရန်သင့်၊ မသင့်သော အစားအစာများအကြောင်းနှင့် တစ်နေ့တာကျန်းမာရေးလှုပ်ရှားပုံများကို ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်သူနာပြု အဆင့် (၁) ဒေါ်ငြိမ်းငြိမ်းလှက သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ မူးယစ်ဆေးများအကြောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါများအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းခြင်းနှင့် လက်ဆေးနည်းများကို ကျောင်းသား၊ ကျောင်းသူလေးများနှင့်အတူ လက်တွေ့သရုပ်ပြသခဲ့သည်။

ဆက်လက်၍ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ငြိမ်းငြိမ်းလှက ပျိုရွယ်သူကျန်းမာရေး အကြောင်းအရာနှင့်ပတ်သက်ပြီး ရှောင်ရန်၊ ဆောင်ရန်အချက်များကို ကျောင်းသူလေးများအား သီးသန့်ဆွေးနွေး ပြောကြားခဲ့သည်။

ယင်းနောက် ဒေါက်တာမြတ်မြတ်ခိုင်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူလေးများ၏ ကျန်းမာရေး အခြေအနေစစ်ဆေးပေးခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကျောင်းသားနှင့် အိမ်သာအချိုးမျှတမှုရှိ၊ မရှိစစ်ဆေးခြင်းနှင့် သောက်သုံးရေလုံလောက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

Wisdom Hill ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ဒုတိယကြီးကြပ်အုပ်ချုပ်ရေးမှူး ဒေါ်ခိုင်သဇင် က ‘အခုလို ကျန်းမာရေးဝန်းထမ်းများအနေနဲ့ သီးသန့်လာရောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကိုယ့်ရဲ့ ကျောင်းသားတွေကိုလည်း ကျန်းမာရေးအသိတွေရှိစေချင်တယ်။ ကျောင်းမှာသာ သင်ကြားမှုမျိုးမဟုတ်ဘဲနဲ့ မိသားစုတွင်းမှာသာမက ဘဝတစ်လျှောက်လုံးမှာပါ ကျန်းမာဖို့လိုအပ်ပါတယ်။ မိဘတွေအနေနဲ့ မအားလပ်လို့ မစစ်ဆေးပေးနိုင်တဲ့ ကလေးတွေကို ကျောင်းကစောင့်ရှောက်ပေးတဲ့အပြင် ကျန်းမာရေးဦးစီးဌာနကပါ ပူးပေါင်းဆောင်ရွက်ပေးတော့ ကလေးတွေကျန်းမာရေးအတွက် ပိုပြီးအဆင်ပြေတာပေါ့” ဟု ပြောကြားသည်။

**ဇမ္ဗူသီရိ(ပြန်/ဆက်)**

## မနောသုခစပါးတစ်ဆန်ပက်စိုက်ပျိုးခြင်းဖြင့် ကုန်ကျစရိတ်သက်သာ

**ကျောက်ဆည် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာကွင်းအမှတ်(၇၇၃) တွင် မိုးစပါးစိုက်ပျိုးရာ နည်းအမျိုးမျိုးဖြင့် စိုက်ပျိုးလျက်ရှိ၍ တောင်သူဦးမျိုးဆွေ၏ ပြောပြချက်အရ အစိုထွန်မွှေခြင်း၊ သမန်းချောမွှေခြင်း ပေါင်းသတ်ဆေးများ ပက်ဖျန်းခြင်းများပြုလုပ်ပြီး မနောသုခစပါးမျိုး ကြဲပက်စိုက်ပျိုးကြောင်း သိရသည်။

တောင်သူလယ်သမားများသည် မိမိဒေသရာသီဥတုနှင့်ကိုက်ညီသော မိုးစပါးစိုက်ပျိုးရာတွင် ဆည်မြောင်းရေရရှိကောင်းမွန်ခြင်း၊ ရေနေ၊ ရေထိုင်ကောင်းမွန်ခြင်းတို့ကြောင့် အစိုထွန်၊ တစ်ဆန်ပက်စိုက်ပျိုးနည်းမှာ ကုန်ကျစရိတ်သက်သာပြီး အထွက်တိုးကောင်းမွန်ကြောင်း သိရသည်။

မျိုးစေ့ပက်ဖျန်းပြီး ၄၅ ရက်အကြာတွင် ရှစ်သွားထွန်ဖြင့် ထွန်ယက်ခြင်းတို့ကြောင့် သမန်းနှိုးဆွခြင်း၊ သားခွဲခြင်းတို့ပါဝင်ပြီး ကောက်ပင်များ ပြန်လှန်ချိန်တွင် တစ်ဧကပုလဲမြေဩဇာများကိုလိုအပ်သလို ပက်ဖျန်းပေးခြင်းတို့ကြောင့် မနောသုခစပါးအထွက်နှုန်းမှာ တင်း ၁၀၀ ဝန်းကျင်ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်လွင်**

## အိမ်တိုင်ရာရောက်ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်

**မြင်းခြံ ဩဂုတ် ၄**

ပြည်သူများဘဝ အေးချမ်းလုံခြုံစွာဖြင့် စိတ်ပူပင်မှုမရှိဘဲအေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုရဲလုပ်ငန်းများတွင် ပါဝင်သော အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ် (HOME VISIT) ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

မြင်းခြံမြို့ မြို့မရဲစခန်းမှနယ်ထိန်းတပ်ဖွဲ့ခေါင်းဆောင် ဒုရဲအုပ်နိုင်ဝင်းထွန်းနှင့် အဖွဲ့သည် အိမ်တိုင်ရာရောက်ရဲလုပ်ငန်းစနစ် (HOME VISIT) ဖြစ်သော ပြည်သူများရှိရာသို့ သွားရောက်ပြီးလိုအပ်သော အကူအညီများကို ကူညီပေးခြင်း၊ မိမိတို့ကိုယ်တိုင် မတတ်နိုင်ပါက အဆင့်ဆင့် အကြောင်းကြားပေးခြင်း၊ နားလည်အောင်ဟောပြောခြင်းများကို ပြုလုပ်ပေးခဲ့ရာ ဇူလိုင် ၂၉ ရက်၊ နေ့လည် ၂ နာရီတွင်အမှတ် ၁၉ ရပ်ကွက်၊ နယ်မြေ ၃ တွင်နေထိုင်၍ မိသားစုခုနစ်ဦးရှိသည့် ဦးမောင်စန်း ဇနီးဒေါ်တင်တင်ဝင်းတို့ နေအိမ်တွင် ကလေးများ မြေကြီးပေါ် ဖျာခင်းအိပ်နေရသည်ကို တွေ့ရသဖြင့် ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်ကာ ကလေးများအိပ်ရန် ကွပ်ပျစ်အိပ်စင်တစ်ခုကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည် ။

**ဇော်မင်းနိုင် (မြင်းခြံ)**



## တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးပြီး ပညာပေးဟောပြော

**ဆားလင်းကြီး ဩဂုတ် ၄**

ဆားလင်းကြီးမြို့နယ် တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်း တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသခြင်းနှင့် ပညာပေးဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်က နီပါးတန်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းနောက် မြို့နယ်တိုင်းရင်းဆေးမှူးက တိုင်းရင်းဆေးဖြင့် ပျောက်ကင်းနိုင်သော ရောဂါများအကြောင်း ပညာပေးဟောပြောခဲ့ပြီး အခမဲ့ဆေးကုသပေးခဲ့သည်။

ဆားလင်းကြီးမြို့နယ် တိုင်းရင်းဆေးကုဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်ကာလအတွင်း မြို့ပေါ်နှင့် ကျေးရွာများသို့ လစဉ်ပုံမှန် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယင်းနေ့အထိ လူနာ ၂၅၇၀ အား အခမဲ့ ဆေးကုသပေးခဲ့ပြီးဖြစ်သည်။

**ဥမ္မာခိုင်(ပြန်/ဆက်)**

# လူသားနှင့် ပျားတို့ကမ္ဘာ

**ခဲ** ရွှေလင်းပြည့်စုံ



ပျားတို့ကမ္ဘာသည် လူသားအကျိုးပြု အာဟာရကို ထုတ်ပေးနိုင်စွမ်းပြီး လူသားတို့အလုပ်ဂုဏ်ကို ချစ်မြတ်နိုးတတ်အောင် ပညာပေးနေသည်။ ပျားအုံတစ်အုံတွင် ပျား ၄၀၀၀၀-၆၀၀၀၀ မှသည် ပျားကောင်ရေ ၁၀၀၀၀၀ ထိ နေထိုင်ကြသည်။ ပျားအုံတစ်အုံတွင် ပျားဘုရင်မ၊ ပျားထီး၊ ပျားမ(ပျားလုပ်သား)များ ပါဝင်ဖွဲ့စည်းထားသည်။ ပျားအုံတစ်အုံတွင် ပျားဘုရင်မက အခြားပျားထက် အကောင်ကြီးသည်။ ပျားထီးက တစ်ကောင်၊ နှစ်ကောင်သာရှိသည်။ ကျန်ပျားများက ပျားလုပ်သားပျားမများဖြစ်ကြသည်။ ပျားတစ်ကောင်တွင် ပျားဦးခေါင်းပိုင်း၊ ရင်ပိုင်း၊ ဝမ်းဗိုက်ပိုင်း သုံးမျိုးခွဲခြားသည်။ ဦးခေါင်းပိုင်းက အာရုံခံစားသည်။ ရိုးရိုးမျက်လုံး၊ မျက်ပေါင်း၊ ဦးမျှင်၊ အထက်နှုတ်ခမ်း၊ နှုတ်ရိုး၊ နှာမောင်း၊ ရှေ့အတောင်၊ နောက်အတောင်၊ ရှေ့ခြေ၊ အလယ်ခြေ၊ နောက်ခြေတို့ ပါဝင်ဖွဲ့စည်းထားသည်။

ပျားဦးခေါင်းက သုံးဖက်တြိဂံပုံဖြစ်သည်။ ဦးခေါင်းပိုင်းတွင် ရိုးရိုးမျက်လုံး နှစ်လုံး၊ ကြီးမားသောမျက်လုံး သုံးလုံးပါဝင်သည်။ ပျားတစ်ကောင်တွင် မျက်လုံးငါးလုံး ပါဝင်ဖွဲ့စည်းနေသည်။ မျက်လုံးတစ်လုံးတွင် မျက်ကြည့်လွှာ (Lens) ငါးထောင်ကျော်ပါဝင်သည်။ ရိုးရိုးမျက်လုံးနှစ်လုံးဖြင့် ပန်းကိုရှာဖွေကြသည်။ ပန်းပေါင်းတစ်ထောင်ကို မျက်လုံးဖြင့် ကြည့်နိုင်သည်။

လူသားတို့မမြင်နိုင်စွမ်းသော ခရမ်းလွန်ရောင်ခြည်ကို ပျားက မြင်နိုင်စွမ်းသည်။

ဦးနှောက် (Brain) အလေးချိန်များလျှင် များသကဲ့သို့ အသိဉာဏ်ပိုင်းက ပိုမိုစူးရှထက်မြက်သည်။ သတ္တဝါတို့၏ ကိုယ်အလေးချိန်နှင့် ဦးနှောက်အရွယ်အစားကို သုတေသနပြုလျှင် ဆင်သတ္တဝါသည် မိမိကိုယ်အလေးချိန်၏ ၁/၅၀၀၊ ဝေလငါးသည် ၁/၁၂၀၀၊ လူသည် ၁/၄၀၊ ပျားသည် ၁/၁၇၀၊ ပုရွက်ဆိတ်က ၁/၂၀၀ တို့ဖြစ်ကြသည်။ သတ္တဝါ၏ခန္ဓာကိုယ်အလေးချိန် ၄၀ ရှိတိုင်း အသိဉာဏ်ဦးနှောက်က တစ်ဆဖြစ်သည်။ ဦးနှောက်ကြီးလျှင် အသိဉာဏ်သာသည်။

ပျားတို့က ဦးနှောက်ကြီး၍ ဉာဏ်ပညာ၊ အသိဉာဏ်ထက်မြက်သည်။ ပျားဦးခေါင်းတွင် ပျား၏ပါးစပ်ရှိသည်။ ပါးစပ်မှ မေးရိုးနှစ်ခုရှိသည်။ နှုတ်ရိုးနှစ်ခုရှိသည်။ အတွင်း၌ ရသာခံစားနိုင်သော အမြှေးပါးရှိသည်။

လုပ်သားပျားက မေးရိုးဖြင့် ပျားကော်များကိုရယူပြီး သစ်သားစလေး၊ အမှျင်လေးများဖြင့် ဝါရင့်ဗိသုကာဆရာပမာ ပျားအုံကို ခြောက်မြှောင့်သဏ္ဍာန်အခန်းလေးများကို တည်ဆောက်နိုင်စွမ်းသည်။ လုပ်သားပျား(ပျားမ)များက ပန်းမှ ပန်းဝတ်ရည်ကိုစုပ်ယူနိုင်စွမ်းသည်။ ပျား၏ရင်ခေါင်းပိုင်းနှင့် ဦးခေါင်းပိုင်းသည် ဆက်နေသည်။ ခြေထောက်နှင့် အတောင်များရှိကြသည်။

ပန်းပေါင်းတစ်ထောင်မှ ပျားရည်ကိုရသည်။ ပျားကောင်သည် ကျောရိုးမရှိသော အင်းဆက် (Insect)ဖြစ်သည်။ အင်းဆက်ပိုးသတ္တဝါတွင် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော သတ္တဝါမျိုးဖြစ်သည်။ အသိဉာဏ်ကထူးကဲသည်။ သူ့စည်း၊ သူ့ကမ်း၊ သူ့ဓလေ့၊ သူ့သဘာဝ၊ သူ့ဘာသာစကားတို့ဖြင့် သွားလာအသက်ရှင်နေထိုင်ကြသည်။

ပျားကမ္ဘာတွင် ပျားတို့သည် အခြားသတ္တဝါများထက် အသိဉာဏ်တွင် အဆရာထောင်မက ပိုမိုသည်။ ကျောရိုးမဲ့အင်းဆက် (Insect) သတ္တဝါထဲတွင် အဆင့်အမြင့်ဆုံးဖြစ်သည်။

ပျားတို့၏ လှံ့လ၊ ဇွဲကို လူသာမန်တို့ မမှီနိုင်ပါ။ ပျားသည် ဝေပုံကျစနစ်ဖြင့် တာဝန်ကျရာကို ကျေပွန်နိုင်စွမ်းသည်။ အံ့မခန်းအောင်လုပ်အားပြုနိုင်သည်။

ကမ္ဘာတွင် ပျားအမျိုးအစား တစ်သောင်းကျော်ရှိသည်။ အချို့ပျားများ ရေခဲသော အာတိတ်ဝင်ရိုးစွန်းအနီးတွင် နေထိုင်ကျက်စားနိုင်သည်။ မျိုးပွားနိုင်သည်။ အချို့ပျားများက သဲကန္တာရ ပူပြင်းသောဒေသတွင်သာ နှစ်လုံးပေါက် နေထိုင်သွားလာကြသည်။

ပျားသည် ရွံ့ဗွက်ထူထပ်သောနေရာ၊ တော၊ တောင်၊ သစ်ပင်၊ သစ်တောကြားဝယ် ကြီးပြင်းပေါက်ဖွားကြသည်။

ကမ္ဘာဦးကျောက်ခေတ်ကပင် လူသည် ဝက်ဝံ၊ လင်းယုန်၊ ပျားတို့နှင့် နီးနွယ်နေထိုင်ခဲ့ကြသည်။ လူသားတို့အကျိုးပြု 'အချို' အရသာကို ပျားရည်မှ စတင်ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဥရောပတိုက်တွင် ၁၈ ရာစုကပင် ပျားရည်ကို အချိုအရသာအဖြစ် အသုံးပြုလာကြသည်။

လျှပ်စစ်မီးအစားထိုး အလင်းရောင်ကို ညအချိန်၌ ပျားမှရှိသော ပျားဖယောင်းဖြင့် မီးအလင်းရောင်ကို အစားထိုးအသုံးပြုခဲ့ကြသည်။ ပျားမှထွက်သောကုန်ပစ္စည်းတွင် ဖယောင်းတိုင်က လောကအလင်းကိုပေးစွမ်းနိုင်သည်။

ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ပျားဖယောင်းတိုင်ဖြင့် ဘုရားသခင်ကို တိုင်တည်ကြသည်။ အနောက်နိုင်ငံတွင် သတို့သားသတို့သမီးမင်္ဂလာဆောင်ရာတွင် ကောက်ရိုးဖြင့်ဖန်တီးထားသော ပျားအုံတစ်အုံကိုလက်ဖွဲ့ကြရသည်။ 'ပျားအုံတစ်အုံသည် ဘဝကိုလုံခြုံသာယာစေသည်၊ ပြီးပြည့်စုံစေသည်' ဟူ၍ ယူဆသောကြောင့်ဖြစ်သည်။ သတို့သားသတို့သမီးနှစ်ဦး မင်္ဂလာဆောင်ပြီးနောက် ပထမလတွင် ပျားရည်ဆမ်းလ (Honey Moon)ခရီးထွက်ခဲ့ကြသည်။ ပျားမှပေးသော အမြတ်ဆုံးမင်္ဂလာမှုကိုပြု၍ ဘဝချစ်ခရီးကြင်ဖော်ပြုကြသည်။

ပျားရည်၏အကျိုးအာနိသင်ကို သိင်္ဂဲရသံဟိတဆေးကျမ်းက 'အနာအတွက်ကောင်းသည်'ဟူ၍ ညွှန်းသည်။ ဥတုဘောဇနဆေးကျမ်းက 'ပျားရည်ဟူသမျှ ချို၏၊ စဉ်းငယ်ဖန်၏၊ အစာကိုကြေလွယ်၏၊ အေး၏၊ ဝမ်းမီးကိုတောက်စေ၏၊ အနည်းငယ်စားလျှင် ဝမ်းသွား၏၊ အသံကိုကောင်းစေ၏၊ မျက်စိနှင့်သင့်၏၊ ပေါက်သောအနာကို သုတ်သင်၏၊ အရွယ်ကိုနုပျိုစေ၏၊ အဆင်းကိုကောင်းစေ၏၊ သွေးလေ၊ သွေးလမ်း၊ သုတ်သင်ရှင်းလင်း၏၊ နှလုံးကိုနှစ်သက်စေ၏၊ ဉာဏ်ပညာကိုတိုးပွားစေ၏၊ သုတ်များကိုပွားစေ၏၊ ခံတွင်းရှင်း၏၊ နှုတ်ကိုမြိန်စေ၏၊ နူနာ၊ မြင်းသရိုက်နာ၊ ချောင်းဆိုးနာ၊ သွေးသည်းခြေနာ၊ သလိပ်ပုပ်နာ၊ မောဟနာ၊ မောပန်းသောအနာ၊ ပိုးနာ၊ အဆီအခဲနာ၊ ကိုယ်ပူနာ၊ ထိခိုက်ရှနာ၊ အရိုးကျိုးနာပြန်ဆက်စေ၏၊ မေထုန်မှီဝဲနိုင်သောအားကိုပေး၏၊ အဆိပ်ဟူသမျှကိုနိုင်၏'ဟူ၍ ညွှန်းသည်။

ဓာတုဩသဓဆေးကျမ်းက 'ပျားရည်သည် စိတ်ကိုငြိမ်းသက်စေ၏၊ ကိုယ်ကိုပေါ့ပါး၏၊ အိပ်ရေးကိုဝစေ၏၊ ကုတ်ကီး၊ ချောင်းဆိုးနာကိုပျောက်စေ၏၊ တွေဝေမိန်းမောနေသောရောဂါကိုပျောက်စေ၏၊ ဉာဏ်ပညာကို ပွားစေ၏၊ ဝမ်းကိုရပ်စေ၏'ဟူ၍ ညွှန်းသည်။

ပျားရည်နှင့်မတည့်သောအစာများလည်းရှိသည်။ ပဒုမ္မာကြာရွက်၊ ဆေးမေးခါးရွက်၊ လူနို့၊ ဆင်သမန္ဒယ်ရွက်၊ မှို၊ ပိန်းဥ၊ တောင်ပိန္နဲသီးတို့က ပျားရည်နှင့်မတည့်ကြပါ။

ပိဋကတ်ကျမ်းဂန်လာ ဝိနည်းမဟာဝါ ပါဠိတော်တွင် မြတ်ဗုဒ္ဓက သားတော်ရဟန်း သံဃာတော်များကို ထောပတ်၊ ဆီဦး၊ တင်လဲ၊ ပျားရည်တို့ကို မွန်းလွဲသောအခါ သုံးဆောင်ခွင့်ပြုတော်မူသည်။

ဟိန္ဒူဘာသာဝင်တို့ကလည်း ပျားရည်သည် မွန်မြတ်သောဂုဏ်ကိုဆောင်ပြီး ကောင်းကင်ကို ကိုယ်စားပြုကြောင်း၊ စကြာဝဠာကိုအသက်သွင်းပေးသော ဗိဿနိုးနတ်မင်းကြီးအား ကြာပွင့်ပေါ်တွင်နားနေသော ပျားတစ်ကောင်ပမာ နှိုင်းယှဉ်ခဲ့သည်။

ခရစ်ယာန်ဘာသာဝင်တို့၏ သမ္မာကျမ်းစာတွင် 'အီဂျစ်ပြည်တွင်ရှိသော ဣသရေလလူမျိုးတို့အား နွားနို့၊ ပျားရည်စီးဆင်းသောပြည်သို့ ပို့ဆောင်ပေးမည်ဟု တမန်တော်ကြီး မောရှေဖိုးဆက်အား ဘုရားသခင်က ကတိပေးတော်မူ၏'ဟူ၍ ထွက်မြောက်ရာကျမ်း (၃း၁၇) တွင် ညွှန်းဆိုသည်။

ဂျူးလူမျိုးတို့ကလည်း ပျားရည်တစ်ပုလင်းပိုင်ဆိုင်လျှင် ဘဝပြည့်စုံပြီဟူ၍ ယူဆထားကြသည်။ ရှေးအီဂျစ်တို့ကလည်း လူသေရုပ်လောင်းများကို မပုပ်မသိုးစေရန် ပျားရည်ကို အသုံးပြုခဲ့ကြသည်။ ဘုရင့်ရုပ်အလောင်းကို ပျားရည်ကန်၌စိမ်ကြသည်။ ပိရမစ်ဂူသင်္ချိုင်းထဲတွင် ပျားရည်ကျောက်ကန်၊ ကျောက်အိုးကြီးများ အသုံးပြုခဲ့ကြသည်။ ရှေးဂရိလူမျိုးတို့က ပျားရည်ကို လူသားများအတွက် သဘာဝလက်ဆောင်ဟူ၍ ယူဆခဲ့ကြသည်။ နတ်ဘုရားသည် ပျားရည်ကိုအသုံးပြု၍ အသက်ရှည်ဟူ၍ ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် နတ်ဘုရားကိုပသရန် သစ်သီးပေါ်၌ ပျားရည်ကိုလောင်းပြီး ဆက်ကပ်ကြသည်။

လူ့ခန္ဓာကိုယ်တွင် ပျားရည်က ဆီးလမ်းကြောင်းမှ ရောဂါပိုးကိုသေစေသည်။ အသက်ရာကျော်အဘိုးအဘွားများသည် ပျားရည်မှီဝဲသောကြောင့်သာ အသက်ရှည်ကြသည်။

ပျားရည်၏စွမ်းရည်သည် လူ့ခန္ဓာကိုယ်မှ အနာကိုကျက်စေသည်။ အစာအိမ်တွင် အနာဖြစ်ပါကလည်း ပျားရည်သောက်သုံးမှီဝဲခြင်းဖြင့် အစာအိမ်ရောဂါမှပျောက်စေသည်။ ရောဂါဖြစ်စေနိုင်စွမ်းသော အိပ်ပိုရစ်ပိုး၊ ဘက်တီးရီးယားပိုးများကို ပျားရည်က သေဆုံးစေသည်။ သို့ရာတွင် အသက် နှစ်နှစ်အောက်ရင်သွေးငယ်များ မသောက်သုံးသင့်ပါ။ ပျားရည်ကို ကိုင်တွယ်အသုံးပြုသည့်လက် မစင်ကြယ်ပါက သန့်ရှင်းမှုကို စိတ်မချရသည့်အတွက် နှစ်နှစ်အောက်ရင်သွေးငယ်များ စားသုံးမှီဝဲမှုကို မပြုသင့်ပါ။

ရှေးခေတ်က အီဂျစ်ပြည်တွင် မာမီရုပ်ကြွင်း၊ ရုပ်အလောင်းများကို ပုပ်သိုးမှုမှ နှစ်ရှည်ခံအောင် ပျားရည်များ သုတ်လိမ်းသိမ်းဆည်းကြကြောင်း မှတ်တမ်းများအရ သိရသည်။ ပျားရည်ကိုထားသိုမှု၊ ကိုင်တွယ်မှု မသန့်ရှင်းရာမှ မလိုလားအပ်သောပိုး၊ ဘက်တီးရီးယားများပါဝင်နိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်များပင် နှစ်ပေါင်း ၁၅၀၀ ကျော်ကစတင်၍ ပျားရည်ကို သောက်သုံးမှီဝဲခဲ့ကြသည်။ ကိုယ်ဝန်ဆောင်အရွယ်တွင် ပျားရည်ကိုမှီဝဲခဲ့ပါက နို့တိုက်ကျွေးရာတွင် ရင်သွေးငယ်အား ဘေးဥပဒ်မဖြစ်စေနိုင်ပါ။ ပျားရည်တွင် ရေပါဝင်မှု ၁၅-၁၈-၂၀ ရာခိုင်နှုန်းဖြစ်သည်။ ပျားရည်က ခန္ဓာကိုယ်ကို နုပျိုစေသည်။ အနာကိုကျက်စေသည်။ ထို့ကြောင့် လူ့ဘဝတွင် နှစ်နှစ်သားအရွယ်မှသည် သေဆုံးသည်အထိ ပျားရည်ကို မှီဝဲစားသုံးသင့်သည်။

ထမင်းစားပြီးတိုင်း ပျားရည်ကို တစ်ဇွန်းမျှ သောက်သုံးသင့်သည်။ ထမင်းနှင့် အဆိပ်အတောက် ဖြစ်စေသောအစာများကို ကျေပျက်စေသည်။ အစားအစာများကိုလည်း ပျားရည်၏အပူစွမ်းအားဖြင့် ချေဖျက်နိုင်သည်။ ဆေးဝါးသောက်သုံးရာတွင် ခါးသောဆေးမှုန့်၊ ဆေးရည်များကို ပျားရည်ဖြင့်ရောနှော၍ သောက်သုံးနိုင်သည်။

အားကစားသမားများအတွက် ကာယစွမ်းအားရရန် ပျားရည်ကိုမှီဝဲသင့်သည်။ နိုင်ငံတကာအားကစားသမားများသည် အားကစားမပြုလုပ်မီနှင့် အားကစားပြုလုပ်ပြီးချိန်များတွင် ပျားရည်ကို မှီဝဲစားသုံးကြသည်။ အမောဒဏ်ကို ကာကွယ်ပေးသည်။ အသက်ကြီးသောအရွယ်၌ ပျားရည်ကိုပိုမိုစားသုံးသင့်သည်။ ချက်ချင်းအမောပြေစေနိုင်စွမ်းသည်။ သဘာဝ သစ်သီး၊ ပန်းပွင့်များမှစုပ်ယူခဲ့ရသော ပျားရည်တွင် အင်တီအောက်ဆီးဒင့် (Antio-xidant)ဓာတ်ပါဝင်၍ လူသားခန္ဓာကိုယ်ကို အကျိုးပြုစေနိုင်စွမ်းသည်။

ပျားရည်ကို ပျားများက ပန်းပွင့်၊ သစ်ပင်များမှ ဝတ်ရည်၊ ဝတ်မှုံကိုစုပ်ယူရာတွင် အင်တီအောက်ဆီဒင့်ဓာတ်ပါဝင်၍ ကင်ဆာဖြစ်သူများအတွက် ဆေးဖက်ဝင်သည်။ ဟင်းသီးဟင်းရွက်သာ စားသုံးသူ၊ အသား၊ ငါးမစားသုံးသူများတွင် လိုအပ်နေသော အင်တီအောက်ဆီဒင့် (Antioxidant)ဓာတ်ကို ပျားရည်မှ ပေးစွမ်းနိုင်သည်။

နှစ်ပေါင်း ၅၀၀၀ ကျော်က အိန္ဒိယဆေးပညာရှင်များပြုစုသော ဆေးကျမ်းများတွင် ပျားရည်က အနာကျက်စေနိုင်ကြောင်း ထောက်ခံရေးသားခဲ့သည်။ တရုတ်ဆေးပညာရှင်များကလည်း ဆေးကျမ်းတွင်း ပျားရည်၏အစွမ်းကို တခမ်းတနားရေးသားဖော်ထုတ်ခဲ့ကြောင်း မှတ်သားရသည်။ အနာကျက်စေသော စွမ်းအားကြောင့် ဓားရှခြင်းဝေဒနာဒဏ်ရာကို ပျားရည်သုတ်လိမ်းမှုဖြင့် အမာရွတ်မရှိအောင် ပြုလုပ်နိုင်သည်။ အနာဟောင်းများ ပြည်တည်ခြင်းမှ ကင်းနိုင်စွမ်းသည်။

မြန်မာ့ဆေးကျမ်းတွင် ပျားရည်သည် အဆောင်ကောင်းတစ်လက်အနေဖြင့် နေရာယူခဲ့သည်။ ချိုမွှေးသောအရသာ၊ ဥသျှစ်သီးမှည့်အနံ့ရှိသော မင်းဝံတောင်မှပျားရည်၊ အင်ကြင်းဖူးများပွင့်ချိန်မှာ ရရှိသောပျားရည်တို့က ချိုမွှေးသည်။ ပန်းပေါင်းခသောဆေးရည်အဖြစ် လူကြိုက်များသည်။ ပျားရည်က ဝမ်းမီးကိုဖြစ်စေသည်။ အပူဓာတ်ကိုပေးစွမ်းနိုင်သည်။ အနာကျက်စေသည်။ အကြောကိုစင်ကြယ်စေသည်။

ယနေ့ လူ့လောကအသိုက်အဝန်း၌ အဖြစ်များနေသော နူနာ၊ မြင်းသရိုက်နာ၊ ချောင်းဆိုးသွေးပါ၊ အဆီတိုး၊ ပျို့အန်၊ ရေငတ်၊ ဝမ်းသက်၊ အသားလောင်၊ ကြို့ထိုး၊ ဝမ်းရောင်၊ အဆိပ်သင့်၊ အရိုးကျိုးဆက်ရောဂါများ သက်သာစေရန် ပျားရည်ကဖြစ်စေသည်။ အရေပြားကို စိုပြည်စေသည်။ အစာကိုကြေညက်စေသည်။ အိန္ဒိယဆေးပညာအရ အရေပြားယားယံခြင်းကို ပြေပျောက်စေသည်။ တရုတ်ဆေးပညာအလိုအရ ရုပ်အဆင်းကိုလှပစေသည်။

တိုင်းရင်းဆေးပညာလောကတွင် ပျားရည်က သွေးကြောများကိုကျစ်ခြင်း၊ ကျုံ့ခြင်း၊ နှလုံးရောဂါဝေဒနာကို ပျားရည်ဖြင့်ကုစားနိုင်သည်။ သက်ကြီးရွယ်အိုများက ပျားရည်ကို သံပရာရည်ဖြင့်ရောစပ်၍ ညအိပ်ရာဝင်၊ အိပ်ရာထ၊ တရေးနိုးအချိန် အချိန်မရွေး မှီဝဲသင့်သည်။ စားသုံးမှီဝဲရာတွင် ပျားရည်ကို ထောပတ်ဆီ၊ စေးထန်းသောအရည်၊ မိုးရေကြာစေ့၊ မုန်လာ၊ ဝက်သား၊ နွားနို့၊ ခိုသား၊ ကုလားမျက်စိပင်တို့နှင့် ရောနှော စားသုံးမိပါက အစာအဆိပ်သင့်နိုင်သည်။

ပျားရည်စစ် မစစ်ကို ခွေးကျွေးကြည့်ပါက ပျားရည်စစ်လျှင် ခွေးလုံးဝမစားပါ။ ပျားရည်ထဲတွင် ဝါဂွမ်းကိုစိမ်၍ မီးရှို့ကြည့်ပါက ပျားရည်စစ်လျှင် မီးစွဲလောင်သည်။ မီးခြစ်ဆံဖြင့် ပျားရည်ကိုတို့ကြည့်ပါက ပျားရည်စစ်လျှင် မီးစွဲလောင်သည်။ မီးခြစ်ဆံဖြင့် ပျားရည်ကိုတို့၍ မီးခြစ်ကြည့်ပါက မီးတောက်သည်။ သတင်းစာစက္ကူတွင် ပျားရည်စက်ချပါက သတင်းစာ၌ ပျံ့နှံ့မသွားလျှင် ပျားရည်စစ်သည်။ ပျားကောင်ကို ပျားရည်ထဲတွင်နစ်ကြည့်က ပျားကောင်က ကူးတတ်ပြီး ပျံနိုင်လျှင် ပျားရည်စစ်သည်။ ပျားရည်မစစ်လျှင် ပျားကောင် နစ်၍သေမည်။ ပျားရည်တစ်ဇွန်းနှင့် နှမ်းဆီတစ်ဇွန်း ဆတူရော၍ ရောသမပါက တစ်ဇွန်းသာရလျှင် ပျားရည်စစ်သည်။ ပျားရည်ကို ပါးစပ်ဖြင့်မြည်းကြည့်၊ နှာခေါင်းဖြင့် အနံ့ရှုကြည့်ပါက စစ်မစစ်သိနိုင်သည်။

ကလေးသူငယ် ရင်သွေးငယ်များ ချောင်းဆိုးဝေဒနာသက်သာစေရန် ပျားရည်ကို လက်ဖက်ရည်ဇွန်းဖြင့် တိုက်ကျွေးကုသနိုင်သည်။ ဆေးဖက်ဝင်ပျားရည်အစစ်ကို အသက်နှစ်နှစ်အရွယ်မှ သေဆုံးသည်အထိ နေ့စဉ် ထမင်းစားပြီးချိန် လက်ဖက်ရည်ဇွန်းဖြင့် လိုသလိုမှီဝဲခြင်းဖြင့် ကိုယ်ခံအားကို တိုးမြှင့်နိုင်သည်။

ပျားသည် အမျိုးမျိုးကွဲပြားနေသည်။ ပျားရှေပျား၊ ပျားချဉ်ပျား၊ သစ်ခေါင်းပျား၊ ယင်ပျား၊ ပျားနံ၊ ပျားကြီး၊ ခွေးလှေးပျား၊ ပွေးလိမ်ပျား၊ ပဆုပ်နီပျား၊ ပဒုံးပနီပျား၊ ပျားသန်းပျား၊ ပျားခေါင်းပျား၊ မြေပျား၊ နေရောင်ကာပျားဟူ၍ ပျား (၁၄)မျိုးကို မှတ်သားရသည်။

ပျားသည် လူသားဘဝနှင့် အနီးစပ်ဆုံး သတ္တဝါဖြစ်ပြီး လူသားတို့အားကျဂုဏ်ပြုနိုင်အောင်၊ စံပြုနည်းယူနိုင်အောင် ရှက်ဆောင်နေသော ပျားများဟူ၍ပင် ဆိုသင့်၊ ဆိုထိုက်လှပေစွ။ လူသားတို့အတုယူသင့်သော ပျားတို့ကမ္ဘာကား နက်ရှိုင်းကျယ်ပြန့်ပေသည်။

# လက်တွေ့အသုံးချဆေးနည်းတိုများ(၇)

■ကြည်လွင်မြင့်(မုဒြာ)

**ကျွန်မအဆီကျချင်လို့ပါ။ ပျားရည်နဲ့ သံပရာသီးကို ရေနွေးစိမ်သောက်ပါတယ်။ ညနေစာ မစားပါဘူး။ နည်းစနစ်မမှန်လို့လား မသိဘူး၊ မပိန်ပါဘူးရှင့်။ တချို့က ပျားရည်အသစ်သောက်ရင် ပိုဝတယ်ပြောတယ်။ မှန်ပါသလားရှင့်။**

ပျားရည်အဟောင်းကမှ လူကိုဝစေတာပါ။ အသစ်ကိုပဲ သုံးစွဲပါ။ အဆီကျချင်ရင် ပျားရည်တစ်ဇွန်း မနက်အိပ်ရာထသောက်ပါ။ သက်ရင်းကြီးရွက်နုကို ရေနွေးဖြော်ပြီး အတို့ အမြှုပ်လုပ်ပြီး နေ့စဉ် တစ်ရွက် နှစ်ရွက် စားသုံးပါ။ ညအိပ်ရာဝင် ရှောက်ရည်တစ်ဇွန်း၊ ပျားရည် တစ်ဇွန်း၊ ဆားခါးတစ်ဇွန်း (ဟင်းစားဇွန်း) စပ်သောက်ပါ။ ဝမ်းမှန်ပြီး ဗိုက်ချပ်၊ အဆီကျစေပါတယ်။

**သွေးထဲ အဆီများပြီး နှလုံးသွေးကြောကျဉ်း၊ နှလုံးအနည်းငယ်ကြီးပြီး အသည်းအဆီဖုံးစပြုနေသူက ပျားရည်စားလို့ရပါသလားရှင့်။**

ရပါတယ်။ မနက်အိပ်ရာထ ပျားရည်တစ်ဇွန်း ပုံမှန်သောက်ပေးရင် အဆီကျစေတယ်လို့ သုတေသနရှိပါတယ်။ ပျားရည်နဲ့ ရှောက်ရည်စပ်ပြီး သောက်ပေးရင်လည်း သွေးထဲကအဆီကျစေပါတယ်။ တချို့က ကြက်သွန်ဖြူဥတစ်လုံးကို ပျားရည်နဲ့ ရက်သတ္တပတ်ကြာစိမ်ထားပြီး စားသုံးရင် မကောင်းတဲ့ အဆီတွေကျစေတယ်လို့ဆိုပါတယ်။ ဆီးချိုရှိသူတွေတောင် ကြက်သွန်ဖြူပျားရည်ကို တစ်နေ့ ဟင်းစားဇွန်းတစ်ဇွန်းသုံးဆောင်နိုင်တယ်လို့ ဆိုပါတယ်။

**ဆရာရှင့် သမီးမျက်နှာမှာ မှဲ့ခြောက်လေးတွေလိုလို၊ အသားပိုလေးတွေလိုလို ထွက်လာတာကို ပျောက်ကင်းအောင် ဘယ်လိုလုပ်ရပါ့မလဲ။**



သံပရာသီးစိတ်နဲ့ ပွတ်ပေးပါ။ ကွမ်းသီးခြမ်း သွေးလိမ်းပါ။ တစ်ပတ်တစ်ကြိမ် ရှားစောင်းလက်ပပ်အနှစ် ကပ်ပေးပါ။ ရှားစောင်းလက်ပပ်စိမ်ထားတဲ့အရည်နဲ့ သနပ်ခါးကို သွေးလိမ်းပါ။ စိတ်ရှည်ရှည်နဲ့ ရေရှည်လုပ်ရင် မှဲ့ခြောက်ပျောက်နိုင်ပါတယ်။

**ကျွန်တော် ကွန်ပျူတာနဲ့အလုပ်လုပ်ရပါတယ်။ မနက်အိပ်ရာထရင် ခေါင်းမကြည်မလင်နဲ့ အုံ့တုံ့တုံ့ဖြစ်နေပါတယ်။ အိပ်ရေးလည်း ဝပါတယ်။ ဦးရေလည်း ကျိန်းပါတယ်။ ကူညီပါဦး ဆရာ။**

ရှောက်သီးစိတ် အခွံပါ ရေနွေးမတ်ခွက်တစ်လုံးနဲ့ စိမ်ထား၊ ညစိမ် မနက်အိပ်ရာထ သောက်ပါ။ ဒန့်သလွန်သီးတောင့်ကို ပြုတ်ပြီး အလယ်က အနှစ် အသားအစေ့ပါ ခြစ်ယူပါ။ ကြက်ဥနဲ့ရောကြော်စားပါ။ ဦးရေကျိန်းတာ ပျောက်ပါတယ်။

**ကလေးက နားကိုက်တယ်ပြောနေပါတယ်။ ဘယ်လိုလုပ်ရမလဲ။**

ကြက်သွန်နီဥကိုမီးဖုတ် အရည်ညှစ်ပြီး နားထဲထည့်ပေးပါ။ ဘေးစောင်းပြီး အရည် ပြန်ထွက်အောင်လုပ်ပါ။ သုံးကြိမ်လောက် လုပ်ပေးပါ။ နားပြည်ယိုဖူးရင်တော့ မုန်ညင်းဆီနဲ့ ဆားခါး အနည်းငယ်ကို မီးအပူပေးပြီး နားကျပ်တံနဲ့ ကျပ်ပေးပါ။

**ကျွန်တော့အသက် ၂၉ နှစ်ရှိပါပြီ။ ရဟန်းဝတ်ပြီး လူပြန်ထွက်လာတော့ ဆံပင်ရှည် ပြန်ထားတဲ့အခါမှာ ကျွန်တော့ငယ်ထိပ်မှာ ဆံပင်တွေ ပြန်ပေါက်မလာတော့ပါဘူး။ သူငယ်ချင်းတွေက ပြောင်ကြီးလို့ စနောက်ကြတယ်။ ဆံပင်ပြန်ပေါက်နိုင်မယ့်နည်းရှိရင် လမ်းညွှန်ပေးပါ ခင်ဗျာ။**



ကြိတ်မှန်ရွက်အရည်ကို ခေါင်းမှာလိမ်းပေးပါ။ ညအိပ်ရာမဝင်ခင် ခြေဖဝါး ဆားပွတ်ပြီး ဒူးအောက်ရေလောင်းပေးပါ။ ခြောက်လလောက် မှန်မှန်လုပ်လို့ ဆံပင်ပြန်ပေါက်သူလည်းရှိတယ်။ ဆေးမြီးတိုကျမ်းတွေမှာတော့ ကြက်သွန်နီဥ အရည်ကို ထိပ်မှာလိမ်းပြီး နာရီဝက် အကြာမှာ ခေါင်းလျှော်ပါ။ ပြီးရင် အုန်းဆီနဲ့ သံလွင်ဆီရောလိမ်းပါ။ ရက်ဆက်ကြာကြာလုပ်ရင် ဆံပင်ပြန်ပေါက်တာကို တွေ့ရပါတယ်။



**ကျွန်မအသက် ၃၀ မှာ ကလေးကိုခွဲမွေးပါတယ်။ မီးတွင်းမှာ နနွင်း လုံးဝမသောက်မိပါဘူးရှင့်။ ကလေးမွေးပြီးမှ ညာဘက်ခေါင်းတစ်ခြမ်း ခဏခဏကိုက်ပါတယ်။ ကလေးက ငါးလရှိပါပြီ။ အခုမှ နနွင်းပြန်သောက်ရင် ရပါသလားရှင့်။**

နနွင်းက သွေးသားသန့်စင်စေပါတယ်။ သင့်ရုံသောက်ပါ။ နနွင်းကို ပျားရည်နဲ့ ရွှေးစေ့လောက်လုံးပြီး မနက်သုံးလုံး၊ ညသုံးလုံး နှစ်ကြိမ်သောက်နိုင်ပါတယ်။ နနွင်းကို အရည်ဖျော်ပြီး ဟင်းစားဇွန်းတစ်ဇွန်းစာ သောက်ရင်လည်း ရပါတယ်။

**ကျွန်မ ဆံပင်ဆိုးဆေးတွေ အရောင်ပြောင်းပြီး မကြာခဏဆိုးပါတယ်။ အခု ဆံပင်တွေ ပျက်စီးပြီး ကျဲလာလို့ ဦးရေပြားပေါ်လာပါတယ်။ ဆံပင်ပြန်ကောင်းလာအောင် ဘယ်ဆေး အသုံးပြုရမယ်ဆိုတာ ညွှန်ပြပေးပါ။**

ဆံပင်သန်နက် ထောလပတ်ရွက်လို့ အဆိုရှိပါတယ်။ ဆံပင်မသန်တဲ့သူ၊ ကျဲတဲ့သူတွေ အရွက်ကို ကြိတ်ခြေပြီး ရတဲ့အရည်ကို ဦးရေပြားထဲ စိမ့်ဝင်အောင် လိမ်းပေးပါ။ ပြီးရင် ခေါင်းပေါင်းထားပြီး နာရီဝက်ကြာရင် ခေါင်းလျှော်ပေးပါ။

ဆံပင်အားနည်း၊ ငယ်ထိပ်ကွက်သူတွေ ထောလပတ်ရွက်ကို အခြောက်လှန်း၊ သံပြားပေါ်တင်၊ အပူပေးပြာချ၊ ပြာကို အုန်းဆီစစ်စစ်နဲ့စိမ်ထားပြီး ဦးခေါင်းတွင် မှန်မှန်လိမ်းပေးပါ။ မျက်ခုံးမွေးကျဲရင် ထောလပတ်ရွက်ကို အရည်ညှစ်၊ ကွမ်းရိုးနဲ့တို့ပြီး မျက်ခုံးအရာအတိုင်း လိုက်ဆွဲပေးပါ။

**ဆံပင်ဖြူ ပြန်နက် အတွင်းစားဆေးနည်း**

| | | |
|---|---|---|
| ၁။ | ထောလပတ်ရွက် | ၁ ကျပ်သား |
| ၂။ | ကြိတ်မှန်ရွက် | ၁ ကျပ်သား |
| ၃။ | နှမ်းနက်စေ့ | ၁ ကျပ်သား |

အထက်ပါ အမယ်သုံးမျိုးကို နွားနို့ ၅၀ ကျပ်သားနဲ့ ရောကျိုပြီး ကုန်နိုင်သလောက် သောက်ပါ။ နေ့စဉ် ရက်ဆက် တစ်လလောက် သောက်ပေးရင် ဆံပင်အားကောင်းပြီး ဖြူတဲ့ဆံပင် ပြန်နက်စေပါတယ်။ (ရှေးဆေးကျမ်းပါဆေးနည်း)

**သမီးတို့ မိသားစုလိုက် ဆေးဘဲဥသုပ် (ဖီတန်သုပ်) မကြာခဏစားကြပါတယ်ရှင့်။ ဆေးဘဲဥက ခဲဆိပ်သင့်တယ်လို့ Facebook ထဲမှာတွေ့လို့ ကြောက်ပြီး မစားတော့ပါဘူး။ အဆိပ်သင့်ရင် ဘယ်လိုလက္ခဏာတွေပြပြီး အဆိပ်ပြေအောင် ဘာလုပ်သင့်ပါသလဲ။ ကျေးဇူးပြုပြီး ဖြေကြားပေးပါ။**

ဆေးဘဲဥက တရုတ်ရိုးရာ အစားအစာပါ။ ဖီတန်ဆိုတာ တရုတ်နာမည်ပါ။ ဘဲဥကို မူလက ထုံးရည်နဲ့စိမ်ရာကနေ ထမင်း၊ ရွှံ့၊ ဆား၊ ထုံး၊ စပါးခွံတွေပါ ရောအုံတာတွေ့ရပါတယ်။ ဘဲဥရှားတဲ့အခါ ကြက်ဥနဲ့ ငုံးဥတွေကိုပါ ဖီတန်လုပ်ရောင်းတာ တွေ့ရပါတယ်။ ဖီတန်ဘဲဥရဲ့ အနှစ်က စိမ်းဝါရောင်၊ အပြင်အကာက အစိမ်းပုပ်ရောင်ကနေ မီးခိုးရောင်၊ ကြာကြာထားရင် အနက်ရောင်ထိပြောင်းပြီး အသားမှာ ဂျယ်လီကဲ့သို့ ပျစ်ခဲသွားတာ တွေ့ရပါတယ်။ အနံ့မှာ ချဉ်စူးစူးနဲ့ အက်စစ်နံ့ထွက်ပါတယ်။ စူးရှတဲ့အရသာရှိတဲ့အတွက် ခရမ်းချဉ်၊ ကြက်သွန်နီက မွှန်တဲ့အနံ့နဲ့ပေါင်းလိုက်ရင် ခံတွင်းလျှာအရသာပွင့်ပြီး စားချင်စရာဖြစ်ပါတယ်။ ငရုတ်သီးစိမ်းတောင့်လေးတွေပါ ညှပ်ထည့်သုပ်စားကြတယ်။

စားသုံးသူများလာတဲ့အခါမှာ ၁၀ ရက်ကနေ တစ်လလောက်စိမ်ရတဲ့ သမားရိုးကျနည်းအတိုင်း မလုပ်တော့ဘဲ ဓာတုဆေးရည်စိမ်ပြီး အမြန်ခဲအောင် လုပ်လာကြတယ်။ သုတေသီတစ်ယောက်ရဲ့ အဆိုအရ ကယ်လဆီယမ်ဟိုက်ဒြောဆိုက် (Calcium Hydroxide) နဲ့ ဆိုဒီယမ်ကာဗွန်နိုက် (Sodium Carbonate) ဖျော်ရည်မှာစိမ်ပြီး အမြန်နည်းလုပ်လာတယ်လို့ဆိုပါတယ်။

ဆေးရည်စိမ်တဲ့ဆေးဘဲဥရဲ့ဆိုးကျိုးကတော့ ဘဲဥအတွင်းဝင်ရောက်တဲ့ ဓာတုဆေးကြောင့် ခဲဆိပ်သင့်တာပါ။

ခဲဆိပ်သင့်တဲ့ လက္ခဏာတွေကတော့ အော့အန်၊ ဗိုက်နာ၊ အသက်ရှူမဝ၊ ရင်တုန်မောပန်း၊ အိပ်မပျော်၊ ဝမ်းလျှော၊ သွေးပေါင်တက် သွေးတိုးပြီး အလွန်ဆိုးရင် ဦးနှောက်အမြှေးရောင်၊ အကြောသေ၊ ပန်းသေ၊ ပန်းညှိုးရောဂါတွေထိ ဖြစ်နိုင်တယ်လို့ သိပ္ပံပညာရှင်တွေက ဆိုပါတယ်။ ခဲဆိပ်သင့်၊ မသင့်ကို စိုးရိမ်ရင် သွေးဖောက်စစ်ကြည့်ပြီး သိနိုင်တယ်လို့ဆိုပါတယ်။ ယခုခေတ်မှာ အစားအသောက်တွေကို စီးပွားဖြစ် မူမမှန်တဲ့နည်းလမ်းတွေနဲ့ထုတ်လုပ်ကြလို့ စားစရာရှားလာပြီလို့ ဆိုနိုင်ပါတယ်။ အရာရာ သတိပြုစားသုံးကြပါ။

**အဆိပ်သင့်လျှင် (မည်သည့်အစာအဆိပ်မဆို)**

၁။ ကုန်းကန်စွန်း (သို့မဟုတ်) ကန်စွန်းရိုးနီကိုထောင်း အရည်ညှစ်ပြီး အကြမ်းပန်ကန်တစ်လုံးစာသောက်ပါ။

၂။ ကန်စွန်းရွက်ပြုတ်ရည်ကို မတ်ခွက်တစ်လုံးစာ နေ့စဉ်သောက်ပေးရင် ကြာရှည်မိထားသော အစာအဆိပ်ပြေစေပါတယ်။

၃။ ကန်စွန်းရွက်ကို အစိမ်းရောင်မပျက် နေ့စဉ်ကြော်ချက်စားပါကလည်း အဆိပ်သင့်တာက ကာကွယ်နိုင်ပါတယ်။

၄။ ကန်စွန်းဥ (အတွင်းသား ခရမ်းရောင်ရှိတဲ့ဥ)ကို ပြုတ်စားပါ။ အဆိပ်သင့်တာ၊ ဓာတ်ရောင်ခြည်သင့်တာတွေကနေ ကာကွယ်ပေးပါတယ်။ အဆိပ်ပြေစေတယ်လို့ ဆိုပါတယ်။

**ဆရာရှင့် ချိုင်းချွေးနံ့ဆိုးတဲ့ညီမလေးကို ဘာလုပ်ပေးရမလဲရှင့်။ အရွယ်နဲ့ မလိုက်အောင် ချွေးနံ့ဆိုးလို့ပါ။**



ဒုတ္တာခဲကို ရေဖျော်ပြီး ချိုင်းမှာ ပွတ်ပေးပါ။ (ပရဆေးဆိုင်မှာ ဝယ်ပါ။) တမာရွက်ခြောက်ကို ပြာချ၊ အဲဒီပြာကို ပေါင်ဒါမှုန့်နဲ့ရောပြီး ချိုင်းမှာပွတ်ပေးရင်လည်း ချွေးနံ့သက်သာပါတယ်။ ကျောက်ချဉ်ခဲကို ရေနဲ့သွေးပြီး ချိုင်းမှာ လိမ်းပေးရင်လည်း သက်သာစေနိုင်ပါတယ်။ တမာရွက်ပြုတ်ရည်နဲ့ တစ်ပတ်တစ်ကြိမ်လောက် ချိုးပေးရင် ကိုယ်ချွေးနံ့ကောင်းစေပါတယ်။

**သမီးအမေရဲ့သွားဖုံးမှာ အပူဖုလေးတွေဖြစ်နေတယ်။ အပူအစပ်စားလို့လည်း မရတော့ပါ။ ဖြစ်နေတာ နှစ်ပတ်လောက်ရှိပြီ။ ဆားရည်လည်း ငုံပါတယ်။ ပျောက်ကင်းအောင် ဆေးနည်းလေးပြောပြပါ။**

အပူကန်တာပါ။ မိုးတွင်းမှာ ခြေထောက်ရေစိုရင် ဖြစ်တတ်ပါတယ်။ သရက်သီးအစေးလောင်တာကြောင့်လည်း ဖြစ်တတ်ပါတယ်။ ပုဏ္ဏရိတ်ပန်းပင်အရွက်၊ အရိုးတံတွေပါ သုံးခွက်တစ်ခွက်တင်ပြုတ်ပြီး ငုံပေးပါ။ ဆားအနည်းငယ်ထည့်ပြုတ်ရင် ပိုကောင်းပါတယ်။ ထမင်းကိုရေငှဲ့ချက်ပြီး ထမင်းရည်ပူပူမှာ ဆားအနည်းငယ်ခပ်သောက်ပေးရင်လည်း အပူကန်နာတွေ သက်သာစေနိုင်ပါတယ်။ သဘော်သီးစိမ်းအညှာကထွက်တဲ့ အစေးကို ပျားရည်နဲ့ရောစပ်ပြီး တို့ပေးရင်လည်း သွားဖုံးအပူကန်နာတွေ ပျောက်ကင်းစေပါတယ်။



## မိုးရာသီ အထူးပရိုမိုးရှင်း ပြည်ပခရီးစဉ်များ

Mr. Myanmar

Singapore 750 USD | Korea 1360 USD | Japan 1990 USD

| | | | |
|---|---|---|---|
| 5D4N | Bangkok | - 520 USD | 7D6N China - 1350 USD |
| 5D4N | Chiangmai | - 590 USD | 5D4N HongKong - 1260 USD |
| 4D3N | Vietnam | - 450 USD | 6D5N Dubai - 1550 USD |
| 5D4N | Malaysia | - 590 USD | 8D7N Russia - 2800 USD |
| 5D4N | Penang-LKW | - 830 USD | 9D8N Australia - 3450 USD |
| 6D5N | Bali island | - 1100 USD | 10D9N England - 5100 USD |

GIORDANO
Special Present
*** For Selected Trips Only ***

Tel: 09972897722, 09972897733, 09799753144, 09799753155

**EASY DRIVE**
-မြို့တွင်း ကားမောင်းအမြန်ရက်တို အတတ်သင်ပေးသည်။
-ကားမောင်းသင်ထားပြီး မြို့တွင်း လမ်းမများပေါ် မမောင်းရဲသူများကို လည်း ပြန်လည်သင်ကြားလေ့ကျင့် ပေးသည်။ **ဖုန်း-၀၉-၂၆၄၈၀၇၆၉၉**

**Win Trade**
**ကုမ္ပဏီလီမိတက်မှတ်ပုံတင်မှုရင်း ပျောက်ဆုံးကြောင်း**
ကျွန်ုပ်၏ ကုမ္ပဏီလီမိတက်၏ မှတ်ပုံတင် မူရင်းသည် ၅-၆-၁၆ တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ ဒေါ်သူဇာသိန်း
ဖုန်း-၀၉၇၃၂၀၇၉၃၂

## ရွှေမင်းကံမိုးကုတ်ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄) ရပ်ကွက်၊ ဩဇာလမ်းရှိ မိုးကုတ်ဓမ္မရိပ်သာ၊ ရွှေမင်းကံကျောင်းတိုက်တွင် ပဓာနနာယက (သဒ္ဓမ္မဇောတိကဓဇ) မိုးကုတ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ၊ ဘဒ္ဒန္တကေသရ (ရွှေမင်းကံဆရာတော်)မှ ပဋိစ္စ သမုပ္ပာဒ်၊ ဒိဋ္ဌိဖြုတ် အလုပ်စဉ် သစ္စာလေးပါးတရားတော်များကို ၁၃-၈-၂၀၁၆ ရက်မှ ၁၉-၈-၂၀၁၆ ရက်အထိ ဟောကြားပြသမည် ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများသည် ၁၂-၈-၂၀၁၆ ရက်၊ ညနေ ၅ နာရီ ထက်နောက်မကျစေဘဲ အရောက်လာကြရန်

Henkel ဂျာမဏီမှ ထုတ်လုပ်သော စက်ပြင်လုပ်ငန်းနှင့် Workshop လုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် Loctite အမှတ်တံဆိပ်(၁) သံချေးချွတ်ဆေး (၂) Thread lock များ အပါအဝင် အခြား Loctite ပစ္စည်းများအား ဂိုဒေါင်ရှင်းစနစ်ဖြင့် Lot အလိုက် ရောင်းချမည်ဖြစ်ပါသည်။

40% Special Discount

**ဆက်သွယ်ရန် ၀၉- ၄၃၁၆၁၁၄၅၊ ၀၉ ၄၂၁၀၆၁၆၁၁၊ ၀၉- ၄၃၀၇၉၄၂၂၊ ၀၉ ၄၂၁၀၂၁၀၉၆၊ ၀၉ ၄၃၁၈၄၇၇၃**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာ သည့် M.V MODERN PEAK V.3 သင်္ဘောသည် ၇-၈-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်- ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## CCTV လုံခြုံရေး ကင်မရာ တပ်ဆင်ပေးခြင်း

"၂၅၀၀၀၀ ကျပ်" ၁နှစ် အာမခံ
Finger Print
"200000 ks"
1TB
"4CH 1.0M Package"
Link to Link
"ဖုန်း ဖြင့် စောင့် ကြည့်နိုင် ခြင်း"
"4CH 1.0M= 250000 ကျပ်"
"8CH 1.0M= 400000 ကျပ်"
"4CH 2.0M=350000 ကျပ်"
"8CH 2.0M=590000 ကျပ်"
အမှတ်၄၅၊A-21,ဈေးကြီးလမ်း၊ကြည့်မြင်တိုင် မြို့နယ်၊ရန်ကုန် 09-5040 292,09-78000 2014

## Epoxy Paint အမျိုးအစားသုတ်ဆေးဝယ်ယူရန် အချက်အလက်များ တောင်းခံခြင်း

တံတားအထူးအဖွဲ့(၈)မှ တာဝန်ယူတည်ဆောက်မည့် ရခိုင်ပြည်နယ် အတွင်းရှိ တံတားများတည်ဆောက်ရာတွင် အသုံးပြုရန်အတွက် Epoxy Paint အမျိုးအစားသုတ်ဆေးများ လိုအပ်လျက်ရှိပါသည်။ Epoxy Paint သုတ်ဆေး များကို ကွန်ကရစ်မလောင်းမီ သံချောင်းလုံးများ သံချေးမတတ်စေရန် ကြိုတင် ကာကွယ်ရန်အတွက် အသုံးပြုလိုခြင်းဖြစ်ပါသည်။

ပစ္စည်းပေးသွင်းလိုသူများအနေဖြင့် မိမိတို့၏ပစ္စည်းနှင့် ပတ်သက်သည့် အချက်အလက်အစုံအလင်ကို အောက်ပါ g.mail လိပ်စာသို့ ၁၅-၈-၂၀၁၆ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

g.mail လိပ်စာ bridgeconstructionunit8@gmail.com

## ရောင်းမည်

လှည်းကူး ပေ(၄၀×၆၀)သိန်း (၄၀)
သန်လျင် ဗိုလ်ချုပ်ရွာ ပေ(၄၀×၆၀) သိန်း(၁၀၀)
စက်ရုံမြေ ၂ ဧက ဆားမလောက်ကျေးရွာ
လှိုင်သာယာ-ညောင်တုန်းကားလမ်းမပေါ် တစ်ဧက သိန်း(၁၂၀၀)
**ဖုန်း-၀၉- ၇၉၆၇၉၆၂၄၈၊ ၀၉- ၇၈၈၆၅၁၂၆၊ ၀၉- ၇၈၀၃၈၆၅၀၅**

**နေလိစ်ခိုန်**
**အဆီကျဖိုက်ချပ်လိုသူများအတွက် ဖိုက်ချပ်လိမ်းဆေးအဆီကျသောက်ဆေး ယားနာလိမ်းဆေး**
တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပြီ၊ အမြို့မြို့အနယ်နယ်မှ ဆေးမျိုးစုံဆိုင်တိုင်း တွင် ရနိုင်ပါသည်။ ပင်ရင်း - Ph:01-200491, 09-5041238

# Future Mart

အား မကြာမီ ဖွင့်လှစ်မည် ဖြစ်ပါသည်။
လူသုံးကုန်ပစ္စည်းမျိုးစုံအား ရောင်းချပေးမည်ဖြစ်သောကြောင့်
ပူးတွဲလုပ်ကိုင်လိုသော စီးပွားရေးလုပ်ငန်းရှင်များ နှင့်
Supplier များ ဆက်သွယ်တွေ့ဆုံ ညှိနှိုင်းနိုင်ပါသည်။
အမှတ် (၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်း။
**Ph: 09-450015644, 09-255758939, 09-73231587**

FAME

အသက်အရွယ်ကြီးရင့်လာသောအခါ အရိုးအဆစ်များ တဖြည်းဖြည်းယိုယွင်းပျက်စီးလာသည့်အတွက် ဒူးနာခြင်း၊ ခါးနာခြင်းနှင့် အဆစ်အမျက်များ ရောင်ရမ်းနာကျင်ခြင်းစသည့် ဝေဒနာများကို မကြာခဏခံစားရလေ့ရှိပါသည်။

ထို့ကြောင့် သဘာဝအရင်းအမြစ်ဖြစ်သည့် ပုစွန်အခွံမှရသော ဂလူကိုစမင်း (Glucosamine) နှင့် ငါးမန်းအရိုးနုမှရသော ခွန်ဒရိုင်တင် (Chondroitin) တို့ ပေါင်းစပ်ပါဝင်သည့် Arthrotec® (အဆစ်အားဖြည့်ဆေး) ကို နေ့စဉ် သောက်သုံးခြင်းဖြင့် ကာကွယ်ပါ။

# SPECIAL PROMOTION

1st August - 31st August 2016




BUY5
GET1

အဆစ်အားဖြည့်ဆေး

- အရိုးအဆစ်များကို သန်မာကြံ့ခိုင်စေပြီး အဆစ်အမျက်ရောင်ရောဂါကို ကာကွယ်၊ ကုသရာ၌ အသုံးပြုနိုင်သည်။
- အားကစားသမားများ၊ အရိုးကျိုးပေါင်းရှိသူများ၊ အလုပ်ဒဏ်နှင့်အသက်အရွယ်ကြောင့် အရိုးတွင်း ချောဆီခန်းခြောက်၍ အရိုးအဆစ်ရောင်ရမ်းနာကျင်သူများ သောက်သုံးနိုင်သည်။

Ph: 09-96 555 9860
www.facebook.com/famepharma

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၆-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၈-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၈-၂၀၁၆ ရက်နေ့မှ ၇-၉-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစဉ်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀ိ/-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)(အခြေခံလစာ-၁၇၀၀၀၀ိ+အရည်အချင်းလစာ ၄၀၀၀ိ+ M.H.R.A ၁၀၀၀၀ိ=၁၈၄၀၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

MMID

**မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ နှင့် Master Developer MMID Public Co., တို့ ပူးပေါင်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် မန္တလေး-မြို့သာ စက်မှုဥယျာဉ် မြို့တော် စီမံကိန်းကြီး မှ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များအတွက် ရေရှည်ခိုင်မာသော အကျိုးဖြစ်ထွန်းနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများအတွက် သတင်းကောင်း**

(၁) MMID အများပိုင် ကုမ္ပဏီသည် Master Developer အဖြစ် ဤစီမံကိန်းကြီးကို နိုင်ငံတော် နှင့် ပြည်သူများအကျိုးအတွက် အဓိက ဦးတည်၍ မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ဦးစီးလမ်း ညွှန်မှုနှင့်အညီ ၂၀၁၃ ခုနှစ်မှစတင်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

(၂) ယခု အချိန်အခါမှာ ဤစီမံကိန်းကြီးတွင် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ တဖြည်းဖြည်း ဝင်ရောက်လာကာ စက်ရုံ အလုပ်ရုံများ တည်ဆောက်ပြီး လုပ်ငန်းများ စတင် လည်ပတ်နေပြီ ဖြစ်ပါသည်။ တစ်ပြိုင်တည်းတွင် ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်း Jetty Port ၌ မြန်မာ နိုင်ငံတွင် ပထမဦးဆုံး သော တန် (၅၀) Capacity ရှိသည့် Pontoon Crane barge တစ်ခုကိုလည်း တည်ဆောက်ပြီးဖြစ်၍ (၁၇-၇-၂၀၁၆) ရက်နေ့ တွင် ဧရာဝတီမြစ်ရေပေါ်သို့ အောင်မြင်စွာ တင်ပို့ ဆောင်ရွက်ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဧရာဝတီမြစ်ကြောင်းအတွင်း စက်တင်ဘာလ ပထမ အပတ်မှစတင်၍ 20 Ft & 40 Ft Container အထိ ကုန်တင် ကုန်ချလုပ်ငန်း များကို အများပြည်သူ များအတွက် ဝန်ဆောင်မှု အပြည့်အဝ ပေးနိုင်တော့ မည်ဖြစ်ပါသည်။ မန္တလေး-မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းကြီး တွင် ယခုခေတ် ကာလအလိုက် စက်မှုမြို့ တစ်ခု၏ အင်္ဂါရပ်များနှင့်အညီ ကမ္ဘာ့ အဆင့်မီ Championship Golf Course (၁၈) ကျင်းတစ်ခုကိုလည်း ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ကုန်တွင် တည်ဆောက်ပြီးစီးတော့မည်ဖြစ်ပါသည်။

(၃) ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်းနှင့် မြို့သာ စက်မှုဥယျာဉ်မြို့တော်သို့ ဆက်သွယ်ထားသည့် ပေ (၂၀၀) အကျယ် တိုးချဲ့ ဇရိယာအတွင်း အမြန်ဆုံးဖွံ့ဖြိုး တိုးတက်အောင်မြင် လာမည့် ဤစီမံကိန်းတွင် **ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှု အဖြစ် ပေ (၄၀ × ၆၀) မြေကွက်များတွင် စီးပွားရေး လုပ်ကိုင်ရန်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်သူများအတွက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၉) ရက် မှ စတင်ပြီး ရောင်းချ ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။**

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များ သိရှိလိုပါက အောက်ပါ လိပ်စာများသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

(၁) ရုံးချုပ် - (၅၁၄/၈) (၂၆)လမ်း၊ (၅၉ × ၆၀)လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ Ph : 09-784963326, 09-784963327

(၂) Information Center (IC) ရုံးခွဲ၊ A-1,A-2 (၆၂)လမ်း၊ ငွေတော်ကျိကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန် မြို့နယ်၊ မန္တလေးမြို့။ Ph : 09-33064896 , 09-33064897

(၃) အမှတ်(216/222)အခန်း(7-B) မဟာဗန္ဓုလလမ်းနှင့်ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph : 09-5168580

Website : www.mmidproject.com E.mail : info@mmidproject.com Mandalay Myotha Industrial Development

MMID အများပိုင်ကုမ္ပဏီ

NIVEA

**အဟောင်းပေးရင်း အသစ်ယူကြမယ်...**

ဩဂုတ် - စက်တင်ဘာ ၂၀၁၆




**25 ml** ဗူးခွံအတွက် **၅၀၀ကျပ်** လျှော့ပေးမည်

**50 ml** ဗူးခွံအတွက် **၁,၀၀၀ကျပ်** လျှော့ပေးမည်

**စည်းကမ်းချက်များ**

- ဤအစီအစဉ်တွင် ပါဝင်သော မြန်မာနိုင်ငံရှိ **NIVEA** အရောင်းဆိုင်များတွင် သာလဲလှယ်ခွင့်ရှိမည်ဖြစ်ပြီး **Promotion** ကာလမှာ ဩဂုတ် နှင့် စက်တင်ဘာ နှစ်လအတွင်းသာဖြစ်ပါသည်။
- တစ်ခါဝယ်လျှင် ဗူးခွံတစ်ခုသာအကျုံးဝင်မည်။
- **25 ml** (သို့မဟုတ်) **50 ml** အသစ်ဝယ်ယူလျှင်သာ အကျုံးဝင်သည်။
- ငွေသားဖြင့်လဲလှယ်ခြင်း မပြုပါ။ ယခင်ဝယ်ယူထားသော **NIVEA Roll-on** များအတွက် လျှော့ဈေးခံစားခွင့်မရှိပါ။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ကြော်ငြာ





အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး ချောင်းသာ/ ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559


### လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာန(ရုံးချုပ်)၊ ကြို့ကုန်းဝင်းအတွင်းရှိ အောက်ဖော်ပြပါ ပစ္စည်းဟောင်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်သည်-

(က) ပစ္စည်းအမျိုးအမည်-တာယာအဟောင်းများနှင့်ဘက်ထရီအဟောင်းများ

(ခ) လေလံတင်ရောင်းချမည့်

နေ့ရက်-၁၈-၈-၂၀၁၆၊ နံနက် (၉း၃၀)နာရီ

နေရာ - သစ်ထုတ်လုပ်ရေးဌာန(ရုံးချုပ်)၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့**
**သစ်ထုတ်ရေးဌာန**
**ဖုန်း-၀၁-၅၂၈၇၈၅**








Mega Ace Cineplex , JCGV နှင့် အခြားသောရုပ်ရှင်ရုံများတွင် (5.8.2016) မှစတင် ပြသတော့မည်ဖြစ်ပါသည်။




SAMSUNG
Galaxy Note7
ကျပ်
၈၀,၀၀၀
ခန့်တန်ဖိုးရှိ လက်ဆောင်များ
ဈေးနှုန်း - ၉၂၀,၀၀၀ ကျပ်
စတင်ရောင်းချခြင်း အထူး အစီအစဉ်
21st August 2016 ( တစ်ရက်တည်းသာ )
ရန်ကုန်မြို့ - Myanmar Plaza
မန္တလေးမြို့ - Sedona Hotel
ကျပ် ၈၀,၀၀၀ ခန့်တန်ဖိုးရှိ လက်ဆောင်များ အပြင်
( Samsung 32" TV အလုံး ၅၀၀ မဲဖောက်သွားမည် )
KBZ Bank Pre Order ၆ လ အရစ်ကျ အစီအစဉ်
5th August 2016 မှ 18th August 2016 အထိ
Pre-Order လက်ခံမည့် နေရာ - KBZ ဘဏ်ခွဲများ
ကျပ် ၈၀,၀၀၀ ခန့်တန်ဖိုးရှိ လက်ဆောင်များ ပါဝင်သည်
အရေအတွက် အကန့်အသတ်ရှိသည်
Premium Care For Galaxy Note7
ဖုန်းမျက်နှာပြင်မတော်တဆကွဲပါက ၂၀၁၇ စက်တင်ဘာလ ကုန်အထိ အိမ်တိုင်ရာရောက် လာယူ/ပြန်ပို့ ပြီး ပထမအကြိမ် အခမဲ့ ပြုပြင်ပေးခြင်း
samsungmobilemyanmar
samsungmyanmar
samsungmyanmar
Call Center
01 2399 888
(Mon-Sun)
8AM to 6PM

စိတ်ကူးချိုချိုစာအုပ်တိုက် ၁၇နှစ်ပြည့်အမှတ်တရ

# ဈေးလျှော့နှုန်း စာအုပ်ရောင်းပွဲ

**တစ်ဦးချင်း ၂၀% ကိုယ်စားလှယ် ၃၀%**

၅.၈.၂၀၁၆ (သောကြာနေ့)မှ ၁၇.၈.၂၀၁၆ (ဗုဒ္ဓဟူးနေ့ထိ)၊ နံနက် ၉ နာရီမှ ညနေ ၅း၃၀နာရီထိ။

အဏ္ဏဝါမဏ္ဍာရုံ၊ ကြားတောရလမ်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်၊ ဗဟန်း။

လက်ဆောင်များ၊ အမှတ်တရများနှင့် အထူးထုတ်စာအုပ်များ

ကျော်အောင်စံထားဆရာတော်ဘုရားကြီး/ဝေါဟာရတ္ထပကာသနီ၊ မှော်ဘီဆရာသိန်းကြီး/ပေါ်ရာဏာဒီပနီပေါင်းချုပ်၊ ပုပ္ပါးဦးကျော်ရင်/ကဝိဘာရတီကျမ်းပေါင်းချုပ်၊ သခင်ကိုယ်တော်မှိုင်း/လေးချိုးပေါင်းချုပ်(၃တွဲ)၊ ဦးနု/ပြဇာတ်ငှပုဒ်၊ ဦးညာဏ/ဗမာသစ်ပြဇာတ်၊ သူရိယကန္တိ/ဝတ္ထုရေးလိုသော်၊ မလိခ/မြန်မာစာပေအဘိဓာန်(ပထမတုပ်)၊ မန်းတင်/ထိုသုံးနှစ်နှင့်အခြားဝတ္ထုတိုများ၊ မဟာဆွေ/ဒါတို့ပြည်၊ ဇော်ဂျီနှင့်မင်းသုဝဏ်/ခရီးသည်ပေါသစ်/အလှရာတော်ပုံ(၂)၊ နိုင်ဝင်းဆွေ/ညအသချေနှင့်အချစ်ည၊ သော်တာဆွေ/လူတုံခန်းဝါဘဝသရုပ်ဖော်ဝတ္ထုတိုများ၊ နတ်နွယ်/တက္ကသိုလ်နှင့်ပြင်ပကမ္ဘာ၊ ဒေါက်တာသန်းထွန်း/ခေတ်ဟောင်းခေတ်သစ်ရာဇဝင်၊ ဇော်ဇော်အောင်/မကြည်ပြာနှင့် ယုဇနမခင်မျို စသည့် အထင်ကရ ၁၇၊ ကန်တော်မင်ကျောင်းမေတ္တာစာ၊ ဩဝါဒထူးမျိုး၊ တေးထပ်ပေါင်းချုပ်၊ မွေ့နွန်းရကန်၊ ဦးပုညဏ်ဝတ္ထု၅ပုဒ်၊ သီပေါမင်းအတ္ထုပ္ပတ္တိ၊ မန္တလေးရတနာပုံရွှေနန်းတော်ကြီးအကြောင်း၊ မောင်းထောင်ဦးကျော်လှသံချိုကဗျာလက်ရွေးစင်၊ ရခိုင်မင်းသမီးဇချင်း၊ ဒေဝကုမ္မာန်ပြဇာတ်၊ ၁၂ ရာသီဘွဲ့လူးတား၊ အာသံနိုင်မော်ကွန်း၊ မင်းကုသကွက်စိပ်၊ နတ်သျှင်နောင်ရတုပေါင်းချုပ်၊ ပုဏ္ဏောဝါဒဋီကာ၊ သုဓမ္မစာရီပြတ်ထုံး၊ ဘိုင်ချင်းနှင့်အခြားမြန်မာကဗျာအဖွဲ့များ စသည့် မြန်မာစာပေအမွေအနှစ်အရေးအဖွဲ့ ဂန္ထဝင် ၁၇၊ ကြည်အေး၊ ခင်ဆွေဦး၊ မိုးကျော့၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မြတ်သင်း၊ မြိမ့်သိ၊ ကြူးနစ်၊ နုနုရည်(အင်းဝ)၊ ခင်မြဇင်၊ ညီပုလေး၊ နင်းဇေငြိမ်း၊ မခင်လေး၊ ပန်းရိပ်ဖြူ၊ ကျူရိုကြည်နိုင်၊ မောင်ကိုကို(အမရပူရ)၊ မောင်ရင်မာ(ကျောင်းကုန်း)တို့၏ ဝတ္ထုနှင့် အက်ဆေး ၁၇ အုပ်၊ ကိုလေး(အင်းဝဂုဏ်ရည်)၊ သစ္စာနီ၊ မအိ၊ မင်းထက်မောင်၊ မိုယ်းဇော်၊ မောင်သိန်းဇော်၊ ဇေယျာလင်း၊ ခရမ်းပြာထက်လူ၊ မြင့်မိုးအောင်၊ နိုင်းဝင်းမြင့်၊ ဝင်းမြင့်၊ မောင်နီဦး၊ လူအိမ်၊ ကိုရွှေ၊ မောင်စီလာ၊ ကြည်ဇော်အေး၊ ငွေးကြည်(စလင်း)တို့၏ ကဗျာနှင့် ကဗျာဆိုင်ရာ ၁၇ အုပ်နှင့် ရွှေဥဒေါင်း၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေး၊ ဒဂုန်ခင်ခင်လေး၊ ကိုပညာ(အမရပူရ)၊ သုမောင်၊ မောင်စင်ကြယ်၊ ထက်မြက်၊ အောင်သူ(မန်းတက္ကသိုလ်)၊ ကျော်သက်ဟန်၊ ဆူးငှက်၊ လေးကိုတင်၊ မောင်ရန်ပိုင်၊ ကျော်ဖြူစံ၊ သန်းဝင်းလှိုင်၊ ဂျူ၊ အောင်မြတ်ငွေ၊ စာဆိုမှူးကြီးဦးသိန်းတန်၊ မိုးဇက်ပိုင်၊ ဂျာကြီးတို့၏ စာအုပ်များနှင့် ထူးခြိမ်သင်တောပေါင်းချုပ် စသည်ဖြင့် . .

---

**ထက်လူ** ခရီးသွားလုပ်ငန်း

(Aug.12)

Ph: 09-73193817,09-254855582.

---

**GOLDEN STAR** ခရီးသွားလုပ်ငန်း

- တောင်ကြီး - မန္တလေး - ပြင်ဦးလွင် Aug-12
- ပုဂံ(ရွှေစည်းခုံ) - ပုပ္ပါး - ပရက္ကူ Aug-12

ကျိုက်ထီးရိုး/ရောင်းသာ/ငွေဆောင်

Ph: 209200, 544383, 430480, 09-5081580

---

**သုံးရာသီ** ဗမ္ဘဒါန

တောင်ကြီး၊ မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား

420144148, 421153797

---

**ရွှေခေါင်းလောင်း**

ရွှေတောင်မြန်းပွဲတော်ပင်းနှစ်ပါးချီးရေတော်သုံးပွဲတော်

Exp Air-con

Ph : 254499128, 09 255857899, 09 451127809

---

မြေကွက်များရောင်းရန်ရှိသည်

ပေ(၄၀×၆၀)

၆၅ သိန်း-သိန်း ၇၀

ပဲခူး-ရန်ကုန် လမ်းမဘေး

လှည်းကူးမြို့

ဖုန်း-၀၉-၇၉၉၉၄၀၇၀၁

ဖုန်း-၀၉-၇၉၉၉၄၀၇၀၂

---




---

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မှ

ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့်CAFEO-34သို့

တက်ရောက်ရန် ဖိတ်ခေါ်ခြင်း

၂၀၁၆ခုနှစ်၊နိုဝင်ဘာလ(၂၁)ရက်မှ(၂၄)ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ၊ Palawanမြို့တွင် ကျင်းပမည့် 34th Conference of the ASEAN Federation of Engineering Organizations(CAFEO-34) ညီလာခံသို့ တက်ရောက်လိုသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အသင်းဝင်များနှင့် CMC Company အသင်းဝင်များသည် ၂၀၁၆ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့ နောက်ဆုံးထားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ တက္ကသိုလ်များ(လှိုင်နယ်မြေ)၊ လှိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁-၅၁၉၆၇၃-၆ (လိုင်းခွဲ-၂၁၃)၊ ၀၁-၅၁၉၈၅၄ သို့ ဆက်သွယ်စုံစမ်း စာရင်း ပေးသွင်းနိုင်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

---

**စိုးခံ (လင်း) ကုမ္ပဏီ**

(open daily) (ရုံးချုပ်) မှ ရောင်း/ငှားမည်

| | | | |
|---|---|---|---|
| ၁။ကျောက်ကုန်းလမ်းမပေါ် | (50x70) | 2RC | 15000L |
| ၂။ဗဟန်း၊ဓမ္မစေတီလမ်း | (70x80) | 2RC | 14700L |
| ၃။မဟာစည်သာသနာ့ရိပ်သာ | (5655Sqft) | မြေ | 12000L |
| ၄။ရန်ကင်း၊ပြည်သာယာ | (50x70) | 1½RC | 10000L |
| ၅။မရမ်းကုန်း၊ကန်ရိပ်သာလမ်း | (65x55) | 1RC | 9950L |
| ၆။ကမာရွတ်၊လှည်းတန်းအနီး | (40x80) | မြေ | 9000L |
| ၇။(၈)မိုင်၊ရွှေနှင်းဆီ | (43x70) | 1½RC | 6000L |
| ၈။ပါရမီ၊မဥ္ဇူလမ်း | (40x60) | မြေ | 4500L |
| ၉။သဃင်းကျွန်း၊မလိခအိမ်ရာ | (2611Sqft) | မြေ | 4100L |
| ၁၀။အင်းစိန်၊ကြို့ကုန်း | (40x60) | 1RC | 2700L |
| ၁၁။တ/ဥ၊ငွေကြာယံ | (20x60) | 2BN | 2600L |
| ၁၂။သုဝဏ္ဏ၊VIP-II | (30x70) | မြေ | 2250L |
| ၁၃။တ/ဥ၊အင်းဝလမ်း,အုတ်ခံ | (30x60) | မြေ,ကွက် | 2150L |
| ၁၄။မရမ်းကုန်း၊အင်းစိန်လမ်းသွယ် | (20x60) | 2BN | 1700L |
| ၁၅။လှိုင်၊ရွာမကျောင်းလမ်း | (23x40) | မြေ | 1500L |

"ငှားမည်"

| | | | |
|---|---|---|---|
| ၁။အင်းယားလမ်းအနီး | (100x150) | 2RC A/C,ပြင်ပြီး | US6500 |
| ၂။(၇)မိုင်၊မောင်ဇီဝိတ်အိမ်ရာ | (80x80) | 2RC B3,ပြင်ပြီး | US6500 |
| ၃။ဗဟန်း၊ဖိုးစိန်လမ်း | (80x85) | 2RC ပြင်ပြီး | US3000 |
| ၄။ရန်ကင်း၊သုခဝတီ | (57x100) | 2RC (ရုံးခန်းကောင်း) | 40L |
| ၅။ပါရမီ Residance | (70x70) | 1RC M1,B2,ပြင်ပြီး | 22L |

☎-510600, 510950, 09 5185534, 09 5173690, 09 5040160

---

ထန့်ကွက်နိုင်ကြောင်းကြေညာချက်

ကြေးအိုးကြီး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (YCDC လိုင်စင်အမှတ်-၅၁၉)မှ ဆောက်လုပ်ပြီးစီးပြီး ကုမ္ပဏီအနေဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု သိရှိရသည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊မေတ္တာလမ်းပေါ်ရှိ အဆောက်အဦး အမှတ်(၈၈)၏(၄)လွှာဘယ်နှင့်ညာ(၂)ခန်းအား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံဖြင့် (၇)ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်မွန်ဦး (၀၉-၄၉၂၉၄၄၈၅၊ ၀၉-၇၉၅၉၇၈၃၃၁)

အမှတ်(၇)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

---

**မူးယစ်ဆိုက ဆန့်ကျင်ကြ**

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်သန်းသန်းဆွေ(ခ)ဒေါ်ခင်မမ

နေပြည်တော်၊ ပျဉ်းမနား၊ မင်္ဂလာရပ်

### အသက်(၇၀)

ကျေးဇူးရှင်မိခင်ကြီး ကွယ်လွန်သွားသည်မှာ ၅-၈-၂၀၁၆ရက်တွင် (၁)လတိတိပြည့်သွားသော်လည်း တစ်နေ့မှ မေ့မရပါ။

နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုကို မြင့်မြတ်တဲ့ ဘုံဘဝမှ သိရှိပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်သားသမီးများ**
- **ဦးစိုးမင်း-ဒေါ်အေးအေးမိုး**
- **ဦးလှိုင်မြင့်-ဒေါ်ဝင်းဝင်းလှ**
- **မနီနီစန်း**
- **(ကိုဇော်ဇော်နောင်)-မကြည်ကြည်မွန်**
- **ကိုဇော်ဇော်မောင်**
- **ကိုနန္ဒအောင်-မကြည်ကြည်သဲထက်**

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်သန်းသန်းဆွေ(ခ)ဒေါ်ခင်မမ

နေပြည်တော်၊ ပျဉ်းမနား၊ မင်္ဂလာရပ်

### အသက်(၇၀)

အဘွားရဲ့စေတနာ၊ မေတ္တာ၊ ကူညီစောင့်ရှောက်ပေးမှုတွေကြောင့် အဘွားရဲ့ မြေးနဲ့သားတွေ ဆေးကျောင်းတက်နေပြီလေ---

မြေးတွေ၊ သားတွေရဲ့ နားကြပ်တစ်ချက်မထောက်ရ၊ ဆေးတစ်ခွက်မတိုက်ရ၊ ဆေးတစ်လုံး မထိုးလိုက်ရဘဲ ပီတိတွေပိုက်ပြီး ထွက်သွားပြီနော်--

အဘွားမြင့်မြတ်တဲ့ ဘုံဘဝမှာ ကြည်နူးမှုတွေ ရင်မှာပိုက်ပြီး အေးချမ်းစွာ ခံစားနေမယ်လို့ ယုံကြည်ပါတယ်။

**အဘွားကျေးဇူးတွေကို အမြဲသတိရလျက်**
**ထူးလွင်ပိုင်အောင် မေမေ**

### ဒေးဒရဲအသင်းသက်ကြီးကန်တော့ခံ
## ဦးအောင်သန့် (၈၅)နှစ်
**(ဒေးဒရဲ)**

ဒေးဒရဲမြို့၊ အိုးဘို (၁)လမ်းနေ (ဦးပန်းခိုင်-ဒေါ်ချစ်)တို့၏ သား၊ ဒေါ်သန်းရှင်၏ ခင်ပွန်း၊ [ဦးဦးခိုင် (ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး)]-ဒေါ်မြင့်မြင့်ဦး၊ ဒေါ်မင်းမင်းသန့် (အထပြ၊ အထက-၁၊ ဒေါပုံ)ဒေးဒရဲအသင်းဝင်(၁၆၇၁)၊ ဦးဝေမြင့်မောင်၊ ဦးဝေတင့်နောင်၊ ဦးဝေတင့်အောင်တို့၏ ဖခင်သည် ၃၁-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၆ ရက်တွင် ဒေးဒရဲအောက်ပိုင်းသုသာန်၌ မီးသဂြိုဟ်ပြီးစီးကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအပ်ပါသည်။ဒေးဒရဲအသင်းအမှုဆောင်အဖွဲ့

## ဖခင်အမည်မှန်

အထက(၂) လှိုင်သာယာ၊ တက္ကသိုလ်ဝင်တန်း(P)မှ မအေးမြသူ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်းအောင်[၁၄/ဇလန(နိုင်)၁၁၀၆၂၆] ဖြစ်ပါသည်။

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

အနန္တကျေးဇူးရှင် Engr. ဦးသန်းမြင့် (ဒုအင်ဂျင်နီယာချုပ်-မြန်မာ့မီးရထား P.PMES, Ex Chairman BEI, Ex Chairman CQHP) ကွယ်လွန်ခဲ့သည်မှာ ၃-၈-၂၀၁၆ရက်တွင် တစ်နှစ်ပြည့်ခဲ့ပြီ။ ရက်တွေ၊ လတွေ ကုန်သွားသော်လည်း တစ်နေ့မှမေ့မရပါ။ လစဉ်၊ နေ့စဉ်ပြုပြုသမျှ ကုသိုလ်တွေကိုလည်း အမြဲအမျှပေးဝေပါတယ်။ ကိုကို(အဖေကြီး)ရောက်ရာ ဘုံဘဝမှာ သာယာချမ်းမြေ့ပါစေ။ မေ်တို့မိသားစုပြုသမျှ ကုသိုလ်တွေကို အမြဲတစေ သာဓုခေါ်ဆိုနိုင်ပါစေ။ ကိုကိုရေ အမျှ အမျှ အမျှ။

လွမ်းဆွတ်တမ်းတခြင်းများစွာဖြင့်

**ကျန်ရစ်သူ-ချစ်ဇနီးမေ်**
**ဒေါ်ခင်သိန်းကြည်နှင့် ချစ်သားသမီးမြေးများ အေးရိပ်မွန်မိသားစု**

## (၁၀)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အောင်မေတ္တာ(၁)လမ်းသွယ်၊ အမှတ်(၉၉)နေ (ဦးမန်းနီး)-ဒေါ်အင်ဒရာနီတို့၏သား၊ ပါသီပန်(ခ) မောင်သိန်းB.Sc (Physics)-မကေသီထွန်းB.A(Geo)၊ မူတူး- မနီလာ B.A(Eco)၊ (မောင်သိန်းနှင့်ညီများ ဂျပန်ကားပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေးကြီး) မဆဲလ်ဂီ-(ကာလီမူသူး)၊ မယစိုသား-ဆေဂရ်တို့၏ညီမောင်၊ Dr ပရေမာ B.Sc(Hons),M.Sc, M.Res, Ph.D(Demonstrator, Department of Chemistry, University of Yangon)၊ မောင်အယာအူ(ခ)ဆူရေးစ်တို့၏ အစ်ကို၊ မောင်ပြည်သိမ်းခိုင် 2nd year MBBS (SRM University, Chennai Area, Tamil Nadu, India)၊ မောင်ဟိန်းထက်ဇော်+ 2 (Saythu Baskar School, Chennai, Tamil Nadu, India)၊ မမြသရဖီကျော် KG (ISM, International School of Myanmar)၊ မပွင့်သီဂီကျော်တို့၏ဦးလေး မောင်အူမာပသီး(ခ) မောင်ဇော်လင်းအောင်(ခ)မောင်ပိန် Final year(Maths) အသက်(၂၈)နှစ်သည် ကွယ်လွန်ခဲ့သည်မှာ ၅-၈-၂၀၁၆ (သောကြာနေ့)တွင် (၁၀) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ သားလေးကိုရည်စူး၍ ပြုသမျှ ကုသိုလ်အလှူဒါန အစုစုကို ရောက်ရာ ဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိန်လင်း (၆၁)နှစ်
**ဗမာသစ်စိန်ရွှေရတနာနှင့်သက်န်းရောင်းဝယ်ရေး(အင်းစိန်ဈေး)**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ်ကျေးရွာနေ (ဦးကျော်လင်း-ဒေါ်တင့်စိန်)တို့၏သား၊ (ဦးစိုးမောင်-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ (ဦးတင် ဝင်း)-ဒေါ်ရှုတီဝ-(ဒေါ်ခင်ငြိမ်း)၊ဦးကျော်ဇေယျ-ဒေါ်နုနုရီ၊ (ဒေါ်မြင့်မြင့်စိန်)တို့၏ညီ/မောင်၊ ဦးဖြိုးအောင်-ဒေါ်ယဉ်ယဉ်အေးတို့၏အစ်ကို၊ မြေး ၁၂ယောက်တို့၏အဘိုး၊ အင်းစိန်မြို့နယ်၊ဘုရင့်နောင်လမ်းမ၊ အမှတ်(၇၈/B) နေ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်းသည် ၁-၈-၂၀၁၆(တနင်္လာနေ့) နံနက် ၈း၄၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ (PRARAM-9)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆(အင်္ဂါနေ့)တွင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) တွင် အမှတ်(၇၈/B) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## တစ်နှစ်ပြည့်အောက်မေ့သတိရခြင်း

၃-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော ဘဘဦးသန်းမြင့် (မြန်မာ့မီးရထား၊ ဒုအင်ဂျင်နီယာချုပ်) မိဘသဖွယ်ချစ်ခင်အားကိုးရပါသော ကျေးဇူးရှင်ဘဘတစ်ယောက်မြင့်မြတ်သော ဘုံဘဝမှ အများအကျိုး ဆက်သယ်ပိုး၍ နေထိုင်နိုင်ပါစေ။

**မမြရီ-မိသားစု**
**မြန်မာ့မီးရထား**

## ကိုဗညားနောင်(ခ)ကိုသားကြီး (တောင်ငူ) (၃၆)နှစ်

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ အမှတ်(၄၅၆)၊ သမိန်ဗရမ်းလမ်းနေ ဦးသင်းကြူ (ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်သန်းဝင်းတို့၏သားကြီး၊ မုံရွာမြို့နေ ဦးသန်းထွန်းအောင်-ဒေါ်ချိုချိုဇင်တို့၏ သားသမက်၊ မမီမီဇင် (လက်ထောက်မန်နေဂျာ၊ MOB ဘဏ်၊ တောင်ငူ)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုတေဇာနောင်-မဖြူအိမွန်၊ ကိုအာကာနောင်-မဝင်းဝင်းထွေး၊ ကိုစိုင်းညီညီချစ်-မသင်းသီရိစုတို့၏အစ်ကိုကြီး၊ ကိုဗညားနောင်(ခ) ကိုသားကြီးသည် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါ နေအိမ်မှ တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရှူဝါ(ခ)ဒေါ်လိုစွန်းဝါ
အသက်(၇၈)နှစ်
**ထားဝယ်**

Special Style Photo & Electronics (Nikon)မှ ဦးမောင်မောင်ဝင်း (Managing Director)-ဒေါ်စုစုရီတို့၏ ချစ်လှစွာသောအစ်မ၊ မစန်းဉမ္မာ (General Manager)၏ ချစ်လှစွာသော မွေးသမိခင် ဒေါ်ရှူဝါ(ခ)ဒေါ်လိုစွန်းဝါ အသက် (၇၈)နှစ်သည် ၁-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၃း၅၀နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မောင်အေး (Computer Color Lab)**
**ဦးအေးလွင်(ရွှေစင်ပုံနှိပ်တိုက်)**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Pa Khen Sawm Tuang (Steven Vocal Band)
**အသက်(၃၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ စစ်တောင်းရိပ်မွန်၊ ပဲခူးမြစ်လမ်း၊ တိုက်(၂၉)၊ အခန်း(၁၀၁)နေ Rev.Dr.Sian Za Lal (Zogam Lalpu)-Nu Lam Za Cing တို့၏သားဦး၊ Nu Vung Sian Huai ၏ ချစ်လှစွာသောခင်ပွန်း၊ သမီး Lia Cing Sian Zem ၏မွေးသဖခင်၊ Dr. Cin Lam Mang,Lia Man Deih Kim, Lia Don Sian Lun တို့၏ ချစ်လှစွာသော အစ်ကိုကြီး Pa Khen Sawm Tuang (Tua Tuang) သည် ၂၈-၇-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ၄း၁၅နာရီတွင် Portland, Oregon,USA တွင် ရုတ်တရက် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်၌ အောက်မေ့ဖွယ်ဝတ်ပြုအစည်းအဝေး ပြုလုပ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဦးသိမ်စစ်
### အသက်(၆၈)နှစ်

အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးသိမ်စစ်သည် ၂-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေလင်းအောင်-ဒေါ်သင်းသင်းစိုး**
**(မိသားစု)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရှူဝါ(ခ)ဒေါ်လိုစွန်းဝါ
အသက်(၇၈)နှစ်
ထားဝယ်

Special Style Photo & Electronics (Nikon)မှ ဦးမောင်မောင်ဝင်း (Managing Director)-ဒေါ်စုစုရီတို့၏ ချစ်လှစွာသောအစ်မ၊ မစန်းဉမ္မာ (General Manager)၏ ချစ်လှစွာသော မွေးသမိခင် ဒေါ်ရှူဝါ(ခ)ဒေါ်လိုစွန်းဝါ အသက် (၇၈)နှစ်သည် ၁-၈-၂၀၁၆(တနင်္လာနေ့) နံနက် ၃း၅၀နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Golden Orchid Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်စိန်စိန်
### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇/၄)၊ မြဝတ်ရည်လမ်း၊ (ဆ/ခ)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးမောင်မောင်သွင်(ငြိမ်း)၏ဇနီး၊ ဦးမြတ်သွင် (ဒု-ညွှန်မှူး)၊ ဦးဦးသွင်(ဒု-ညွှန်မှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်စိန်စိန်သည် ၂-၈-၂၀၁၆ ရက် မွန်းလွဲ ၁း၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်သန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)နှင့်**
**ဒေါ်ခင်ဌေးမြင့်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဦးသိမ်စစ်
### အသက်(၆၈)နှစ်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါ အထူးကုဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ အသည်းရောဂါ အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဦးသိမ်စစ်သည် ၂-၈-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးပညာဌာန တပ်မတော်ဆေးတက္ကသိုလ်**

## ဦးမောင်ဌေး(ခ)ဝမ်းယန်ကွမ်း
### အသက်(၇၆)နှစ်
**တုာကျိုးကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် (၅၁)၊ ဗားဂရာလမ်းနေ (ဦးမောင်ချို-ဒေါ်ပွန်နန်း)၊ (ဒေါ်ငွေသင်)တို့၏သားထွေး၊ (ဦးကိုခွေး-ဒေါ်မြသန်း)၊ [ဦးမောင်လေး(ခ)ဝမ်းယန်ကျန်း] တို့၏ညီ၊ ဒေါ်ဝင်းမြင့် (ကြည့်/ညဈေး)၊ ဦးယုရှိန်၊ဒေါ်တင်ရီ(အထက-၂၊ အလုံ)၊ ဒေါ်ခင်ကြည်၊ ဒေါ်တင်ကြည်(ခ)မစူး (ကြည့်/ညဈေး)၊ ဒေါ်တင်မြင့်၊ မကြူကြူလှိုင်တို့၏ချစ်လှစွာသော ဦးလေးသည် ၂-၈-၂၀၁၆(အင်္ဂါနေ့) နံနက် ၈ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမ အာရှာဘီ(ခ)
## ဒေါ်မြင့်မြင့်စန်း (၇၆)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ်(၂၀၈)၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်နေ [HJ စလေမန်မူဆာအာဇမ်(ခ)ဦးရွှေ-HJ မရှရီဖာဘီ(ခ)ဒေါ်မြညွန့်]တို့၏သမီး ချွေးမ၊ မော်လမြိုင်မြို့နေ (ဦးအာဂျင်း ဘပိုးရီးယား-ဒေါ်မာမူဒါ)တို့၏သမီး၊ [HJ မာမွတ်အာဇမ် (ခ) ဦးလှမြင့်] (သမ္မတဟိုတယ်)၏ဇနီး၊ HJဦးခင်မောင်လတ်-HJမဒေါ်ခင်သီတာ၊ HJ ဦးခင်မောင်ထွန်း- HJမဒေါ်ယဉ်ယဉ်ဦး၊ HJ ဦးညီညီ-HJမဒေါ်စန္ဒာအောင်၊ ဦးကျော်နိုင်-ဒေါ်နီလာတို့၏မိခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက် တို့၏အဘွား ဟာဂျီမ အာရှာဘီ (ခ) ဒေါ်မြင့်မြင့်စန်းသည် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပြီး ယင်းနေ့ညနေ အဆွဲရ်နာမာဇ်အပြီး ရေဝေးကဘာတ်စတန်၌ ဒွါဖနာ ပြုလုပ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/အေ၊ မြေကွက်အမှတ်၈(က)၊ ဧရိယာ၁. ၀၇ ကေအနက်မှ(၀. ၀၈၂)ကေ၊ မြေကွက်အမှတ် ၉(က)၊ ဧရိယာ၀. ၇၉ကေအနက်မှ (၀. ၁၅၅)ကေ မြေကွက်တည်နေရာအမှတ်(၁၆)၊ သုခလမ်း၊ ရှမ်းစုရပ်ကွက်၊ ပျဉ်းမပင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ အမည်ပေါက် အစိုးရ(ပြည်သူ့အိုးအိမ်အဖွဲ့)မြေနှင့် အခွန်တော်ဌာန စာအမှတ်-၆၄/ဥတ-၁၇/၆၃(၃၁-၅-၆၅)(အရသိမ်း)၊ မြေအမျိုးအစားG'က'မြေအား ဒေါ်နီနီခိုင်[၇/ညလပ(နိုင်)၁၀၅၉၈၇]၊ ဦးသိန်းဝင်း[၇/ညလပ(နိုင်)၁၀၀၇၇၆]မှ မြေကွက်နှင့်နေအိမ် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး အပြီးအပိုင် အရောင်းအဝယ် စာချုပ်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် (၆၀)မြေငှား(စာချုပ်)ဂရန် လျှောက်ထားလာရာဌာနမှ မြေချပါမစ်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အုန်းကျင်
### အသက် (၈၅) နှစ်

သူငယ်ချင်း ဦးစီးအရာရှိ (စုံစမ်းရေး) မောင်မောင်စိုး-ဒေါ်နီနီခင်တို့၏ မိခင်ဖြစ်သူသည် ၃၁-၇-၂၀၁၆ ရက်တွင် ပုသိမ်မြို့၌ ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် မိခင်ကြီး ကောင်းရာ ဘုံဘဝသို့ ရောက်ရှိစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စုံစမ်းရေးလက်ထောက်(၁၉၈၈)လူမှုရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးအောင်စိန်(ငြိမ်း)
### အသက် (၇၄)နှစ်
**လဝက ညွှန်ကြားရေးမှူး(ငြိမ်း)**
**စစ်တက္ကသိုလ်အမှတ်စဉ်(၇)**

စစ်သူနာပြုအရာရှိလောင်း သင်တန်းအမှတ်စဉ် (၁၅)မှ ဗိုလ်ကြီးခိုင်ဉမ္မာအောင်(ငြိမ်း) (ခေတ္တ-ဩစတြေးလျ)၏ချစ်လှစွာသောဖခင် ဗိုလ်မှူးအောင်စိန်(ငြိမ်း)သည် ၂၈-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်သူနာပြုအရာရှိလောင်းသင်တန်း**
**အမှတ်စဉ်(၁၅)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

မြဝတီဘဏ်လီမိတက်(တာချီလိတ်)မှ အကြီးတန်းငွေကိုင် ကိုမျိုးညီညီလှိုင် အသက် (၂၈)နှစ်သည် ၂-၈-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**
**မြဝတီဘဏ်လီမိတက်**

## သွေးသည်အသက်

# အရေးပေါ်ကာလစီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာများရေးဆွဲရာတွင် ပြည်သူလူထုဘေးကင်းလုံခြုံရေးကို ဦးတည်ချက်အဖြစ်ထားရှိ

## အသွင်ကူးပြောင်းစနိုင်ငံအနေဖြင့် အရေးပေါ် စီမံခန့်ခွဲမှုမှာ အကောင်းဆုံးကိုမျှော်လင့်ထားပြီး အဆိုးဆုံးအတွက်လည်းပြင်ဆင်





အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက အသုံးပြုမည့် ရေအမြောက်မော်တော်ယာဉ် (Water Cannon) သရုပ်ပြမှုကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် သြဂုတ် ၄

**အရေးပေါ်ကာလအခြေအနေများကို စီမံခန့်ခွဲရာတွင် ပြည်သူများဘေးကင်းလုံခြုံရေးအတွက် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို အလေးထားကာကွယ်စောင့်ရှောက်ရန်ဆိုသည့်မူဝါဒကို အမြင့်ဆုံးဦးစားပေးအဖြစ်ထားရှိပြီး စနစ်တကျစီမံခန့်ခွဲသွားရန်ဖြစ်ကြောင်း အရေးပေါ်ကာလစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့

## တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် သြဂုတ် ၄**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်တောင်ရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသားအသင်းလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသားအသင်းလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီး အသင်းကလည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

ထို့နောက် အမျိုးသမီးအသင်းလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် **စာမျက်နှာ ၉ ကော်လံ ၄ သို့**




၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် နှစ်ကြိမ်ဆက် ပထမဆုရရှိခဲ့သည့် ထိုင်းအမျိုးသမီးအသင်းအား ချန်ပီယံဆုဖလားနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-စိုးညွန့်) (သတင်း၊ စာမျက်နှာ-၉)

